
www.burmeseclassic.com
တက္ကသိုလ်
ဝင်းကြွယ်
ရွှံ့ကြွယ်နှင့် ကိုယ်ပျောက်သိုင်းသမား
ပထမပိုင်း
BURMESE CLASSIC .com
လျိုယုစိမ်း၏ ဝင်းသိန်း ကျန့်
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## ရူပံကြွယ်နှင့်ကိုယ်ပျောက်သိုင်းသမား

ပထမပိုင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်းသည် အသက်ငယ်ရွယ်သော်လည်း ကိုယ်ခန္ဓာ အချိုးအဆစ် အလွန်ကြည့်ကောင်းသည်။ သန်မာထွားကျိုင်းပြီး ကြံ့ခိုင်မှုလည်းရှိ၏။ ၁၂ နှစ်သားအရွယ်မှစ၍ ထုပင်း ၏ မိဘသဖွယ် အားကိုး၍ကြီးပြင်းလာခဲ့ရသည်။ ထို့တူ ထုပင်းကလည်း စုဟုန်လင်းကိုသနားပိုခဲ့သည်။

သူသည် လူပျိုကြီးတစ်ယောက်ဖြစ်သော်လည်း စုဟုန်လင်းကို သားအရင်းတစ်ယောက်လို ကျွေးမွေးစောင့်ရှောက်ခဲ့ရုံသာမက သူတတ်မြောက်ထားသောသိုင်းပညာကိုလည်း မခြွင်းမချန် ခြောက်နှစ်လုံးလုံးသင်ကြားပေးခဲ့သည်။

စုဟုန်လင်းသည် လွန်ခဲ့သောခြောက်နှစ်က မိမိ၏မိဘနှစ်ပါးကို ရန်သူမန်ချူးများက ရက်ရက်စက်စက်သတ်ဖြတ်သည်ကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရသူဖြစ်သည်။ ထို့ကြောင့် မန်ချူးများဆိုလျှင် အရိုးထဲ အသားထဲက ရွံမုန်းနေသူဖြစ်၏။ ယခု သူသည် ထုပင်း၏ မြင်းကို စီးကာချုပ်ခိုရှာသို့လာခဲ့၏။

တစ်ကြိမ်တစ်ခါမှမမြင်ဘူးသေးသည့် လန်စီကျင်းဆိုသည့် မိန်းကလေးကို ရှာဖွေစောင့်ရှောက်ထားရမည့်တာဝန်ဖြင့် ရောက်လာခဲ့ခြင်းဖြစ်ပေသည်။

***

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်းသည် လမ်းခရီးတစ်လျှောက်လုံး အလွှာပေါင်းစုံမှ လူပေါင်းစုံကိုတွေ့မြင်ရ၏။ ဥဒဟိုသွားလာနေကြသောမန်ချူးတို့ကိုလည်းမြင်တွေ့နေရသည်။ မန်ချူးများကိုတွေ့ရသောအခါ ရင်ထဲမှ ကြီးမားသောအစိုင်အခဲကြီးတစ်ခုသည် ရင်တစ်ခုလုံးတင်းကျပ်နေအောင် ဝေဒနာခံစားလိုက်ရသည်။ သို့သော် သူသည် အောင့်အည်း၍ မျိုသိပ်ထားလိုက်သည်။ ယခု... သူ၏အသွင်သည် မရှိဆင်းရဲသားတောသားလေးတစ်ဦး အသွင်သာဖြစ်သည်။

ထို့ကြောင့် စုဟုန်လင်းကို မည်သူတစ်ဦးတစ်ယောက်ကမှ စိတ်ဝင်စားခြင်းမရှိကြပါပေ။ စုဟုန်လင်းသည် သုံးဦးတိတိကိုမေးမြန်းပြီးသောအခါ ချုပ်ခိုရွာသို့ရောက်ရှိလာတော့သည်။

ထို့နောက် သူသည် စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်လိုက်သည်။

"ဘာစားမလို့လဲဟေ့"

ဆိုင်တာဝန်ခံဟုထင်ရသောလူတစ်ယောက်က စုဟုန်လင်းကိုမေးလိုက်၏။

"တစ်ခုခုတော့စားပါ့မယ်ဗျာ၊ ဒါပေမဲ့ သိချင်တာလေး တစ်ခုတော့ အရင်မေးပါရစေ"

ဆိုင်တာဝန်ခံက မျက်မှောင်ကြုတ်၍ကြည့်လိုက်သည်။

"ဘာသိချင်တာလဲ"

စုဟုန်လင်းက ခပ်ဆိုင်းဆိုင်းကလေးစဉ်းစားပြီးမှ....

"ဒီလိုပါဗျာ... ဆရာတို့ရဲ့တည်းခိုခန်းမှာ လန်စီကျင်းဆိုတဲ့ မိန်းကလေးများရှိသလားလို့ပါ"

ဆိုင်တာဝန်ခံက စုဟုန်လင်းအား ဆတ်ခနဲ တစ်ချက်ကြည့်ကာ....



"အဲ့ဒီမိန်းကလေးက မင်းနဲ့ဘာယ်လိုပတ်သက်နေလို့လဲ"

စုဟုန်လင်း ရုတ်တရက် ဘာအဖြေပေးရမှန်းမသိ။

သို့သော် ကြာကြာမစဉ်းစားဘဲ....

"ကျွန်တော့်မိတ်ဆွေပါ"

ဆိုင်တာဝန်ခံသည် စုဟုန်လင်းအား မနှစ်မြို့ဟန်ဖြင့်ကြည့်ကာ နှာခေါင်းရှုံ့လိုက်သည်။

"မင်းမိတ်ဆွေဆိုရင်တော့ ပြောရမှာ ဝမ်းနည်းပါတယ်၊ တကယ်တော့ မင်းတို့က လူကောင်းတွေမှမဟုတ်ဘဲ"

စုဟုန်လင်း အံ့သြသွားသည်။ သူသိထားသည်မှာ လန်စီကျင်းသည် ဒုက္ခရောက်နေသောမိန်းကလေးဖြစ်သည်။

"လန်စီကျင်းက ဘာဖြစ်လို့လဲခင်ဗျ"

ဆိုင်တာဝန်ခံသည် စုဟုန်လင်းအား စကားဆက်လက်ပြောဆိုချင်စိတ်ရှိပုံ မရတော့ပါ။

"ကဲ... မောင်ရင်လေး မင်းတို့ကိစ္စတွေ ငါလဲမသိဘူး၊ အဘိုးကြီးတစ်ယောက်က ကောင်မလေးကို မြင်းလှည်းနဲ့ခေါ်လာတယ်၊ နောက် အဘိုးကြီးက ကောင်မလေးကို ဒီမှာထားခဲ့ပြီး မြင်းလှည်းမောင်းထွက်သွားတယ်၊ နောက်တစ်နေ့မှာ လူသုံးယောက်လိုက်လာပြီး မြင်းလှည်းခိုးလာတယ်ဆိုပြီး ကောင်မလေးကိုဖမ်းသွားတယ်... ဒါပဲ ငါသိတယ်"

စုဟုန်လင်း အံ့အားသင့်သွား၏။ သူသိထားသည်မှာ သူ့မွေးစားဖခင်၏ဆရာ ဆရာကြီးကတ်ရှုဝါးသည် ဒုက္ခရောက်နေသော လန်စီကျင်းအမည်ရှိမိန်းကလေးကို ချုပ်ခိုရွာရှိတည်းခိုခန်းတစ်ခုသို့ပို့ဆောင်ထားသည်။ ထိုမိန်းကလေးကိုခေါ်ယူစောင့်ရှောက်ရန် ဆရာကြီးကတ်ရှုဝါးသည် ထုပင်းထံအကြောင်းကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထုပင်းသည် အဆိုပါမိန်းကလေးအား စောင့်ရှောက်ရန် စုဟုန်လင်းကိုစေလွှတ်လိုက်ခြင်းဖြစ်သည်။ ယခု သူစောင့်ရှောက်ရမည့်မိန်းကလေးသည် မြင်းလှည်းသူခိုးဖြစ်သည်ဟု ဆိုလာချေပြီ။ သူသည် ဘာဆက်လုပ်ရမှန်းမသိတော့ဘဲ စိတ်ပျက်လက်ပျက်ဖြင့် ဆိုင်ထဲမှထွက်လာခဲ့လေတော့၏။

***

"မောင်လေး... ခဏ"

စုဟုန်လင်း ဆိုင်ထဲမှပြန်ထွက်လာစဉ် စားပွဲတစ်လုံးမှခေါ်သံကြား၍လှည့်ကြည့်လိုက်သည်။

အမျိုးသမီးတစ်ဦး...

အသက်ကအတော်အတန်ရနေပြီဖြစ်သည်။ သို့သော် သူမ၏မျက်နှာတွင် အမွှေးနံ့သာများခြယ်သထားသောကြောင့် အရွယ်တင်သည်ဟုဆိုရမည်ဖြစ်သည်။

"ထိုင်စမ်းပါဦး ကောင်လေးရဲ့"

သူမက ဖော်ဖော်ရွေရွေ ဖိတ်ခေါ်နေသဖြင့် စုဟုန်လင်းသည် ကုလားထိုင်၌ဝင်ထိုင်လိုက်သည်။

"မင်းနာမည်ဘယ်လိုခေါ်သလဲ"

"မင်းကိုကြည့်ရတာ တောင်ယာလုပ်တဲ့လူတစ်ယောက်နဲ့တူတယ်... ဟုတ်လား"

"ဟုတ်ပါတယ်"

စုဟုန်လင်းသည် စကားမရှည်လို၍ ခပ်လွယ်လွယ်ပင် ခေါင်းညိတ်အဖြေပေးလိုက်သည်။ အမျိုးသမီးသည် စုဟုန်လင်းကို ကြည့်၍ပြုံးနေသည်။ သူမ၏အမူအရာမှာ စားသောက်ဆိုင်ထဲတွင်ရှိနေသောလူများကို လုံးဝဂရုမစိုက်သည့်ပုံစံမျိုးဖြစ်၏။





"ဒီမှာ မောင်လေး"

"ဟုတ်ကဲ့ ပြောပါ"

"မင်းလာရှာတာ လန်စီကျင်းဆိုတဲ့မိန်းကလေး မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ... သူက ကျွန်တော့်မိတ်ဆွေပါ"

သူမက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါပြီ... မင်းရဲ့မိတ်ဆွေပဲထားပါတော့... လန်စီးကျင်း ဒီကိုလာတာ မြင်းလှည်းတစ်စီးနဲ့လာတာ... ဒါပေမဲ့ သူတို့စီးလာတဲ့မြင်းလှည်းက လုယူလာတဲ့မြင်းလှည်းဆိုတော့ ပိုင်ရှင်တွေက လိုက်လာတာပေါ့၊ ဒီ ရောက်တော့ မြင်းလှည်းကိုမတွေ့ရပေမဲ့ စီးလာတဲ့ လန်စီကျင်းကိုလဲတွေ့ရော ဖမ်းသွားကြတယ်ဆိုပါတော့ကွယ်"

အမျိုးသမီးက စိတ်ပါလက်ပါရှင်းပြသည်။

"မြင်းလှည်းပိုင်ရှင်ဆိုတာက ဘယ်သူလဲမမ"

စုဟုန်လင်းကမေးသည်။ သူမ ဖြေကြားမည့်ဆဲဆဲမှာပင် လူတစ်ယောက်က သူမကိုလှမ်းခေါ်သည်။

"ချယ်ရီ..."

သူမက လှည့်ကြည့်၍ စုဟုန်လင်းကို ခေတ္တစောင့်ဆိုင်းရန် လက်ဟန်ခြေဟန်ဖြင့်ပြကာ ထသွားတော့သည်။ စုဟုန်လင်းမှာ ရင်မောစွာဖြင့်ကျန်ခဲ့ပြန်သည်။ အချိန်အတော်ကြာအောင် ထိုင်စောင့်ပြီးမှ ချယ်ရီ ဆိုသည့်အမျိုးသမီးကြီး သူ့ထံသို့ပြန်ရောက်လာသည်။

သူမကိုကြည့်ရသည်မှာ စိတ်မောလူမောဖြစ်လာသည်ဟု ထင်မိလိုက်သည်။

"မောင်လေး စောင့်ရတာပျင်းနေပြီလား"

"မပျင်းပါဘူးမမ"

www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီက စားပွဲပေါ်ကြည့်လိုက်သည်။ သူမ ဝယ်ခြမ်းထားသည့်အရက်အိုးနှင့်စားစရာများမှာ သည်အတိုင်းပင်ရှိနေသည်ကို တွေ့ရသောအခါ စုဟုန်လင်းကို စိတ်မကောင်းစွာဖြင့်ကြည့်လိုက်လေသည်။

"ဟင်... မင်း ဒါတွေကို ဘာလို့မစားတာလဲ မောင်လေးရယ်"

"မမစားဖို့မှာထားတာ မဟုတ်လား"

"မမစားဖို့မှာထားပေမဲ့ မင်းစားစေချင်လို့ မမက တမင်တကာထားခဲ့တာပဲ၊ ကဲ... စားလိုက်စမ်းပါဦး"

စုဟုန်လင်းက စားစရာများကို စားသောက်ဖို့ထက် မိမိသိချင်သည့်ကိစ္စကိုသာ အလောတကြီးမေးလိုက်သည်။

"မမ မြင်းလှည်းပိုင်ရှင်တွေကဘယ်သူလဲဟင်၊ ကျွန်တော် လန်စီကျင်းနောက်ကို လိုက်သွားချင်လို့ပါ"

ချယ်ရီ သက်ပြင်းတစ်ချက်ချလိုက်၏။

"အကောင်းဆုံးကတော့ မောင်လေး အဲ့ဒီကိုလိုက်မသွားရင် အကောင်းဆုံးပဲ"

"ဟင်... ဘာဖြစ်လို့လဲမမ"

"ဘာဖြစ်လို့လဲဆိုတော့ ကျားလက်ဝါးကုမ္ပဏီဟာ သူ့မြင်းလှည်းနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ ချမ်းသာမပေးတတ်လို့ပါ"

"ကျွန်တော် မလိုက်လို့မဖြစ်ဘူးမမ"

ချယ်ရီက စုဟုန်လင်းအားမျက်မှောင်ကြုတ်၍ကြည့်ကာ...

"မင်း မမစကားကိုမယုံလို့လား"

"ယုံပါတယ်မမ... ဒါပေမဲ့ လန်စီးကျင်းကိုစောင့်ရှောက်ရမဲ့တာဝန် ကျွန်တော့်မှာရှိနေတယ်"



"စောင့်ရှောက်ရမဲ့တာဝန်ဟုတ်လား... အဲ့ဒီတာဝန်ကို ဘယ်သူကပေးလိုက်တာလဲ၊ ဒါထက်နေပါဦး... မင်းနဲ့ လန်စီကျင်းက တော်တော်ရင်းနှီးနေကြလို့လား"

"ရင်းနှီးနေတယ်ဆိုပါတော့မမရယ်၊ ဒါနဲ့ အဲ့ဒီ ကျားလက်ဝါးကုမ္ပဏီကို ကျွန်တော်ဘယ်မှာတွေ့နိုင်မလဲဟင်"

ချယ်ရီသည် သက်ပြင်းတစ်ချက်ချ၍ စုဟုန်လင်းကိုစိတ်ပျက်သလိုမျော့ကြည့်လိုက်ပြီး....

"ပြောမရရင်လဲ မင်း သွားကြည့်ဦးပေါ့၊ ကံကောင်းရင်တော့ လန်စီကျင်းနဲ့တွေ့မှာပဲ၊ မင်း ဟောဒီလမ်းမကြီးအတိုင်းသွား လမ်းဆုံးတဲ့အခါ ညာလက်လမ်းအတိုင်းဆက်သွားရင် အုန်းပင်တွေ အများကြီးရှိတဲ့ရွာကလေးတစ်ရွာကိုရောက်လိမ့်မယ်၊ အဲ့ဒီအုန်းတောမှာ ကျားလက်ဝါးဆိုတာတွေ့မှာပဲ"

"ကျေးဇူးတင်ပါတယ် မမ... ကျွန်တော် သွားလိုက်ပါဦးမယ်"

"ကောင်းပြီလေ... မင်း ကံကောင်းပါစေလို့ မမ ဆုတောင်းပါတယ်၊ ဒါထက် အကူအညီတစ်ခုခုလိုလာရင် မမ ဒီမှာအမြဲရှိနေမယ် ကြားလား"

"ဟုတ်ကဲ့... ကျွန်တော်မှတ်ထားပါ့မယ်"

***

www.burmeseclassic.com

www.burmeseclassic.com



မြင့်မားသောအုန်းပင်ကြီးများ စုဝေးပေါက်ရောက်နေသဖြင့် ထိုရွာကလေးကို အုန်းတောရွာဟု ခေါ်ဆိုကြသော်လည်း အမှန်အားဖြင့် လူနေအိမ်ခြေများများစားစားမရှိပါ။

တဲသာသာဆောက်လုပ်ထားသော အိမ်ကလေး လေးငါးလုံးခန့်သာရှိသည်။ ကြီးကြီးမားမားဆို၍အိမ်တစ်လုံးသာရှိ၏။

ထိုအိမ်ကား ကျားလက်ဝါးဟု အမည်ရထားသည့်ကုမုထိဆိုသူ၏ အိမ်ပင်ဖြစ်သည်။

ကျားလက်ဝါး....

ထိုအမည်ကို ကုမုထိရရှိထားသည်မှာ အဆန်းတော့မဟုတ်ပါ။ သူ၏လက်ဝါးကြီးများသည် သာမန်လူထက် အနည်းငယ်ပိုမိုကြီးမားကျယ်ပြန့်၏။ သူသည် လက်ဝါးသိုင်းပညာကိုတတ်ကျွမ်းသည့်ပုဂ္ဂိုလ်ကြီးဖြစ်သည့်အားလျော်စွာ သူနှင့်ယှဉ်ပြိုင်တိုက်ခိုက်သူသည် သူ၏လက်ဝါးရိုက်ချက်မမိအောင် သတိကြီးစွာထားရသည်။

အကယ်၍ ရှောင်တိမ်းချိန်မရဘဲရိုက်မိပါက သူ၏လက်ဝါးရာကြီးသည် သူ၏ကျောပြင် သို့မဟုတ် ရင်ဘတ်တွင် အထင်းသားပေါ်လွင်သွားရုံမက အသက်ပါဆုံးရှုံးသွားရ၏။

ကံကောင်းထောက်မ၍ မသေသည့်တိုင်အောင် နှစ်ရှည်လများဝေဒနာခံစားသွားရမည်ဖြစ်၏။ ထို့ကြောင့် သိုင်းလောကတွင် သူ့ကို ကျားလက်ဝါးဟုကင်ပွန်းတပ်လိုက်ကြခြင်းဖြစ်သည်။

သူသည် ပန်းပဲလုပ်ငန်းလုပ်ကိုင်သူ ဖြစ်၏။ ပန်းပဲလုပ်ငန်းမှာ နားရသည်မရှိအောင် အလုပ်များပြားလှ၏။ ကုမုထိ၏မိတ်ဆွေနှစ်ယောက်မှာ ကွေ့စူးနှင့်ပေါက်ခူးယုံဆိုသူများ ဖြစ်၏။ သူတို့သုံးယောက်သည် သူငယ်ချင်းမိတ်ဆွေများဖြစ်သကဲ့သို့ စိတ်တူသဘောတူ သိုင်းသမားများလည်းဖြစ်ကြ၏။



ကုမုထိသည် စကားပြောကောင်းပြီး စိတ်ရှည်သလောက်မတရားမှုကိုရွံမုန်းသည်။ ရက်စက်ပြီဆိုလျှင်လည်း ကမ်းကုန်အောင်ရက်စက်တတ်သူဖြစ်၏။

ကွေ့စူးက ထိုသို့မဟုတ် ဒေါသအလွန်ကြီး၏။ ထစ်ခနဲရှိလျှင် ဓားဆွဲ၍တိုက်ခိုက်ရသည်ကို အလွန်နှစ်သက်သဘောကျသူဖြစ်၏။ ပေါက်ခူးယုံကလူတစ်မျိုး။ စကားပြောအလွန်ရိုင်း၏။ တစ်ဖက်သားကို မခံချင်အောင်ပြောတတ်သည်။ သူတို့သုံးဦးထဲတွင် အငယ်ဆုံးလည်းဖြစ်သည်။

လွန်ခဲ့သောရက်သတ္တပတ်အတွင်းကဖြစ်သည်။

ပေါက်ခူးယုံကပစ္စည်းများပို့ပြီးအပြန်တွင် ဆရာကြီးကတ်ရှူဝါးနှင့်လမ်းတွင်တွေ့ဆုံမိခဲ့၏။ ပေါက်ခူးယုံသည် ဆရာကြီးကတ်ရှူဝါးအား သာမန်အဘိုးကြီးတစ်ဦးထင်ကာ မထီလေးစားပြောဆိုသောကြောင့် ကတ်ရှူဝါးကကိုင်ပေါက်ပြီး မြင်းလှည်းကိုယူသွားခဲ့သည်။

ပေါက်ခူးယုံဒေါသဖြစ်သွာဖြင့် အိမ်သို့ရောက်ရှိလာသည်။

ကုမုထိနှင့်ကွေ့စူးက အကျိုးအကြောင်းမေးမြန်းသည့်အခါ အဘိုးကြီးတစ်ယောက်နှင့်အမျိုးသမီးတစ်ယောက်က လုယူသွားကြောင်းကို အမှန်အတိုင်းပြောပြသည်။ ထိုအခါ သူတို့သုံးဦးစလုံး မြင်းလှည်းသွားရာနောက်သို့ခြေရာခံပြီး လိုက်သွားကြရာ ချပ်ခိုရွာသို့ရောက်ရှိသည်။ မြင်းလှည်းကိုမတွေ့ရသော်လည်း ပေါက်ခူးယုံကမိန်းကလေးကိုမှတ်မိပြီး တည်းခိုခန်းမှဆွဲခေါ်လာခဲ့ကြလေသည်။

လန်စီကျင်းသည် ကြောက်အားလန့်အားနှင့်လိုက်ပါလာခဲ့သည်။ ကုမုထိက အကျိုးအကြောင်းကိုမေးသည်။ လန်စီကျင်းကသူမ၏ဘဝကို တစ်ချို့အမှန်အတိုင်း တစ်ချို့ကိုဖုံးကွယ်ပြီးအဖြေပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ဒုက္ခရောက်နေတဲ့မိန်းကလေးပါရှင်… စိတ်ညစ်လို့ရေထဲခုန်ချမယ်အလုပ်မှာ ကျွန်မ မသိတဲ့အဘိုးအိုက ကယ်တင်ပြီး မြင်းလှည်းနဲ့ခေါ်သွားတာပါ"

ကုမုဒ္ဒါကသေချာဂရုစိုက်နားထောင်နေသည်။ မိန်းကလေးသည် တစ်စုံတစ်ရာကို အမှန်ပင် ကြောက်ရွံ့နေကြောင်း ကုမုဒ္ဒါ ရိပ်စားမိသည်။

"နင့်နာမည်ပြောစမ်း"

"စီကျင်း…."

"နင့်မိဘတွေကကော"

"ကျွန်မငယ်ငယ်ကတည်းက သေဆုံးသွားကြပါတယ်ရှင်"

လန်စီကျင်းသည် မည်သူ့ကိုမှမယုံရဲတော့သဖြင့် အမှန်အတိုင်း မပြောဘဲ ဖုံးကွယ်လိုက်လေသည်။

"နင် ဘာဖြစ်လို့ စိတ်ညစ်တာလဲ"

"ကျွန်မမှာ အားကိုးရာမရှိတော့ လူ့လောကမှာလဲ မနေချင်တော့လို့ပါ"

ကုမုဒ္ဒါသည် မိန်းကလေးကိုကြည့်၍သနားသွားမိသည်။

သူ၏သမီးအရွယ်ကလေးသာရှိသော မိန်းကလေးကို ရက်ရက်စက်စက်မဆက်ဆံချင်ပါ။

သို့သော် ပေါက်ခူးယုံက လုံးဝမကျေနပ်။

"ဒီမှာ နင်ငါ့ကိုမညာနဲ့… တိုက်ခိုက်သွားတဲ့အဘိုးကြီးက ဘယ်သူလဲ… မှန်မှန်ပြော… သူ အခုဘယ်ကိုသွားသလဲ"

"အဲဒီအဘိုးကြီးဟာ ကျွန်မအသက်ကိုကယ်တာကလွဲပြီး ဘယ်သူဘယ်ဝါဆိုတာမသိပါဘူးရှင်… ဘယ်ကိုထွက်သွားတယ်ဆိုတာလဲ မသိပါဘူး"



"အဲ့ဒီအဘိုးကြီးက သိုင်းသမားလား"

"ကျွန်မ ခဏလေးပဲတွေ့ရတာ ဘယ်လိုလုပ်ပြီး အကဲခတ်လို့ရမှာလဲ"

ကုမုဒ္ဒါကဝင်၍….

"နေစမ်းပါဦး… မင်းကိုတိုက်ခိုက်ပြီး လှည်းကိုလုသွားတာလား"

ပေါက်ခူးယုံက ခေါင်းကိုမညိတ်ချင်ညိတ်ချင်နှင့်ညိတ်လိုက်သည်။

"အဲဒါကောမှန်သလား မိန်းကလေး"

"ဒီလိုတော့မဟုတ်ပါဘူးရှင်၊ မြင်းလှည်းအားသလား… ဘယ်သွားမှာလဲလို့ အဘိုးအိုကမေးတယ်… ဒါပေမဲ့…."

လန်စီကျင်းက အမှန်ပြောချင်သော်လည်း ပေါက်ခူးယုံကို ကြောက်ရွံ့သဖြင့် စကားကိုဖြတ်လိုက်သည်။

ဘေးမှာနားထောင်နေသောကွေ့စူးက….

"ဒီမှာ ကလေးမ… အမှန်အတိုင်းပြောစမ်းပါ၊ အဘိုးကြီးက ဘယ်သွားမလဲမေးတော့ သူကဘာပြန်ပြောသလဲ"

"သူက… သူက စော်ကားတဲ့စကားပြောလိုက်လို့ သူ့ကို မြင်းလှည်းပေါ်ကကန်ချပြီးမောင်းသွားတာပါ"

လန်စီကျင်း စကားဆုံးသည်နှင့် ကွေ့စူး၏လက်တစ်ဖက်သည် ပေါက်ခူးယုံ၏ဖက်ပိုးကိုရိုက်ချလိုက်သည်။

"ဖုန်း…."

ပေါက်ခူးယုံ လည်ထွက်သွား၏။

"ငါထင်သားပဲ… မင်းပါးစပ်က တစ်ဖက်သားမခံချင်အောင် သိပ်ပြောချင်တဲ့ကောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဪ... မင်းကဒီလိုလား"

"ဟုတ်တယ်... ဒီလိုပဲ မင်းကတဆိတ်ရှိ သိပ်ပြီးတိုက်ခိုက်ချင်တော့ ငါကလဲ အရုပ်ကလေးမဟုတ်ဘူးကွ၊ မင်းလိုကောင်မျိုး အရေကျိုသောက်ပစ်လိုက်မယ်"

နှစ်ယောက်စလုံး အခြေအနေတင်းမာသွားကြသည်။

ကုမုဒ်ထိက အလယ်မှရပ်တန့်လိုက်သည်။

"ဟေ့ကောင်နှစ်ကောင်... တော်တော့၊ တစ်ယောက်ကလဲ မခံချင်အောင်ပြောတဲ့နေရာမှာ ထိပ်ဆုံးကပဲ... ကွေ့စူးကလဲ ထစ်ခနဲဆို တိုက်ခိုက်ဖို့ပဲစိတ်ကူးနေတယ်၊ နောက်တော့လဲ ဘာမှဟုတ်တာမဟုတ်ဘူး"

ကုမုဒ်ထိက လူကြီးတစ်ယောက်၏လေသံဖြင့် ပြန်ဖြေလိုက်ရာ နှစ်ယောက်စလုံးငြိမ်သွားကြတော့၏။

***

မြင်းလှည်းကိုပြန်မရသေးသည်က တစ်ကြောင်း၊ အဘိုးအိုမည်သူမည်ဝါမှန်း မသိရသေးသည့်အပြင် မြင်းလှည်းဖြင့် မည်သည့်ဒေသသို့ခရီးထွက်နေမှန်းလည်းမသိရသေးသဖြင့် ကုမုဒ်ထိသည် လန်စီကျင်းအား ခေတ္တခဏခေါ်ထားရန်စိတ်ကူးပြီး ထမင်းချက်သည့်အဘွားကြီးထံအပ်နှံထားလိုက်သည်။

သို့သော် နောက်တစ်နေ့တွင် ပြဿနာက ပေါ်လာတော့သည်။ အကြောင်းမှာ လန်စီကျင်းအား ကောင်းမွန်စွာနေရန် ပြောကြားသော်လည်း သူမသည် အကြောက်လွန်ကာ ထိုညမှာပင် အိမ်မှထွက်ပြေးသွားခြင်းကြောင့်ဖြစ်သည်။

မိန်းကလေးမရှိမှန်း မနက်ကျမှသိရသည်။ ကုမုဒ်ထိသည် ထမင်းချက်အဘွားကြီးကိုပြစ်တင်ပြောဆို ကြိမ်းမောင်းသည်။





ထိုအခါ ကွေ့စူးက....

"အို... ဒီကိစ္စက ဘာဖြစ်လို့လဲ၊ သူ့ဟာသူ ထွက်ပြေးသွားတာ ဘာတတ်နိုင်မှာလဲ... ဒီမိန်းကလေးကလဲ ခပ်ရှုပ်ရှုပ်ထဲကနေ့ တူပါတယ်ကွာ"

"အို... မင်းကဘာသိလို့လဲ... သူ့ဟာသူ ရှုပ်တာမရှုပ်တာက အကြောင်းမဟုတ်ဘူး၊ သူ့ကို တို့ခွဲခေါ်လာတာ ချပ်ခိုစွာ တည်းခိုခန်းကသိတယ်ကွ၊ အဘိုးကြီးက မြင်းလှည်းနဲ့ပြန်လာပြီး ဒီကလေးမကိုမေးရင် ဘယ်လိုဖြေမလဲ"

"အမှန်အတိုင်းဖြေလိုက်ရုံပေါ့... ဒါမှ မကျေနပ်လို့ ချချင်ရင်လဲ ချကြတာပေါ့"

ကွေ့စူးက ထုံးစံအတိုင်းပြောသည်။ ကုမုဒ်ထိသည် စကားမရှည်ချင်၍ သက်ပြင်းတစ်ချက်ချကာ ပါးစပ်ပိတ်ထားလိုက်သည်။

ထိုအချိန်မှာပင် ပန်းပဲဖိုရှေ့သို့ မြင်းတစ်ကောင်နှင့်လူငယ်တစ်ဦးရောက်ရှိလာသည်ကို တွေ့လိုက်ရတော့သည်။

***

ကုမုဒ်ထိတို့သုံးဦးသားသည် မြင်းပေါ်မှလူငယ်ကို အကဲခတ်ကြည့်လိုက်သည်။ လူငယ်သည် မြင်းပေါ်မှဆင်းကာ ပန်းပဲဖိုသို့ ဝင်လာ၏။

"ကျွန်တော် ကုမုဒ်ထိနဲ့တွေ့ချင်လို့ပါဗျာ"

ကုမုဒ်ထိက ရှေ့သို့လှမ်းထွက်လာသည်။

"ဘာကိစ္စလဲကွ... ကုမုဒ်ထိဆိုတာငါပဲ"

လူငယ်သည် ကုမုဒ်ထိအပါအဝင် သုံးယောက်စလုံးကို အကဲခတ်ကြည့်လိုက်၏။

ပြီးမှ....

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါဗျာ... လန်စီကျင်းဆိုတဲ့မိန်းကလေး ဒီမှာရောက်နေတယ်ကြားလို့ပါ"

"မင်းကို ဘယ်သူကပြောလိုက်သလဲ"

ကုမုထိကမေးသည်။

"ချပ်ခိုရှာတည်းခိုခန်းက ပြောပါတယ်"

"ငါ့မြင်းလှည်းကကော ဘယ်မှာလဲ"

ထိုစကားကိုပေါက်ရူးယုံကဝင်မေးလိုက်၏။ ယင်းမေးခွန်းကို လူငယ် ရုတ်တရက်မဖြေနိုင်ပါ။ စုဟုန်လင်းသည် ထိုကဲ့သို့မေးလာလျှင် မည်ကဲ့သို့ပြန်ဖြေရမည်ဆိုသည်ကို လမ်းခရီးတွင် စဉ်းစားမိခဲ့သော်လည်း နဖူးတွေ့ တွေ့ကြသောအခါ ရုတ်တရက် မဖြေတတ်ပေ။ စုဟုန်လင်း စိတ်ထဲတွင် ချယ်ရီပြောလိုက်သည့်အတိုင်း ကျားလက်ဝါးကုမုထိတို့လူစုသည် လူမိုက်များဖြစ်သည်ဟုဆိုထားသောကြောင့် ယှဉ်ပြိုင်တိုက်ခိုက်ဖို့သာ စိတ်ထဲမှထင်မှတ်ထားသည်။

"မြင်းလှည်းဘယ်မှာဆိုတာတော့ ကျွန်တော်မသိဘူးဗျ၊ ကျွန်တော့်တာဝန်က လန်စီကျင်းကိုစောင့်ရှောက်ဖို့ပဲ"

ကွေ့ရူးတို့၏နားထဲတွင် တစ်မျိုးဖြစ်သွားသည်။ လက်ယားနေသောကွေ့ရူးက ရှေ့သို့နှစ်လှမ်းမျှတိုးထွက်လာပြီး....

"ဒီမှာချာတိတ်... မင်းစကားပြောတာ နည်းနည်းကြမ်းမနေဘူးလား"

"ကျွန်တော်မှန်တာကိုပြောတာပဲ... ခင်ဗျားတို့က ကြမ်းတယ်လို့ထင်တာတော့ မတတ်နိုင်ဘူး"

"အံမာ... မင်းကအလာကြီးပါလား၊ ငါ့ပညာလေး နည်းနည်းတော့ မင်းယူသွားသင့်တယ်"

ကွေ့ရူးသည် သူ၏ဗီဇအတိုင်း စုဟုန်လင်းဖက်ပိုးဆီသို့





ဖြတ်ရိုက်လိုက်၏။

"ဖြောင်း...."

စုဟုန်လင်း ခါးကိုကိုင်း၍ ရှောင်သော်လည်း မလွတ်ပါ။ လက်မောင်းကိုရိုက်မိသွားတော့သည်။

"ကျွန်တော် ခင်ဗျားတို့နဲ့ရန်ဖြစ်ဖို့လာတာ မဟုတ်ပါဘူး၊ မိန်းကလေးကို လာခေါ်တာပါ"

ကုမုထိနှင့်ပေါက်ရူးယုံသည် တိုက်ခိုက်ချင်နေသော ကွေ့ရူးကို ဟန့်တားမှုမပြုဘဲ ဘေးမှလက်ပိုက်၍ကြည့်နေလိုက်ကြသည်။

"မင်းလာခေါ်တဲ့မိန်းကလေး မရှိတော့ဘူးကွ"

"ဘယ်ရောက်သွားသလဲ"

"သတ်ပစ်လိုက်ပြီ"

ရန်လိုနေသောကွေ့ရူး၏တစ်ဖက်သား ဒေါသဖြစ်အောင် တမင်ပြောလိုက်ခြင်း ဖြစ်သည်။ သူထင်သည့်အတိုင်းပင် စုဟုန်လင်း၏မျက်နှာ ခက်ထန်တင်းမာသွားတော့၏။

"သတ်လိုက်တယ်ဟုတ်လား"

"အေး... ဟုတ်တယ်"

ရုတ်တရက် စုဟုန်လင်းခုန်ဝင်လိုက်သည်။ လက်နှစ်ဖက်ကို အရောင်ပြ၍ ညာခြေကိုအသုံးပြုလိုက်သည်။ ကွေ့ရူး၏ပေါင်ရင်းကို ပတ်၍ရိုက်မိသွားသည်။ ကွေ့ရူးခန္ဓာကိုယ်အနည်းငယ် ယိမ်းယိုင်သွားသော်လည်း သိမ်းငှက်အစာကောက်သိုင်းကွက်ဖြင့် ထိုးနက်လိုက်လေသည်။ စုဟုန်လင်းက ကြက်မာန်ဟုန်သိုင်းကွက်ဖြင့် ချေဖျက်လိုက်နိုင်သည်ကိုတွေ့ရသောအခါ ကုမုထိပင် အံ့သြသွား၏။

"လူငယ်ကလေးပေမဲ့ သိုင်းပညာမခေပါလား"

အပြန်အလှန်တိုက်ခိုက်ရင်း သိုင်းကွက်တစ်ရာကျော်သွား

www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ....

"ဝုန်း...."

ဟူသောအသံနှင့်အတူ ကွေ့စူးလွင့်စဉ်သွားသည်။ မီးသွေးများပုံထားသောနေရာတွင် ပုံပျက်ပန်းပျက်ကျသွား၏။ ထိုအခြင်းအရာကိုမြင်လိုက်ရသောအခါ ပေါက်ခူးယုံသည် မနေနိုင်တော့ဘဲ စုဟုန်လင်း၏ တရကြမ်းပြေးဝင်တိုက်ခိုက်၏။

"ဗိုး.... ဗိုး"

သူ၏ဓားကွက်သည် သွက်လက်ထက်မြက်သည်မှန်သော်လည်း စုဟုန်လင်းကိုမခုတ်မိပါ။ စုဟုန်လင်း၏အရောင်အတိမ်းများက ဖျတ်လတ်တိကျလွန်းလှသည်။ ရုတ်တရက် စုဟုန်လင်း၏လက်တစ်ဖက်သည် ပေါက်ခူးယုံဓားကိုင်ထားသောလက်ကို ဖြတ်ရိုက်မိသွား၏။

ဓားလွင့်ထွက်သွားပြီး လျှပ်တစ်ပြက် စုဟုန်လင်းလက်ထဲရောက်သွားသည်။ ပေါက်ခူးယုံ မျက်လုံးဝိုင်းသွား၏။

ကွေ့စူးခုန်ဝင်လိုက်ပြန်သည်။

"ဟေ့... အားလုံးရပ်လိုက်"

ဩဇာသံပါပါနှင့်အမိန့်ပေးလိုက်သူက ကုမုထိဖြစ်သည်။

"မင်းက သိုင်းပညာဘယ်ဆိုးလို့လဲ... မင်းဆရာဘယ်သူလဲပြောစမ်း"

"ထုပင်း... တစ်ဓောက်ကန်းထုပင်း"

ကုမုထိ ပါးစပ်အဟောင်းသားဖြစ်သွားတော့သည်။

ကုမုထိသည် စုဟုန်လင်းအား ခပ်စူးစူးကလေးကြည့်ပြီး....

"တို့မြင်းလှည်းကိုလုသွားတာ ဘယ်သူလဲဆိုတာကော မင်းသိသလား"



"သိပါတယ်... ထုပင်းရဲ့ဆရာကြီးကတ်ရှုဝါးပါ"

ထိုစကားသံကြားလိုက်ရသည်နှင့် ကုမုထိ၏မျက်နှာတွင် သွေးဆုတ်သကဲ့သို့ ဖြူလျော်သွားတော့သည်။

***

ကုမုထိသည် ပေါက်ခူးယုံအား မကျေမနပ်လှည့်ကြည့်လိုက်လေသည်။

"မင်း တော်တော်အသုံးမကျတဲ့အကောင်ပဲ... သိုင်းလောကသားတစ်ယောက်ဖြစ်ပြီးတော့ ဆရာကြီးကတ်ရှုဝါးကိုတောင်မသိဘူးလား"

"ခင်ဗျားပြောပြလို့ နာမည်သာကြားဖူးတယ်... လူမှမမြင်ဘူးဘဲ"

ကွေ့စူးသည် နှာခေါင်းမှသွေးများကိုသုတ်ရင်း ကုမုထိနားရောက်လာသည်။

"မင်းပြောတော့ ဆရာကြီးကတ်ရှုဝါးက တရားအားထုတ်နေပြီဆို"

ကုမုထိက စုဟုန်လင်းကိုလှမ်းကြည့်လိုက်သည်။

"မင်းကော ဆရာကြီးကတ်ရှုဝါးအကြောင်းဘာသိသလဲ"

"ကျွန်တော်ဘာမှမသိပါဘူး... ဆရာထုပင်းကတော့ သိချင်သိမယ်"

ကုမုထိသည် အနည်းငယ်စဉ်းစား၍ ကွေ့စူးနှင့်ပေါက်ခူးယုံကိုကြည့်လိုက်သည်။

"ကဲ... မင်းတို့နှစ်ယောက် ကောင်မလေးကိုလိုက်ရှာကြပါဦး၊ ဆရာကြီးကတ်ရှုဝါး စိတ်မချမ်းမသာဖြစ်မှာကို ငါမကြည့်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကွေ့စူးနှင့်ပေါက်ခူးယုံတို့သည် ချက်ချင်းပင် အပြေးအလွှား ထွက်ခွာသွားကြတော့သည်။

***

ကုမုဒ်ထိက စုဟုန်လင်းအား အိမ်ထဲသို့ခေါ်သွင်းလိုက်၏။

"မင်း အေးအေးဆေးဆေးထိုင်ပါဦး... ငါ့မှာပြောစရာတွေရှိနေတယ်"

စုဟုန်လင်းသည် ယခုထိ စိတ်ထဲကမကျေနပ်သေးပေ။

"ခင်ဗျားတို့ ကောင်မလေးကိုသတ်လိုက်တယ်ဆို... ဟိုနှစ်ယောက်က ဘယ်သူ့ကိုသွားရှာရပြန်တာလဲ"

ကုမုဒ်ထိက အနည်းငယ်ပြုံးလိုက်သည်။

"မင်း စိတ်အေးအေးထားပြီး နားထောင်ပါ... ငါရှင်းပြပါ့မယ်"

စုဟုန်လင်း တစ်နေရာတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် ကုမုဒ်ထိပြောမည့်စကားများကိုနားစွင့်၏။ ကုမုဒ်ထိသည် လန်စီကျင်းအား တည်းခိုခန်းမှဆွဲခေါ်လာရသည့်အကြောင်းများကို အသေးစိတ်ပြောပြလိုက်သည်။

"တို့ သူ့ကိုဘာမှမလုပ်ပါဘူး... ဒါပေမဲ့ သူကအကြောက်လွန်ပြီးထွက်ပြေးသွားတာပါ"

"ကွေ့စူးဆိုတဲ့လူက ဘာဖြစ်လို့ သတ်ပစ်လိုက်တယ်လို့ပြောတာလဲ"

ကုမုဒ်ထိက ရယ်လိုက်သည်။

"ကွေ့စူးက မင်းရဲ့အရည်အချင်းကိုသိချင်လို့ ရန်စတာပါ၊ သူက အခုလိုတိုက်ရခိုက်ရမှ နေသာထိုင်သာရှိတဲ့လူ တကယ်တော့ တို့တွေဟာ လူဆိုးတွေမဟုတ်ပါဘူး"



"ခင်ဗျားတို့က ဆရာထုပင်းနဲ့ရင်းနှီးလို့လား"

"မင်းရဲ့ဆရာထုပင်းကိုတော့ မသိပါဘူး၊ နာမည်ကိုတော့ ကြားဖူးတယ်"

"ဆရာကြီးကတ်ရှူဝါးနဲ့တော့ သိတယ်ဆိုပါတော့"

"သိရုံတင် ဘယ်ကပါ့မလဲ"

ကုမုဒ်ထိကခေတ္တရပ်ဆိုင်းပြီးမှ စကားကိုပြန်ဆက်သည်။

"ဆရာကတ်ရှူဝါးဟာ ငါ့ရဲ့ကျေးဇူးရှင်ပုဂ္ဂိုလ်ကြီးပဲ၊ ဒီတစ်သက်မှာ သူ့ကျေးဇူးတွေကို ငါပြန်ဆပ်စရာအများကြီးရှိတယ်"

စုဟုန်လင်းက တိတ်ဆိတ်စွာနားထောင်နေသည်။

ကုမုဒ်ထိက စကားပြန်ဆက်၏။

"အခု ဟိုမိန်းကလေးက ဆရာကတ်ရှူဝါး ကယ်တင်ထားတဲ့မိန်းကလေးဆိုတော့ သူ့ကိုပြန်မတွေ့ရင် ငါတရားခံဖြစ်သွားတော့မှာပေါ့"

သူက ညည်းညည်းညူညူပြောဆိုလိုက်သည်။

စုဟုန်လင်းက....

"ခုန ကွေ့စူးသွားရှာတာကော တွေ့နိုင်ပါ့မလား"

"အဲ့ဒါတော့ ဘယ်မှာလာပြီး အတတ်ပြောနိုင်မှာလဲ"

ကုမုဒ်ထိသည် စုဟုန်လင်းကိုခပ်စူးစူးလေးကြည့်၍စဉ်းစားနေသည်။ အတန်ကြာအောင်စဉ်းစားပြီးမှ စုဟုန်လင်းကိုမော့ကြည့်က....

"ငါအကြောင်းစုံသိချင်တယ်... မင်း မပြောပြနိုင်ဘူးလား"

"အစ်ကိုကြီးက ဘာကိုသိချင်တာလဲ"

"အခုထွက်ပြေးသွားတဲ့ လန်စီကျင်းအကြောင်းကနေပြီး မင်း ဒီကိုရောက်လာတဲ့အထိပေါ့"

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်းသည် ကုမုထိကိုသေချာစွာအကဲခတ်ကြည့်၏။ ကျား‌လက်ဝါးကုမုထိသည် သူထင်ထားသကဲ့သို့ လူဆိုးကြီး မဟုတ်ဘဲ ပန်းပဲအလုပ်လုပ်ကိုင်စားသောက်နေသူဖြစ်ကြောင်း အကဲခတ်မိသည်။

ထို့ပြင် သဘောထားကလည်း ကောင်းလိမ့်မည်ဟု ခန့်မှန်းရလေသည်။ ထို့ကြောင့် စုဟုန်လင်းသည် သူသိရသမျှကို ပြောပြသင့်သည်ဟု စိတ်ထဲမှဆုံးဖြတ်လိုက်လေသည်။

"ကျွန်တော်သိရသလောက်တော့ ဆရာကြီးကတ်ရှုဝါးက မိန်းကလေးတစ်ယောက်ကိုကယ်တင်လာခဲ့တယ်၊ ဒီမိန်းကလေးရဲ့ မိဘတွေကလဲ မန်ချူးမြို့စားက ဖမ်းဆီးသွားတယ်လို့ပြောတယ်"

"ဘယ်မြို့စားလဲ"

"ချန်ကျူးမြို့စားကျိုကျူး"

ကုမုထိ ထိတ်လန့်သွားပုံရသည်။

"အင်း... ဒီမိန်းကလေးရဲ့မိဘတွေတော့ကံဆိုးတာပဲ၊ ကဲ... ဆက်ပါဦး"

စုဟုန်လင်းက စကားဆက်သည်။

"ဆရာကြီးကတ်ရှုဝါးက ကျွန်တော်ဆရာ့ထုပင်းကို မြို့စားဂေဟာလွှတ်လိုက်တယ်"

"ကလေးမလေးရဲ့မိဘကိုကယ်ဖို့ပေါ့ ဟုတ်လား"

"ဟုတ်တယ်... မိဘနှစ်ပါးနဲ့ကလေးနှစ်ယောက်လို့ ပြောတာပဲ"

ကုမုထိ မျက်လုံးအနည်းငယ်ဝိုင်းသွားသည်။

"ဟင်... ဒါဖြင့် မိသားစုအားလုံးကိုဖမ်းထားတာပေါ့ ဟုတ်လား"





"ဟုတ်ကဲ့... ဆရာထုပင်းကတော့ အဲ့ဒီအတိုင်း ကျွန်တော့်ကိုပြောခဲ့တာပဲ... အခုပျောက်နေတဲ့မိန်းကလေးကိုလဲ မန်ချူးတွေ တွေ့သွားရင် ချမ်းသာပေးမှာမဟုတ်ဘူးလို့သိရတယ်၊ ဒါကြောင့် အထူးဂရုစိုက်စောင့်ရှောက်ဖို့ ဆရာထုပင်းက ကျွန်တော့်ကိုမှာလိုက်လို့ပါ"

ကုမုထိ သက်ပြင်းချလိုက်လေသည်။

"ဒီကောင်မလေးကို ငါလဲဝိုင်းရှာပါ့မယ်လေ... ဒါနဲ့မင်းဆရာ ထုပင်းက မြို့စားကြီးကျိုကျူးဆီရောက်နေတဲ့လူကို ကယ်တင်နိုင်ပါ့မလား"

စုဟုန်လင်း ပါးစပ်ပိတ်ထားသည်။

ကုမုထိက စကားပြန်ဆက်သည်။

"ငါတော့မထင်ဘူး... မန်ချူးမြို့စားတွေထဲမှာ ကျိုကျူးဟာ အရက်စက်ဆုံး အကြမ်းကြုတ်ဆုံးပဲ... နောက်ပြီး သစ္စာဖောက်သိုင်းသမားတွေက ပိုတောင်ဆိုးသေးတယ်"

စုဟုန်လင်းသည် ကုမုထိ၏စကားကိုစိတ်ဝင်စားသွားလေသည်။

"သစ္စာဖောက်သိုင်းသမားတွေဆိုတာ ဘာလဲအစ်ကိုကြီး"

"အင်း... မင်းက ကလေးဘဝထဲကနေပြီး တောထဲမှာကြီးပြင်းလာရတဲ့လူဆိုတော့ လောကအကြောင်း ဘာမှသိမှာမဟုတ်ဘူး"

စုဟုန်လင်းက ခေါင်းငုံ့၍နားထောင်နေသည်။

ကုမုထိက စကားကိုခပ်ဖြည်းဖြည်းပြန်ဆက်လိုက်သည်။

"သစ္စာဖောက်သိုင်းသမားဆိုတာ ကိုယ့်အမျိုးသားမျိုးနွယ်ကိုမှမထောက်ဘဲ မန်ချူးဘက်ကနေဝိုင်းပြီး အမျိုးမျိုးနှိပ်စက်နေတဲ့ ကောင်တွေကိုပြောတာကွ"

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်း နားစိုက်ထောင်နေ၏။

ကုမုဒ္ဒါက စုဟုန်လင်းကိုတစ်ချက်ကြည့်လိုက်ပြီး....

"ငါပြောတာကို မင်း သဘောပေါက်တယ် မဟုတ်လား... မင်းကော မန်ချူးမြို့စားကရာထူးပေးရင် ငါတို့ကိုပြန်သတ်မယ့်လူစားမျိုးလား"

သူ့မေးခွန်းသည် စုဟုန်လင်း၏မျက်နှာကိုရဲခနဲဖြစ်သွားစေသည်။ ထိုင်ရာမှရုတ်တရက်ထပြီး....

"ကျွန်တော့်မျက်နှာကို ကြည့်စမ်းပါ... သူများရဲ့လက်ပါးစေလုပ်မဲ့အကောင်လား"

ကုမုဒ္ဒါ အံ့သြသွားလေသည်။ စုဟုန်လင်း ဤမျှအထိ စိတ်ဆိုးသွားလိမ့်မည်ဟု မထင်မိပေ။

"ပြန်ထိုင်ပါဦး ငါ့ညီရဲ့"

စုဟုန်လင်းလက်ကိုဆွဲ၍ထိုင်ခိုင်းလိုက်သည်။ စုဟုန်လင်းက ခပ်ဆောင့်ဆောင့်ထိုင်ချလိုက်၏။ ထို့နောက် ကုမုဒ္ဒါ၏မျက်နှာကိုစေ့စေ့ကြည့်လိုက်သည်။

"မန်ချူးဆိုတဲ့အသံကိုကြားရတိုင်း ကျွန်တော့်ရင်ထဲမှာ ဘယ်လိုခံစားရတယ်ဆိုတာ အစ်ကိုကြီးသိစေချင်တယ်"

ကုမုဒ္ဒါ ခေါင်းညိတ်လိုက်သည်။

"အင်း... ဟုတ်ပါတယ်လေ၊ ငါ့ညီရဲ့ခံစားချက်ကို ကျုပ်တစ်ချက်သတိမေ့သွားတယ်"

စုဟုန်လင်းသည် လက်သီးနှစ်ခုကိုကျစ်ကျစ်ပါအောင်ဆုပ်ထားသည်။

"ကျွန်တော့်အဖေနဲ့အမေ သေရသလို သူတို့လဲ အဲ့ဒီလိုပဲသေရမှ ကျွန်တော်ကျေနပ်မယ်"





စုဟုန်လင်း၏ကြိမ်းဝါးသံ၊ ဒေါသမာန်ပါပါနှင့်ကြိမ်းဝါးပုံများကိုကြည့်၍ ကုမုဒ္ဒါရင်ထဲ၌ကျေနပ်သွားမိလေသည်။

"ဒီလိုစိတ်ဓာတ်မျိုးရှိတဲ့လူငယ်တွေ အများကြီး လိုအပ်နေပါလား"

ကုမုဒ္ဒါစိတ်ထဲမှ ထင်မှတ်ထားလိုက်သည်။

"အင်း... မင်းရင်ထဲမှာ အဲဒီလိုပဲခံစားချက်ရှိနေမယ်လို့ ကျုပ်အစကတည်းကထင်ထားမိပါတယ်"

သူက လေသံအေးအေးနှင့်ပြောသည်။

ထို့နောက် ဆက်၍....

"ဒါနဲ့မင်းရဲ့အဖေနဲ့အမေက ဘယ်သူတွေလဲဆိုတာတော့ မင်း မှတ်မိပါတယ်နော်"

"ကျွန်တော်က ဆယ့်နှစ်နှစ်တောင်ရှိနေပြီပဲ... သိတာပေါ့"

"ဘယ်သူတွေလဲ... ပြောပါဦး"

"အဖေရဲ့နာမည်ကရန်ရုန်လင်းပါ... အမေကချိုဟွား"

ကုမုဒ္ဒါ မျက်လုံးပြူးသွားသည်။

"ဟင်... မင်း... မင်း ရန်ရုန်လင်းရဲ့သား ဟုတ်လား"

"ဟုတ်ပါတယ်"

ကုမုဒ္ဒါသည် စုဟုန်လင်း၏ပခုံးကိုလှမ်း၍ ဆုပ်ထားလိုက်ပြီး....

"မင်းအမေချိုဟွား၊ ဒါဆို မမှားဘူး... မမှားတော့ဘူး"

စုဟုန်လင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဘာမမှားတာလဲအစ်ကိုကြီး"

ကုမုဒ္ဒါသည် စုဟုန်လင်း၏မျက်နှာကိုသေသေချာချာကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းမိဘနှစ်ပါးဟာ ငါ့ရဲ့အသက်သခင်ကျေးဇူးရှင်တွေပဲ... မန်ချူးတွေလက်ချက်နဲ့ငါအသက်အန္တရာယ်ကြုံနေရတုန်း မင်းမိဘနှစ်ပါးက ငါ့ကိုကယ်တင်စောင့်ရှောက်ခဲ့ကြတာလေ"

***



နှင်းမှုန်များ မိုးသီးမိုးပေါက်ပမာ ကျဆင်းနေသည်။

ဆောင်းနှင်းနှင့်အတူ အအေးဓာတ်ကလည်း ပိုမိုလွန်ကဲနေသည်။ ထိုအချိန် သမယမှာပင် နှင်းမှုန်နှင်းဖွဲများကို ဂရုမစိုက်အားဘဲ လမ်းမကြီးအတိုင်းပြေးလွှားနေသောလူတစ်ယောက်ကို တွေ့မြင်ရမည်ဖြစ်ပေ၏။ အလွန်နုနယ်ငယ်ရွယ်သော မိန်းကလေးတစ်ဦးပင်ဖြစ်သည်။ သူမကား အခြားမဟုတ်။

ပန်းပဲဖိုရှိ ကုမုထိတို့အားကြောက်ရွံ့သဖြင့် ဝေလီဝေလင်းထွက်ပြေးလာသောလန်စီကျင်းပင်ဖြစ်ပေသည်။

သူမသည် နှင်းကိုလည်း ဂရုမစိုက်အားပါ။ မောရမှန်း ပန်းရမှန်းလည်းမသိပါ။ သူမသည် လမ်းမကြီးပေါ်မှတစ်ဆင့် တောလမ်းတစ်ခုထဲသို့ဝင်ရောက်ပြေးလွှားသွားပြန်သည်။

ဦးတည်ချက်မရှိ ရည်ရွယ်ချက်မရှိ။ ခြေဦးတည့်ရာသို့ ပြေးလွှားနေခြင်းဖြစ်ပေသည်။

အချိန်အတော်ကြာသောအခါ မောဟိုက်ကာခြေကုန်လက်ပမ်းကျလာလေတော့သည်။

နောက်ဆုံး... သူမသည် မောဟိုက်လွန်းသဖြင့် တစ်နေရာအရောက်တွင် ပစ်လဲကျသွားတော့သည်။

ထို့နောက် သူမ ဘာကိုမသိတော့ပါ။

***

www.burmeseclassic.com

www.burmeseclassic.com



"ညီမ... ညီမလေး"

ခေါ်သံကို လန်စီကျင်း၏နားထဲတွင် ခပ်တိုးတိုးကြားနေရသည်။

"ညီမ... ညီမ သတိရလာပြီလား"

လန်စီကျင်း မျက်လုံးကိုအားယူ၍ဖွင့်လိုက်သည်။ ထို့နောက် ရုတ်တရက် ထထိုင်မိလိုက်သည်။ အမျိုးသမီးတစ်ဦးကိုတွေ့ရ၏။

"ကျွန်... ကျွန်မ ဘယ်ကိုရောက်နေတာလဲဟင်"

လန်စီကျင်း ကြောက်ကြောက်ရွံ့ရွံ့နှင့်မေးသည်။

အမျိုးသမီးက....

"ဒီနေရာက မမတို့ဥယျာဉ်ခြံကြီးပါ... ညီမကောင်းတောင်သတိရပြီနော်"

"ရပါပြီ... ဒါထက် ကျွန်မ ဘယ်လို ဒီကိုရောက်လာတာလဲ"

"ညီမက မမတို့ပန်းဥယျာဉ်ခြံထဲမှာလဲကျပြီးသတိမေ့နေလို့ မမနဲ့ဖေဖေက ဒီအိမ်ထဲကိုခေါ်လာတာ"

"ကျေးဇူးတင်လိုက်တာ မမရယ်"

ထိုအခိုက်မှာပင်....

"သမီးရေ... ဟိုကလေးမလေး သတိရနေပြီလား"

စကားသံနှင့်အတူ အသက်(၅၀)ခန့် လူကြီးတစ်ယောက်ဝင်လာသည်။ လန်စီကျင်းသည် ကြောက်ရွံ့ဟန်ဖြင့် မျက်လုံးပြူးကြည့်မိသည်။

"မကြောက်ပါနဲ့ညီမရဲ့ မမရဲ့အဖေ တီယိုကျိုပါ... မမနာမည်က တီကျိန်းလို့ခေါ်တယ်"

လန်စီကျင်းသည် နှစ်ယောက်လုံးကိုဦးညွှတ်၍ ခေါင်းညိတ်ပြလိုက်သည်။



"ဟုတ်ကဲ့... မမတို့သားအဖနှစ်ယောက်ကို ကျေးဇူးတင်ပါတယ်"

"ကလေးမ... အဲဒါသောက်လိုက်"

လန်စီးကျင်းက တီယိုကျိုပေးသောဆေးနှင့်ရေကို သောက်ချလိုက်သည်။ တီယိုကျိုက....

"ကလေးမ... ဘာမှမပူနဲ့အလိုလိုအားရှိသွားမယ်... အိပ်ချင်ရင် အိပ်လိုက်ဦး"

လန်စီကျင်းလည်း မည်သည့်စကားမှထပ်မံမပြောတော့ဘဲ သန့်ပြန့်သောအိပ်ရာပေါ်တွင် လဲလျောင်းလိုက်ရာ မကြာမီ အိပ်မောကျသွားတော့၏။

ညနေပိုင်းလောက်မှ သူမ နိုးလာ၏။ တီကျိန်းတို့သားအဖက နွားနို့အပြင် သစ်သီးဝလံအစားအသောက်များဖြင့် သူမကိုစောင့်ကြိုနေပေ၏။

"လာ...ညီမလေး"

တီကျိန်းကပြောပြီး နွားနို့ပူပူကို လန်စီးကျင်းအား လှမ်းပေးသည်။ လန်စီကျင်းမှာ ဝမ်းဗိုက်မှဆာလောင်နေသဖြင့် ဟန်မလုပ်နိုင်ဘဲ နွားနို့များကိုသောက်လိုက်၏။ တီယိုကျိုက အားရကျေနပ်သောမျက်နှာဖြင့် သူမကိုကြည့်နေသည်။

"ငါ့တူမ ဦးလေးတို့အိမ်မှာ အားမနာနဲ့နော်"

"ဟုတ်ကဲ့... ဦးလေးတို့ကိုသိပ်ကျေးဇူး..."

သူမ၏စကားမဆုံးခင် တီယိုကျိုက....

"ကျေးဇူးစကားကို သိပ်မပြောပါနဲ့လေ... ကူညီထိုက်လို့ကူညီရတာပါ"

"ဒါပေမဲ့ ဦးလေးရယ်...."

www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့လေ... ငါ့တူမရဲ့အကြောင်းကိုသာပြောပါ... ဘယ်လိုဒုက္ခရောက်လာရတာလဲ"

ထိုစကားကြောင့် သူမ၏မျက်နှာ သိသိသာသာညှိုးသွား၏။ တိကျိန်းတို့သားအဖနှစ်ယောက်စလုံးသည် အလွန်ရိုးသားပုံရသည်။ ထို့ပြင် စိတ်ကောင်းရှိပုံလည်း သူတို့၏မျက်နှာက ဖော်ပြနေသည်။

သူမအနေနှင့် ယခုကဲ့သို့ အားကိုးမဲ့နေသောအချိန်တွင် သူမ၏အဖြစ်မှန်ကိုထုတ်ဖော်ပြောသင့်သည်မဟုတ်ပါလား။

ထို့ကြောင့် မိဘနှစ်ပါး မန်ချူးများ၏ဖမ်းဆီးခြင်းခံရသဖြင့် သူမသည် အားကိုးရာမဲ့ဖြစ်ကာ တံတားပေါ်မှရေထဲသို့ခုန်ချရန် ကြံစည်စဉ် အဘိုးအိုတစ်ဦးကဝင်ရောက်ကယ်တင်ခဲ့သည်မှစ၍ ကုမုထိတို့အိမ်မှထွက်ပြေးလာခဲ့ရသည်အထိ အကြောင်းစုံကို အမှန်အတိုင်း ပြောပြလိုက်လေတော့သည်။

***





တိကျိန်းတို့သားအဖ စိတ်ဝင်စားစွာနားထောင်နေသည်။

စကားဆုံးသောအခါ တိယိုကျိုမှာ သူမ၏ဘဝအတွက် စိတ်မကောင်းခြင်းများစွာဖြစ်သွားရ၏။

တိကျိန်းက လန်စီကျင်းကိုသနားလွန်းသဖြင့်....

"ညီမ ဘာမှအားမငယ်နဲ့ မမတို့နဲ့နေပါ ဟုတ်လား"

တိယိုကျိုသည် အဝေးသို့ငေး၍ တစ်စုံတစ်ရာကိုစဉ်းစားနေ၏။ အတန်ကြာမှ လန်စီကျင်းဘက်သို့လှည့်ကာ....

"တူမကြီးရဲ့မိသားစုကို မြို့စားကျိုကျူးဂေဟာက ဖမ်းသွားတယ်ဆိုတာ သေချာပါတယ်နော်"

"ကျွန်မအိမ်ကိုပြန်ရောက်လာတော့ အားလုံးက ဒီအတိုင်းပဲ ဝိုင်းပြောကြပါတယ်"

"တူမရဲ့မိဘတွေက သိုင်းသမားတွေလား"

"အဖေက နည်းနည်းပါးပါးတော့တတ်ပါတယ်"

တိကျိန်းက သူ့ဖခင်ကိုမော့ကြည့်ကာ....

"သိုင်းပညာတတ်ရင် ဘာဖြစ်လို့လဲအဖေ"

တိယိုကျိုကသက်ပြင်းချ၍....

"ငါ့သမီးကြီးက နားမလည်ဘဲကိုး"

"နားမလည်လို့ အဖေ့ကိုမေးတာပေါ့"

"အေးလေ... နားမလည်ရင်လဲ အဖေကပြောပြရမှာပေါ့"

သူသည် နေရာအနည်းငယ်ပြင်ထိုင်လိုက်ပြီး စကားဆက်လိုက်၏။

"အခု အဖေတို့ကိုအုပ်ချုပ်နေတာ မန်ချူးတွေဆိုတာတော့ သမီးသိတယ်မဟုတ်လား"

"ဒါတော့ သိတာပေါ့အဖေရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မန်ချူးတွေဟာ အဖေတို့ ပြည်ကြီးကိုသိမ်းပိုက်ကတည်းက အဖေတို့လူမျိုးတွေအပေါ် ဖိနှိပ်လာခဲ့တယ်... သိုင်းပညာ ထက်မြက်တဲ့သိုင်းသမားတွေကို သူတို့လက်အောက်မှာ ကျွန်ခံဖို့စည်းရုံးတယ်၊ စည်းရုံးလို့မရတဲ့မျိုးချစ်သိုင်းသမားတွေကို သူခိုးဓားပြဆိုပြီး သတ်ဖြတ်တယ်"

လန်စီကျင်းက ကြားဖြတ်လိုက်သည်။

"ကျွန်မရဲ့အဖေနဲ့အမေဟာ အဲ့ဒီလောက်ကျော်ကြားတဲ့ သိုင်းပညာရှင် မဟုတ်ပါဘူး"

"ဟုတ်ပါပြီလေ... ဦးလေးကလဲ အဲ့ဒီလိုမပြောပါဘူး။ သမီးတို့နားလည်အောင်သာပြောပြတာပါ... ဒါပေမဲ့...."

တိယိုကျိုက စကားကိုခေတ္တဖြတ်ပြီးမှဆက်၍ပြော၏။

"မန်ချူးတွေဟာ သူတို့နဲ့မပတ်သက်ရင်တော့ အန္တရာယ်မပေးကြပါဘူး၊ အခုလို မိသားစုအားလုံးကိုဖမ်းသွားတယ်ဆိုတာကတော့ ကြီးမားတဲ့အမှားတစ်ခုခုတော့လုပ်မိကြပြီနဲ့တူတယ်"

လန်စီကျင်းက မည်သည့်စကားမှမတုံ့ပြန်ပါ။ တဒင်္ဂတိတ်ဆိတ်သွားသည်။ အတန်ကြာမှ တိယိုကျိုကဆက်၍....

"ဒါထက် ငွါတူမကိုကယ်တင်သွားတယ်ဆိုတဲ့အဘိုးကြီးက ဘာပြောသလဲ"

"ကျွန်မကို ဘာမှမပူပါနဲ့လေလို့ပြောပြီး ချပ်ခိုရွာကတည်းခိုခန်းတစ်ခုမှာထားခဲ့တာပါပဲ၊ အဲ့ဒီစောစောကပြောသလို ကျွန်မတို့စီးလာတဲ့မြင်းလှည်းက ကုမုထိတို့မြင်းလှည်းဖြစ်နေတော့ ကျွန်မကိုဖမ်းခေါ်သွားတာ..."

သူမ၏စကားကို တိယိုကျိုစဉ်းစားနေသည်။

ပြီးမှ သက်ပြင်းချ၍....





"အင်း... အဲ့ဒီအဘိုးအိုက ကျိုကျူးဂေဟာမှာသွားပြီး ငွါတူမရဲ့မိသားစုကိုကယ်ထုတ်ဖို့ကြိုးစားတာလဲ ဖြစ်နိုင်တာပဲလေ"

သူသည် ပြောပြီး ခေါင်းမော့ကာ လေးလေးနက်နက်စဉ်းစားနေသည်။

အတန်ကြာမှ....

"ငွါတူမ ချပ်ခိုရွာတည်းခိုခန်းကိုတော့ မကြာခဏသွားပြီးစုံစမ်းရလိမ့်မယ်"

တိကျိုန်းသည် သူ့ဖခင်ကိုဆတ်ခနဲကြည့်၍....

"အို... ဖေဖေကလဲ သူ့မှာ ဒီလောက်အန္တရာယ်တွေများနေတာ ကုမုထိတို့လူစုက တွေ့သွားနိုင်သလို မန်ချူးမြို့စားဂေဟာကလဲ သူ့ကိုမသိဘူးလို့ပြောနိုင်မလား"

တိယိုကျိုကပြုံးလိုက်သည်။

"ငါ စဉ်းစားမိပါတယ် သမီးရယ်... ဒါပေမဲ့ လန်စီကျင်းက အဲဒီမှာ မကြာခဏသွားစုံစမ်းမှသာ သူ့ကိုကယ်တင်ခဲ့တဲ့အဘိုးအိုရဲ့သတင်းကိုကြားသိရမှာမဟုတ်လား၊ နို့မို့ အဲ့ဒီအဘိုးအိုက သူ့ကို ဘယ်မှာသွားရှာမလဲ"

လန်စီကျင်းခေါင်းညိတ်လိုက်သည်။

"ဒါလဲဟုတ်တယ်မမရယ်... ဒါမှလဲ အဖေတို့အမေတို့ရဲ့သတင်းကိုကြားရမှာပါ"

တိယိုကျိုသည် အနည်းငယ်စဉ်းစား၍....

"ဒီလိုလုပ်ကြပါလေ"

သူကစကားကိုခေတ္တဖြတ်ပြီးမှ ဆက်ပြောသည်။

"ငွါတူမက နာမည်ကော ရုပ်ကော ပြောင်းမှဖြစ်တော့မယ်"

"ဟုတ်တယ်နော်အဖေ... ဒါမှ သူတို့မမှတ်မိမှာ"

www.burmeseclassic.com

www.burmeseclassic.com



တိယိုကျိုက လန်စီကျောင်းမျက်နှာကိုသေချာကြည့်၍ ကျေနပ်အားရသွားသည့်ပုံစံဖြင့် နှစ်ခြိုက်စွာပြုံးလိုက်တော့၏။

***

မြို့စားဂေဟာသည် ခန့်ညားၡ၏။

ထည်ဝါ၏။

အစောင့်အကြပ်များ အထပ်ထပ်ချထားသောကြောင့် တော်ရုံတန်ရုံရန်သူများဝင်ရောက်ရန် မလွယ်ကူလှပေ။

တစ်ခေါက်ကန်း သိုင်းသမားထုပင်းသည် မြို့စားဂေဟာ၏အချုပ်ခန်းထဲသို့ရောက်ရှိနေသည်မှာ ယနေ့ဆိုလျှင် သုံးရက်တိတိရှိပြီဖြစ်ပေသည်။

မြို့စားကျိုကျုံး၏ပညာစမ်းမှုကြောင့် ရရှိထားသောဒဏ်ရာမှာ အတော်ကလေးသက်သာနေပြီဖြစ်သည်။

သူ၏ဒဏ်ရာကိုကုသပေးနေသူမှာ အမျိုးသမီးတစ်ဦးဖြစ်သည်။ အသက်မှာသုံးဆယ်ခန့်ရှိပြီး သူနာပြုအကတ်ကိုအတော်လေးကျွမ်းကျင်ပုံရသည်။ အမည်မှာ ယွမ်းရန်ဟုသိရသည်။

သူမသည် ဆေးကုသမှုနှင့်ဆိုင်သောစကားမှလွဲ၍ အခြားစကားကိုပြောကြားခြင်းမရှိသောကြောင့် မြို့စားကျိုကျုံး၏သြဇာအာဏာကိုမလွန်ဆန်ဝံ့သည်မှာ ထင်ရှားနေသည်။

ယွမ်းရန်သည် အသက်ပင်သုံးဆယ်ကျော်ဟုခန့်မှန်းရသော်လည်း သူမ၏အသားအရေနှင့်ရုပ်ရည်မှာ နုပျိုလှသည်။

ယောကျ်ားတစ်ဦးကိုဆွဲဆောင်နိုင်သည့်အားသည် သူမထံ၌အပြည့်အဝရှိနေသည်။ ထုပင်းသည် မြက်များခင်းထားသည့်ခုတင်တစ်လုံးပေါ်တွင်လဲလျောင်းရင်း သူမ၏အကြောင်းကိုစဉ်းစားနေမိခြင်းဖြစ်သည်။



ထုပင်းသည် ယနေ့ သူမနှင့်တွေ့ဆုံပါက တစ်စုံတစ်ခုသောစကားများကိုရအောင် ပြောဆိုမေးမြန်းမည်ဟုလည်း စိတ်ဆုံးဖြတ်ထားလိုက်သည်။

***

ထုပင်းသည် ယခုအခါ သူ၏ပင်ကိုယ်ရုပ်မဟုတ်တော့ပါ။

ချန်ကျူးမြို့သို့ရောက်ရှိကတည်းက ယခု ဖမ်းဆီးခံရသည့်အချိန်အထိ နှုတ်ခမ်းမွှေးကြီးနှင့်ကုန်သည်တစ်ဦး၏အမှုအရာမျိုး ဖြစ်ပေသည်။

ထုပင်းက နှုတ်ခမ်းမွှေးကိုသပ်နေစဉ်မှာပင် အခန်းတံခါးသော့ဖွင့်သံကြားလိုက်ရသည်။ အခန်းစောင့်က သော့ဖွင့်ပေးသည်နှင့်ယွမ်းရန်သည် ညစာတစ်ပွဲနှင့်အတူ ဆေးဝါးပုလင်းများပါယူဆောင်လာသည်။

"ဂွိမ်း… ဂလောက်… ဂလောက်"

တံခါးကပြန်ပိတ်သွားပြီး သော့ခတ်သံကြားလိုက်ရသည်။ ယွမ်းရန်က ထမင်းပွဲကို စားပွဲပေါ်တင်၍ ထုပင်းထံလျှောက်လာသည်။ ထို့နောက် ထုပင်း၏ပခုံးပေါ်မှဒဏ်ရာကို လှမ်းကြည့်လိုက်သည်။ သူမသည် မည်သည့်စကားမှမပြောဘဲ ဒဏ်ရာတွင် ကပ်ထားသောအဝတ်ကိုခွာချလိုက်၏။

"ဒီမှာ ကျုပ် ခင်ဗျားကိုမေးစရာရှိလို့"

သူမက လက်ကိုဆတ်ခနဲပြန်ရုပ်လိုက်၏။

"အပိုစကားတွေဘာမှမမေးနဲ့… ကျွန်မ,မသိဘူး"

"မသိတာကိုမမေးပါဘူး… သိတာကိုပဲမေးမှာပါ"

သူမက သူ့စကားကိုလုံးဝဂရုမစိုက်၊ ဆေးဗူးထဲမှဆေးအချို့ကိုယူ၍ ဒဏ်ရာကိုသုတ်လိမ်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ တခြားအချုပ်ခန်းတွေ ဘယ်နှစ်ခန်းရှိလဲဗျ"

သူမက မဖြေ။ ထုပင်းကဆက်၍....

"မင်းက မြို့စားကြီးကျိကျုံးနဲ့ဘယ်လိုပတ်သက်သလဲ"

လုံးဝ ဖြေသံမကြားရ။

ထုပင်းက အသံခပ်ကျယ်ကျယ်ဖြင့်....

"ခင်ဗျား ကျုပ်မေးတာကြားသလား"

"ကြားတယ်"

"ဘာလို့ပြန်မပြောတာလဲ"

"ရှင့်ပါးစပ်ကိုပိတ်ထား"

"ဘာဖြစ်လို့လဲ"

"အာချောင်တဲ့လူဟာ ခပ်မြန်မြန်သေရတယ်"

"ဟုတ်တယ်... ကျုပ်က ခပ်မြန်မြန်သေချင်လို့ အာချောင်နေတာ"

ထုပင်းအသံက ရုတ်တရက်ကျယ်သွားသည်။ သူမ အလန့်တကြားဖြင့် တံခါးဝသို့လှမ်းကြည့်လိုက်၏။ တံခါးစောင့်၏မျက်လုံးအစုံက သူတို့ဘက် ရုတ်တရက်လှမ်းကြည့်နေသည်ကိုတွေ့မြင်လိုက်ရသည်။ သူမ၏အမူအရာမှာ အသံကျယ်လောင်စွာပြောဆိုသည်ကိုနှစ်သက်ဟန်မတူပေ။

"ကျုပ်တို့စကားပြောရင် သူတို့ကမကြိုက်ဘူးလား"

သူမက စိတ်မရှည်သလို....

"ဟုတ်တယ်... ဟုတ်တယ်"

ဟု ခပ်ပြတ်ပြတ် ဖြေလိုက်သည်။ ထုပင်း ပြုံးလိုက်သည်။

"ကျုပ်မေးတာကိုမဖြေရင် ကျုပ်က စကားကိုအကျယ်ကြီးပြောမှာပဲ"



သူမထံမှ သက်ပြင်းချသံကြားရပြီးခေါင်းကုတ်လိုက်သည်။

သူမသည် စကားပြောချင်သော်လည်း အစောင့်များမှတစ်ဆင့် ကျိကျုံးသိရှိသွားမည်ကိုစိုးရိမ်နေမှန်း ထုပင်း အကဲခတ်မိလိုက်ပြီဖြစ်သည်။

"ခင်ဗျား ကျုပ်ကိုအကူအညီပေးပါလား"

သူမက မသိမသာတံခါးဝသို့လှမ်းကြည့်သည်။

"ဘာကူညီရမှာလဲ"

"ခင်ဗျားနာမည်ယွမ်းရန်ဆိုတာ ကျုပ်သိပါတယ်"

"အားလုံးကခေါ်ပြောနေသံကိုကြားလို့မဟုတ်လား"

"ဟုတ်တယ်"

"အဲ့ဒါဘာဖြစ်သလဲ"

"ခင်ဗျား ဒီဂေဟာနဲ့ ဘယ်လိုပတ်သက်နေသလဲလို့ သိချင်တယ်"

သူတို့နှစ်ဦးသည် ပါးစပ်လှုပ်ရုံမျှ လေသံတိုးတိုးဖြင့်ပြောနေကြခြင်းဖြစ်သည်။

"ရှင့်ကိုပြောပြနေလို့ကော ဘာထူးမှာမို့လဲ"

"ထူးတယ် မထူးဘူးဆိုတာ ခင်ဗျားဖြေမယ့်အဖြေပေါ်မှာမူတည်တယ်"

သူမသည် ဒဏ်ရာကိုအဝတ်ဖြင့်ပြန်ကပ်ထားလိုက်သည်။

"အချိန်ကြာရင်မကောင်းဘူး... ကျွန်မသွားမယ်"

ထုပင်းက သူမ၏လက်ကိုဖမ်းဆုပ်လိုက်သည်။

ယွမ်းရန် မျက်နှာရဲခနဲဖြစ်သွားသည်။

"ရှင်... ကျွန်မကို အဲဒီလိုကိုင်တာမကြိုက်ဘူး"

"ကျုပ်ကတော့ သဘောကျတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာပြောတာလဲ"

သူမက ဒေါသဖြင့်မေးသည်။

ထုပင်းက အပြုံးမပျက်ဘဲ....

"ကျုပ်က မိန်းကလေးလက်ကိုတစ်ခါမှမကိုင်ခဲ့ဖူးဘူး... ဒါ ပထမပဲ"

"ပထမဆုံးအကြိမ်ပါးရိုက်ခံရတော့မယ်ဆိုတာကော စဉ်းစားမိရဲ့လား"

"ခင်ဗျားရိုက်ရင် ပါးနှစ်ဖက်စလုံးကွဲသွားပါစေ... ကျုပ် စိတ်မဆိုးဘူး"

သူမက ထပြန်ရန်ဟန်ပြင်လိုက်သည်။

ထုပင်း ဒုတိယအကြိမ်ဖမ်းဆွဲထားပြန်သည်။

"ခင်ဗျား ကျုပ်ကိုတကယ်ပဲရက်စက်မှာလား"

သူမကစိတ်ရှုပ်ဟန်ဖြင့်....

"အို... ဘာစကားတွေလဲ"

"ကျုပ် ဒီည ဟောဒီဘက်ပြတင်းတံခါးကစောင့်နေမယ်... မင်းရောက်မလာရင် ဟောဟိုထမင်းကိုလဲမစားဘူး။ နောက်လဲ ကျုပ်ဆီကို ဘယ်တော့မှလာစရာမလိုဘူး"

သူမက ထုပင်းကို တစ်ချက်စိုက်ကြည့်ကာ အချုပ်ခန်းထဲမှ ခပ်တင်းတင်းပင် ထွက်သွားတော့သည်။

***





သမားတော်ကြီးယွမ်ပိသည် ဆေးဆရာလောကတွင် အလွန်ကျော်ကြားသူဖြစ်သည်။ ဒဏ်ရာရသွားသောမန်ချူးများ၏ရန်သူကို သမားတော်ကြီးယွမ်ပိက ဆေးဝါးကုသပေးလိုက်သဖြင့် မြို့စားကျိကျူးမှာ ဒေါသအမျက်ချောင်းချောင်းထွက်ကာ သမားတော်ကြီးယွမ်ပိအား အားပေးအားမြှောက်ပြုရကောင်းလားဟု ဖမ်းဆီးလိုက်လေသည်။

ထိုသတင်းကိုကြားရသည်နှင့် ကျန်းနန်းတွင်ရောက်ရှိနေသောသမီးဖြစ်သူယွမ်းရန်သည် သူ့ဖခင်အတွက် ချက်ချင်းရောက်ရှိလာတော့သည်။

ယွမ်းရန်သည် သူမ၏ဖခင်အားမသတ်ရန် မြို့စားကျိကျူးအား တိုးလျှိုးတောင်းပန်လေ၏။ မြို့စားကျိကျူးသည် ယွမ်းရန်ကို သနားသွားပုံရသည်။ သမားတော်ကြီးကိုအသက်ဘေးမှချမ်းသာပေးမည်။ သို့သော် သူ့စကားနားထောင်ရမည်ဟုပြောလာလေတော့၏။

မြို့စားကျိကျူးက သမားတော်ကြီးကို အခြားတွင် ဆေးဝါးကုသခွင့်မပေးပါ။ မြို့စားကြီးဂေဟာအတွက်သာ ဆေးဝါးကုသပေးရမည်။ ထို့ပြင် သားအဖနှစ်ယောက်စလုံး ဤဂေဟာမှမည်သည့်ဒေသသို့မှမသွားရဟု အမိန့်ချမှတ်ထားလိုက်သည်။

သမီးဖြစ်သူယွမ်းရန်မှာ သူမ၏ဖခင်ကိုသတ်မပစ်တော့ဟုဆို၍ဝမ်းသာသွားသည်။

ထို့ကြောင့် နောက်တစ်နေ့တွင်မှ မီးစင်ကြည့်ကမည်ဟု သဘောပိုက်ပြီး မြို့စားဂေဟာတွင် အကျယ်ချုပ်သဘောဖြင့် နေထိုင်ခဲ့ခြင်းဖြစ်ပေသည်။

***

www.burmeseclassic.com

www.burmeseclassic.com



"တုံ… တုံ"

အုန်းမောင်းခေါက်သံနှစ်ချက်တိတိကြားသော်လည်း ယွမ်းရန်မှာ အိပ်မပျော်သေးပါ။ သူမသည် မျက်လုံးများကြောင်ပြီး စိတ်လှုပ်ရှားနေသည်။ သူမ၏မျက်စိထဲတွင် နှုတ်ခမ်းမွှေးကားကားနှင့် ထုပင်း၏မျက်နှာကိုသာ မြင်ယောင်နေ၏။

အတင့်ရဲစွာဖြင့် သူမ၏လက်ကိုဆွဲကိုင်လိုက်သည့်အချိန်တုန်းကဆိုလျှင် သူမ၏စိတ်ထဲတွင် အေးခနဲ နွေးခနဲဖြစ်သွားသည်။ သူမသည် ယခု အသက်သုံးဆယ်ပြည့်ပြီဖြစ်သော်လည်း မည်သည့် ယောကျ်ားတစ်ဦးနှင့်ရင်းရင်းနှီးနှီး မနေခဲ့ရပါ။

သူမသည် သီလရှင်အဒေါ်ဖြစ်သူ၏သင်ကြားမှုကြောင့် အိမ်ထောင်ပြုရန် စိတ်ကုန်ခမ်းခဲ့သူဖြစ်၏။ သို့သော် ထုပင်းဆိုသူက လက်ကိုဆွဲ၍စကားပြောပုံ၊ ထုပင်း၏မျက်လုံးများနှင့်အမူအရာများသည် သူမ၏စိတ်ကိုတစ်မျိုးတစ်ဖုံပြောင်းလဲစေခဲ့သည်။

ထုပင်းက သူ့ထံသို့ မိမိမသွားပါက ယခု ညစာလည်းမစားပါ။ နောင်လည်း အတွေ့မခံတော့ပါဟု ပြောလိုက်သည့်စကားမှာ သူမအား အိပ်မပျော်နိုင်အောင် ဖန်တီးလိုက်သလိုဖြစ်နေတော့၏။ ယွမ်းရန်သည် ကြာရှည်မစဉ်းစားတော့ဘဲ အိပ်ရာမှညင်သာစွာ ထလိုက်လေတော့သည်။

***



ထုပင်းသည် ပြတင်းတံခါးသို့ မကြာခဏ လှမ်းကြည့်နေမိသည်။ သူ၏စိတ်ထဲတွင် ယွမ်းရန်သည် မုချ သူ့ထံသို့ လာရမည်ဟု ထင်မှတ်ထားရသည်။

သူသည် ယွမ်းရန်အားပြောသည့်အတိုင်းပင် ထိုနေ့ညညစာကိုမစားဘဲ ပြတင်းပေါက်နှုတ်ခမ်းတွင် တင်ထားလိုက်သည်။

"ရှပ်… ရှပ်"

ထုပင်းက နားပါးသည်။ သစ်ရွက်ခြောက်များကို နင်းလာသောခြေသံကိုကြားလိုက်ရ၏။ ထုပင်း ခေါင်းထောင်ကြည့်လိုက်သည်။ အဝတ်နက်ကိုခြုံထားသည့်ယွမ်းရန်အား တွေ့လိုက်ရ၏။

"ခင်ဗျားလာမယ်လို့ ကျုပ်ထင်ပါတယ်"

သူက အသံတိုးတိုးဖြင့်ပြောသော်လည်း ယွမ်းရန်က ထိတ်လန့်စွာဖြင့်….

"ရှူး… ရှင့်ပါးစပ်ကိုသတိထားပါ၊ အစောင့်ရှိနေတယ် မဟုတ်လား"

"သူ တစ်ချိန်လုံးအိပ်ငိုက်နေတာပါ"

သူမက စိတ်မချပေ။ စက္ကူထုပ်ယူလာသောအမှုန့်အနည်းငယ်ကို ထုပင်း၏လက်ဝါးထဲထည့်ပေး၍….

"သူ့မျက်နှာနားသွားပြီးမှုတ်လိုက်"

ထုပင်းသည် အပြင်တွင် ထိုင်လျက်သား အိပ်ငိုက်နေသည့် အစောင့်အနားသို့သွားကာ လက်ဝါးထဲမှအမှုန့်များကို မှုတ်ထုတ်လိုက်သည်။ အမှုန့်များက အသက်ရှူသွင်းလိုက်သောအစောင့် နှာခေါင်းထဲ ဝင်သွားတော့သည်။

ယခု ထုပင်းတို့နှစ်ဦးသည် တစ်ယောက်က အပြင်မှမတ်တတ်ရပ်နေသလို ထုပင်းလည်းအထဲမှမတ်တတ်ရပ်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ယွမ်းရန်က မေးလိုက်သည်။

"ဘယ့်နှယ့်လဲ သေချာရဲ့လား"

"အမှုန့်တွေ နှာခေါင်းထဲဝင်မှာသေချာပါတယ်၊ ဘာလဲ... အိပ်ဆေးလား"

"သိပ်ပြင်းထန်တဲ့မေ့ဆေး... နည်းနည်းလေးဝင်တာနဲ့ထနိုင်မှာ မဟုတ်တော့ဘူး"

"ခင်ဗျားက ကျုပ်ထင်တာထက် ပိုပြီးလိမ္မာသေးတယ်"

"ဟွန်း... ဘာတွေပြောနေတာလဲ၊ ရှင် အရေးကြီးတဲ့စကားပြောစရာရှိရင် ပြောပါ"

"ဖြည်းဖြည်းပေါ့... ခင်ဗျားက ဘာလို့ အဲဒါလောက် လောရတာလဲ"

"အချိန်သိပ်မရဘူးရှင့်"

ထုပင်းက မျက်နှာကိုနီးကပ်အောင်တိုး၍....

"ကျုပ် မင်းအကြောင်းကိုသိချင်တယ်... ဒါမှလဲ ယုံယုံကြည်ကြည်နဲ့တိုင်ပင်လို့ရမှာ"

သူမကသက်ပြင်းတစ်ချက်ကိုခပ်မှျင်းမှျင်းချ၍....

"ကျွန်မအဖေကသမားတော်... အခု ကျွန်မတို့သားအဖနှစ်ယောက်စလုံးကို အကျယ်ချုပ်နဲ့ဖမ်းထားတာရှင့်"

"ဘာကြောင့်ဖမ်းထားရတာလဲ"

"အရေးထဲ ရှင့်ကိုအစအဆုံးပြောပြနေရင် မိုးလင်းသွားလိမ့်မယ်"

"သူတို့က မင်းတို့သားအဖကိုသတ်မှာလား"

"သူတို့ခိုင်းတာလုပ်နေရင် မသတ်ပါဘူး"

"ဘာတွေခိုင်းလို့လဲ"



"ထူးထူးထွေထွေ မဟုတ်ပါဘူး... ဆေးကုခိုင်းရင် ကုသပေးရတာပါပဲ"

ထုပင်းကမျက်နှာကိုရှေ့သို့တိုးကာ....

"ဒီမှာဖမ်းထားတဲ့လူတွေ အများကြီးပဲလား"

"ကျွန်မသိရသလောက် လူသုံးဆယ်လောက်ရှိမယ်"

"ဘယ်လိုလူစားမျိုးတွေလဲ"

"အတိအကျတော့ မသိဘူး၊ အဖေကပြောတော့ ထိပ်တန်းသိုင်းပညာရှင်တွေအများကြီးပဲလို့ ပြောတယ်"

ထုပင်း တစ်ချက်တွေဝေသွားတော့သည်။

"အကျဉ်းသားတွေထဲမှာ စီးရောင်ဖန်းတို့မိသားစုကို သိသလား"

သူမက မျက်မှောင်ကြုတ်လိုက်သည်။

"စီးရောင်ဖန်းဟုတ်လား"

"ဟုတ်တယ်... မိသားစုလေးယောက်"

သူမက မျက်နှာရှေ့သို့နီးကပ်လိုက်ပြီး....

"ကျွန်မသိပြီ... ရှင်နဲ့ဘယ်လိုပတ်သက်သလဲ"

"ကျုပ်မိတ်ဆွေပါ"

"စီးရောင်ဖန်းကိုတော့ သူတို့သတ်လိုက်ကြပြီ"

"ဟင်...."

ထုပင်းမှာ ထိတ်လန့်သွားတော့သည်။

"သတ်လိုက်ပြီဟုတ်လား... သူ့မိန်းမနဲ့ကလေးတွေကော"

"သူတို့သားအမိသုံးယောက်ကိုတော့ ဝက်ခြံထဲမှာ အလုပ်လုပ်ခိုင်းထားတယ်"

ထုပင်းကအံကိုကြိတ်၍ တိတ်ဆိတ်စွာစဉ်းစားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယွမ်းရန်က ဘေးဘီသို့လှည့်ပတ်ကြည့်ရင်း...

"ရှင်... ဒါပဲပြောစရာရှိတာယ်မဟုတ်လား၊ သွားတော့မယ်"

ထိုအခါ ထုပင်းက...

"ပြောစရာတွေကတော့အများကြီးပဲ၊ မင်းအဖေနဲ့ကျုပ် တစ်ခုခုတိုင်ပင်ချင်တယ်"

"မဖြစ်ဘူးနဲ့တူတယ်"

"ဘာကြောင့်လဲ"

"သူတို့ကတွေ့ခွင့်ပြုမှာမဟုတ်ဘူး"

ထုပင်းသည် အတန်ကြာအောင်စဉ်းစား၍...

"မင်းအဖေကသမားတော်ပဲ... သူကြံစည်ရင် ရပါတယ်"

"ကျွန်မ တိုင်ပင်ကြည့်မယ်လေ... ဟုတ်ပြီလား"

"ပြောကြည့်လေ... အဆင်ပြေရင် ကျုပ်ကလွတ်မြောက်အောင်ကြံဆောင်နိုင်တယ်လို့ ပြောပြလိုက်ပါ"

သူမကခေါင်းညိတ်ပြီး တံခါးဘောင်ပေါ်မှထမင်းပန်းကန်ကိုကြည့်ကာ...

"ရှင်... တကယ်ထမင်းမစားဘူးလား"

"ကျုပ်က အလိုလိုဝနေတာပါ"

"ဘာတွေစားနေလို့လဲ"

"မင်းရဲ့မျက်နှာကိုကြည့်နေရလို့ပေါ့"

"ဟင်... အရေးထဲ ရှင် ဒါမျိုးပြောနိုင်သေးတယ်"

သူမသည် ပြောပြီး ချာခနဲလှည့်ထွက်သွားလေသည်။

ကုတ်လှျံဖိသည် နံနက်မိုးလင်းသည်နှင့် အဆောင်များကိုလှည့်လည်စစ်ဆေးသည်။ ထို့ပြင် ဝက်များ၊ ဆိတ်များ မွေးထားသည့်နေရာများသို့လည်း စစ်ဆေးရလေသည်။



မြို့စားဂေဟာတွင် ကိုယ်ရံတော်တပ်ဖိုလ်တပ်သားပေါင်းများစွာရှိသည်။ သို့သော် မြို့စားကြီးကိုကျုံးပြီးလျှင် ဩဇာအာဏာအရှိဆုံးလူမှာ ကုတ်လှျံဖိပင်ဖြစ်လေသည်။

မြို့စားကြီးသည် ကုတ်လှျံဖိကို အယုံကြည်ဆုံး စိတ်အချဆုံးဖြစ်သည်။ ယခု ကုတ်လှျံဖိက ဝက်များ မွေးမြူထားသောအိမ်သို့ရောက်ရှိသည့်အခါ ချေးများကြုံးနေသောကလေးနှစ်ယောက်ကိုရှေးဦးစွာတွေ့လိုက်ရလေသည်။

တစ်ယောက်မှာ အသက် ၅–နှစ်ခန့်ရှိသည့်မိန်းကလေးဖြစ်ပြီး ကျန်တစ်ယောက်မှာ ၇–နှစ်ခန့်ရှိ ယောကျ်ားကလေးဖြစ်သည်။ ကုတ်လှျံဖိက ဝက်ခြံဝတွင်ရပ်တန့်လိုက်သည်နှင့် မိန်းကလေးကလက်နှစ်ဖက်ဆုပ်ကာ အရိုအသေပေးလိုက်သည်။

ယောကျ်ားလေးဖြစ်သူကမူ ဝက်ချေးကြုံးနေရာမှ ဝက်ချေးအချို့ကို ကုတ်လှျံဖိဘက်သို့ကော်ထုတ်လိုက်လေသည်။

"ဖတ်..."

ဝက်ချေးတစ်တုံးသည် ကုတ်လှျံဖိ၏အင်္ကျီကို ထိမှန်ပေကျံသွား၏။

"ခွေးတိရစ္ဆာန်... မင်း ဘာလုပ်တာလဲ... လာစမ်း ဒီကို"

ကလေးက ကုတ်လှျံဖိကို ခပ်တည်တည်စိုက်ကြည့်ကာ...

"ခင်ဗျား ဒီကိုဝင်လာပါလား"

"အံမာ... မင်းက ငါ့ကိုများ ဘာအောက်မေ့လို့လဲ"

ကုတ်လှျံဖိသည် ပြောပြောဆိုဆိုဖြင့် ဝက်ခြံထဲဝင်ကာ ကလေးငယ်ကိုပြေး၍ ကန်ထည့်လိုက်သည်။

"ဝုန်း..."

ကလေးသည် ရှုးရှူးဝါးဝါးအော်ဟစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အငယ်မမိန်းကလေးကလည်း အော်ငိုတော့သည်။

ထိုအခါ အမျိုးသမီးကြီးတစ်ဦးပြေးထွက်လာကာ သူ၏သားငယ်ကို ပြေး၍ပွေ့လိုက်သည်။

"အို... သားရယ်... ဘယ်လိုဖြစ်ရတာလဲကွယ်"

"ဒီလူကြီးကအဖေ့ကိုသတ်တယ်... အခု ကျွန်တော့်ကိုကန်တယ်ဗျ"

ကလေးက လက်ညှိုးထိုးပြီးပြောသည်။

မိခင်ဖြစ်သူက....

"အို... ဘဘကို ဒီလိုမပြောပါနဲ့သားရယ်၊ ဆရာကြီးရယ် ကျွန်မသားလေးမိုက်မဲတာကို ခွင့်လွှတ်ပါ"

ကုတ်လျှံဖိကဒေါသဖြင့်....

"နင့်သားကိုငါမသတ်မိအောင် စောင့်ရှောက်ထားပါ၊ ဒီမှာ ကြည့်စမ်း... ငါ့အင်္ကျီကို..."

ကုတ်လျှံဖိက ဝက်ချေးပေနေသောသူ့အင်္ကျီကိုပြလိုက်၏။ အမျိုးသမီးသည် ပျာပျာသလဲပြေးလာပြီး အင်္ကျီမှဝက်ချေးကို သုတ်ပေးလေသည်။

"သွားစမ်းပါ"

ကုတ်လျှံဖိသည် သူမကိုပါ ကန်ထည့်လိုက်သည်။ ထိုအချိန် ဝက်ခြံအနီး အိမ်ကလေးတစ်အိမ်မှ အသက်ခြောက်ဆယ်နီးပါး လူတစ်ယောက်ထွက်လာလေသည်။

"အို... ဗိုလ်ကြီးကုတ်လျှံဖိပါလား၊ ဒီကလေးတွေနဲ့ရန်ဖြစ်မနေပါနဲ့ဗျာ၊ ကျွန်တော် ရေနွေးအိုးတည်ထားပါတယ်"

အဘိုးအိုက ဖော်ရွေပြုံးရွှင်စွာ ပြောလိုက်သည်။ ထိုအဘိုးအိုမှာ သမားတော်ကြီးယွမ်းပိပင်ဖြစ်လေသည်။



သမားတော်ကြီးသည် ခါတိုင်းနေ့များက ကုတ်လျှံဖိကိုတွေ့ရှိနေသော်လည်း ဤကဲ့သို့ဖော်ရွေစွာ မဖိတ်ခေါ်ပေ။

ယနေ့ သူသည် ကလေးများကိုရိုက်နှက်နေသောကုတ်လျှံဖိအား ဖော်ဖော်ရွေရွေဖြင့်ခေါ်ငင်လိုက်သည်။

ကလေးတစ်ယောက် ဝက်ချေးနှင့်ပက်၍ ရှက်သွားမိသော ကုတ်လျှံဖိသည် သမားတော်ကြီးက ရေနွေးကြမ်းသောက်ရန် ခေါ်သဖြင့် ခပ်ရှက်ရှက်ဖြင့်သမားတော်ကြီး အိမ်ထဲသို့လိုက်ဝင်သွားလေသည်။

***

သမားတော်ကြီးသည် ကုတ်လျှံဖိအား နေရာထိုင်ခင်းပေးရင်း....

"ဗိုလ်ကြီး ကုတ်လျှံဖိက သဘောကောင်းလို့ပေါ့၊ ဒီကလေးတွေက တော်တော်ရိုင်းတာပဲ"

သမားတော်ကြီးက မြှောက်ပင့်ပြောလိုက်သည်။ ထိုအချိန် ယွမ်းရန်သည် ရေနွေးကရားဖြင့် စားစရာများချပေးသည်။

"အစ်ကိုကြီး သုံးဆောင်ပါဦး"

ယွမ်းရန်ကလည်း ဖော်ဖော်ရွေရွေဆက်ဆံသောအခါ ကုတ်လျှံဖိသည် စိတ်ထဲ၌ကျေနပ်သဘောကျသွားပုံပေါ်သည်။

"သမားတော်ကြီး အသိပါပဲလေ၊ မြို့စားကြီးက သူတို့မိသားစုအားလုံးကို သတ်မိန့်ပေးပေမဲ့ ကျုပ်က သူတို့ကိုမသတ်ခဲ့ပါဘူး"

"ဟုတ်ပါတယ်... ဟုတ်ပါတယ်၊ ကျွန်တော့်အသိအမြင်ပါ"

ယွမ်းရန်ကလည်း....

"အစ်ကိုကြီး သဘောကောင်းတယ်ဆိုတဲ့အကြောင်း ကျွန်မ ခဏခဏပြောနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကုတ်လျှံဖိသည်သဘောကျသဖြင့် မျက်လုံးများပင်အရောင်လက်လာသည်။

"အေးလေ... ငါ့အကြောင်း မင်းတို့သိပါတယ်၊ မင်းတို့သားအဖကိုတောင် မြို့စားကြီးကသတ်မယ်လုပ်သေးတယ်မဟုတ်လား၊ ငါ အတန်တန်တားခဲ့ရသေးတယ်"

"ဟုတ်တာပေါ့... ဒါကြောင့်မို့ အစ်ကိုကြီးကို ကျွန်မတို့က ကျေးဇူးတင်နေတာ"

"ဟဲ... ဟဲ... ရပါတယ်လေ၊ ဒါနဲ့သမားတော်ကြီး ဒီမှာနေရတာ ဝက်ချေးစော်နံမှာပဲနော်"

"အို... ကျွန်တော်တို့အတွက် မစဉ်းစားပါနဲ့ အခုလိုနေရတာပဲ ကျေနပ်လှပါပြီ"

ယွမ်းရန်ကဝင်၍...

"ဒါနဲ့ဖေဖေ မနေ့က ဖေဖေဖော်တဲ့ဆေးကို အစ်ကိုကြီး ပေးချင်လို့ဆို"

သမားတော်ယွမ်းပိက ပေါင်ကိုပုတ်လိုက်ပြီး...

"အေး... ဟုတ်ပေသားပဲ၊ ဗိုလ်ကြီးက အလုပ်တွေ သိပ်များပြီး ပင်ပန်းနေတယ်... အစွမ်းထက်တဲ့အားဆေးတစ်မျိုး ဖော်ထားတယ်... အဲ့ဒါစားစေချင်လို့ပါ၊ ဒါပေမဲ့ ကျွန်တော်ပျားရည်ရှာတာ မရဘူး၊ ပျားရည်ကိုတော့ ဗိုလ်ကြီးရှာပြီး ရောသောက်ပါနော်"

ယွမ်းပိက ဆေးဗူးကိုလှမ်းပေးလိုက်သည်။

ကုတ်လျှံဖိ အလွန်သဘောကျသွားသည်။

သူသည် စိတ်မောလူမောဖြစ်နေသည်မှာ အမြဲပင်ဖြစ်၏။

ထိုအခါ အားဆေးကောင်းကောင်းလိုအပ်သည်မှာ အမှန်ပင်ဖြစ်ပေတော့သည်။





"ကျေးဇူးတင်ပါတယ် သမားတော်ကြီး၊ နောက်တစ်ပုံလောက် ထပ်ဖော်ပေးပါဦး... ကျုပ်ငွေပေးပါ့မယ်"

"အို... အဲ နေပါစေ ဗိုလ်ကြီးရယ်၊ ကျုပ်တို့က အပြင်ထွက်ရတာမှမဟုတ်ဘဲ... ဆေးဝါးစာရင်းကိုသာပေးပါ့မယ်၊ ဗိုလ်ကြီးကပဲဝယ်ပေးပေါ့"

ကုတ်လျှံဖိကခေါင်းညိတ်၍...

"အင်း... ဟုတ်သားပဲ၊ ဒါပေမဲ့ မပူပါနဲ့လေ၊ ဒီက ညီမလေး အပြင်ထွက်ဆေးဝယ်ခွင့်လက်မှတ် ကျုပ်လုပ်ပေးထားပါ့မယ်"

ယွမ်းပိကရယ်၍...

"ဟာ... အဲဒါဆိုရင်တော့ အဆင်ပြေတာပေါ့ဗိုလ်ကြီးရယ်"

"အဖေ အစ်ကိုက သဘောကောင်းပါတယ်၊ ဟို... စိုးရိမ်စရာဖြစ်နေတဲ့လူမမာတစ်ယောက်အကြောင်းကို ပြောပြလိုက်ပါဦး"

ယွမ်းရန်စကားကြောင့် ကုတ်လျှံဖိ မျက်မှောင်ကြုတ်သွားသည်။

"ဟင်... ဘယ်လူမမာပါလိမ့်"

ယွမ်းပိက...

"အဆောင်သုံးမှာချုပ်ထားတဲ့နှုတ်ခမ်းမွေးနဲ့ ကုန်သည်ကို ပြောနေတာ"

"ဩော်... သိပြီ သိပြီ မသင်္ကာလို့ဖမ်းထားတဲ့လူ သူက ဘာဖြစ်လို့လဲ"

"သူ့ကို မြို့စားကြီးက ယပ်တောင်နဲ့ပစ်လိုက်တယ် မဟုတ်လား"

"အင်း... ဟုတ်တယ်၊ သူသိုင်းပညာတတ်မတတ် စမ်းသပ်လိုက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... သူ့ဒဏ်ရာတော်တော်နက်သွားပြီ၊ လက်မောင်းကြောပြတ်သွားတယ်၊ ညာဖက်တစ်ဖက်သေသွားတဲ့သဘောဖြစ်နေလို့ ကုသပေးပါလို့ပြောနေတယ်၊ ကျွန်တော်ကလဲ ဗိုလ်ကြီးကတော့ သဘောကောင်းမါတယ်၊ မေးကြည့်ပါရစေဦးလို့ပြောထားတယ်"

ကုတ်လျှံဖိသည် အတန်ကြာအောင်စဉ်းစား၍...

"အင်း... သူကြည့်ရတာ ကုန်သည်လူကောင်းတစ်ယောက်ပါပဲ၊ ပြန်ကောင်းနိုင်မယ်ဆိုရင်တော့ သမားတော်ကြီးကုသပေးလိုက်ပါ"

"ဟုတ်ကဲ့... အခုလို ဗိုလ်ကြီးဆီက အမိန့်ရတော့ ပိုကောင်းတာပေါ့ဗျာ"

ကုတ်လျှံဖိသည် ယနေ့ ထူးထူးခြားခြားရွှင်ပျနေသည်။

မျက်လုံးအစုံတို့သည် ယွမ်းရန်ထံသို့သာရောက်ရှိနေတတ်၏။ ယွမ်းရန်အနေဖြင့် ကုတ်လျှံဖိသည် အဘယ့်ကြောင့် မျက်နှာရွှင်လန်းနေသည်ကိုအကဲခတ်မိသည်။

ကုတ်လျှံဖိသည် ရေနွေးကြမ်းတစ်ခွက်ကိုသောက်ရင်းမှ...

"သမားတော်ကြီးနဲ့ကျွန်တော် အေးအေးဆေးဆေး တိုင်ပင်ပါဦးမယ်"

"ဟုတ်ကဲ့... တိုင်ပင်ပါဗျာ၊ ဒါပေမဲ့ ကျွန်တော်ကဆေးဝါးပဲ ကျွမ်းကျင်တယ်နော်"

ကုတ်လျှံဖိကရယ်လိုက်သည်။

"ကျွန်တော်ကလဲ တခြားအကြောင်းတွေမတိုင်ပင်ပါဘူးဗျ"

"ဟုတ်ကဲ့... ပြောပါခင်ဗျာ"

ကုတ်လျှံပိသည် ထိုင်ရာမှထလိုက်ပြီး...



"နောက် ကျွန်တော်အချိန်ရရင် လာခဲ့ပါ့ဦးမယ်"

"ဟုတ်ကဲ့... ကောင်းပါပြီ"

ကုတ်လျှံဖိသည် ယွမ်းရန်အား မျက်လုံးတစ်ချက်ဝေ့ကြည့်ကာ အိမ်ကလေးထဲမှထွက်သွားသည်။ သူ၏လက်ထဲတွင် သမားတော်ကြီးပေးလိုက်သည့် အားဆေးဗူးလေးတစ်ခုကိုင်ထားသည်။

ကုတ်လျှံဖိသည် ထိုအားဆေးကို ပျားရည်နှင့်သောက်သည့်အခါတွင် လောလောဆယ်အားဖြင့် လျှာပေါ်၌ အလွန်တစ်ရာ အရသာရှိလှသော်လည်း တစ်နေ့တခြား လေးလံထိုင်းမှိုင်းလာမည်ကိုတော့ လုံးဝသိရှာမည်မဟုတ်ပါပေ။

***

ညနေပိုင်းတွင် အချုပ်ခန်းတံခါးကပွင့်သွားသည်။

လူလေးယောက်ဝင်ရောက်လာသည်ကိုတွေ့ရ၏။

မြို့စားကြီးကျိုကျုံး...

သူ၏အားအထားရဆုံး ညာလက်ရုံးကုတ်လျှံဖိ...

မြို့စားကြီး၏ကိုယ်ရံတော်နှင့် သမားတော်ကြီးယွမ်းပိတို့ပင်ဖြစ်သည်။ ထုပင်းသည် သူ၏ညာလက်ကို ခုတင်ပေါ်မှနေ၍ အောက်သို့တန်းလန်းချထားသည်။

မြို့စားကြီးကျိုကျုံးက ရုတ်တရက်ဆွဲကိုင်၍ပြန်လွှတ်ချလိုက်လေသည်။ ထုပင်းညာလက်မောင်းသည် တန်းလန်းပြန်ကျသွားပြီး နာရီချိန်သီးကဲ့သို့ ဟိုဘက် သည်ဘက်ယမ်းနေသည်။

လက်မောင်းတစ်ခုလုံးသုံးမရတော့ဘဲ အကြောများ ပြတ်သွားသည့်ပုံသဏ္ဌာန်....

ထိုကဲ့သို့ ပုံသဏ္ဌာန်မျိုးဖြစ်နေအောင်လည်း ယွမ်းရန်၏ဆေးလာထည့်ပေးရင်း စောစောကမှ မှာကြားသွားခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးကျိုကျူးသည် သမားတော်ယွမ်းပိကိုကြည့်လိုက်သည်။

"သူ့လက်မောင်းက ဘယ်လိုဖြစ်သွားတာလဲ"

"သူ့ပခုံးအဆစ်ရာက အတော်နက်သွားတော့ လက်မောင်းလှုပ်ရှားတဲ့အကြောပြတ်သွားတာပါ"

မြို့စားကျိုကျူးသည် အေးစက်မာကျောသောအကြည့်ဖြင့် ထုပင်းကိုစိုက်ကြည့်နေသည်။ ပြီးမှ ကုတ်လျှံဖိဘက်သို့လှည့်ကာ...

"သူ့ကိစ္စပြောစမ်းပါဦး"

ကုတ်လျှံဖိက ရှေ့သို့တိုး၍...

"ပျောက်ဆုံးနေတဲ့တပ်သားနှစ်ယောက်ကို စုံစမ်းနေတုန်းပဲ ရှိပါသေးတယ်"

ကျိုကျူးက....

"သူဟာ လူကိုသတ်ပြီး မြင်းကိုလုယူတဲ့လူဆိုးတစ်ယောက် ဖြစ်နိုင်သလား မဖြစ်နိုင်ဘူးလား"

ကုတ်လျှံဖိက ထုပင်းကိုကြည့်ရင်းမှ....

"မြို့စားကြီးပဲ စမ်းသပ်တာမဟုတ်လား၊ သိုင်းပညာမတတ်တဲ့လူတစ်ယောက်ဟာ တပ်သားနှစ်ယောက်ကိုတော့ သတ်ပစ်နိုင်လိမ့်မယ်လို့ ကျွန်တော် မယုံဘူး"

မြို့စားကြီးသည် ထုပင်းဘက်သို့လှည့်လိုက်ပြန်သည်။

"မင်းက ကုန်သည်ဟုတ်လား"

"ဟုတ်ကဲ့"

"မြင်းရောင်းတဲ့လူကိုတွေ့ရင် မှတ်မိသလား"

"ဟုတ်ကဲ့... မှတ်မိပါတယ်၊ နှာခေါင်းကြီးကြီး မျက်ခုံးထူထူနဲ့ အသက်က လေးဆယ်ကျော်လောက်ရှိပါတယ်"



မြို့စားကြီးကျိုကျူးသည် ကုတ်လျှံဖိဘက်သို့လှည့်လိုက်၏။

"မင်းတို့လဲ အဲဒီပုံစံရှိတဲ့လူကို စုံစမ်းနေတာမဟုတ်လား"

"ဟုတ်ကဲ့... စုံစမ်းရေးသမားတွေ အများကြီးလွှတ်ထားပါတယ်"

မြို့စားကြီးသည် သမားတော်ကိုကြည့်လိုက်ပြန်၏။

"သူ့လက်မောင်းအကြောကို ခင်ဗျားပြန်ဆက်နိုင်ပါ့မလား"

မန်ချူးဘုရင်သည် တရုတ်ပြည်ကြီးကိုလွှမ်းမိုးအုပ်ချုပ်ထားသော်လည်း တစ်ခါတစ်ရံ မခံမရပ်နိုင်သောကုန်သည်ပွဲစား သူဌေးကြီးများကတိုင်တန်းလျှင် တကယ်မှန်ကန်ပါက မြို့စားနယ်စားများကို အပြစ်ပေးတတ်၏။ ကျိုကျူးသည် နာမည်ကြီးမြို့စားတစ်ဦးဖြစ်သော်လည်း ထုပင်း၏နောက်ကြောင်းကိုမသိ၍ အရမ်းမသတ်ရဲပေ။

ထို့ကြောင့် သူ့အတွက်နှင့်ဖြစ်ရသောလက်ကို တတ်နိုင်ပါက ပြန်ကောင်းစေချင်သောဆန္ဒရှိနေပေသည်။

သမားတော်ကြီးက လေသံခပ်ဖြည်းဖြည်းဖြင့်....

"ကျွန်တော် သေသေချာချာစစ်ဆေးပါဦးမယ်၊ အကယ်၍ မရတော့လဲ သူ့ကံပဲပေါ့"

မြို့စားကြီးကျိုကျူး ထိုစကားကိုသဘောကျသွားပုံရသည်။

"အင်း... သမားတော်ပြောတာမှန်တယ်... ရမယ်ဆိုရင်တော့ အကြောပြန်ဆက်ပေးလိုက်ပါ... မရရင်လဲ ပစ်ထားလိုက်ပေါ့"

"ဟုတ်ကဲ့ ကျွန်တော် ဒီတစ်ညလုံး ကြိုးစားကြည့်ပါ့မယ်"

"ကောင်းပြီလေ... အချုပ်ခန်းတံခါးကိုတော့ အပြင်က ပိတ်ထားမယ်... သမားတော်ကြီးပြီးစီးမှဖွင့်ပေးမယ်"

"ဟုတ်ကဲ့ ပိုပြီးကောင်းပါတယ်"

***

www.burmeseclassic.com

www.burmeseclassic.com



"အိုး....."

"အား....."

ထုပင်းထံမှနာကျင်စွာ ထွက်ပေါ်လာသောအသံများဖြစ်၏။

သမားတော်ကြီးက ခွဲစိတ်ကုသနေသဖြင့် ထုပင်းမှာနာကျင်စွာအော်ဟစ်ခြင်းဖြစ်သည်။ တံခါးစောင့်ပင် ထုပင်း၏အသံကိုကြားနေရသဖြင့် စိတ်မကောင်းဖြစ်သွားမိသည်။

အမှန်မှာ ယွမ်းရန်က မီးအိမ်ကိုကိုင်၍ပြထားသည်။

သမားတော်ကြီးကခွဲစိတ်ဟန်ပြုသည်။ ထုပင်းက လုံးဝမနာသော်လည်း ဟန်လုပ်၍အော်ဟစ်နေရခြင်းပင်ဖြစ်သည်။

သူတို့လုပ်ငန်းသည် သန်းခေါင်အချိန် နီးကပ်သည်အထိပင်ဖြစ်တော့သည်။

ထိုအခါ မြို့စားဂေဟာတစ်ခုလုံးသည် တိတ်ဆိတ်နေပြီဖြစ်သည်။ အစောင့်တပ်သားသည် တဝါးဝါးသမ်းနေ၏။ ယွမ်းရန်က အခန်းထဲ၌လှည့်ပတ်အလုပ်လုပ်နေရင်း အစောင့်နားသို့ရောက်ရှိသွားသည်။ ထူးခြားသည်မှာ အစောင့်လည်း မကြာမီ အိပ်ပျော်သွားတော့သည်။

ထုပင်း၏ခုတင်နှင့်အစောင့်နေရာသည် ပေ ၂၀–ခန့်ကွာသည်။ အိပ်မပျော်သည့်တိုင်အောင် ခပ်တိုးတိုးပြောဆိုလျှင် အစောင့်က ကြားနိုင်မည်မဟုတ်ပေ။

သူတို့သုံးဦးသည် ဆေးဝါးကုသဟန်ပြု၍ စကားများ ခပ်တိုးတိုးပြောဆိုနေကြခြင်းဖြစ်သည်။ ယွမ်းရန်က အိုးများ ခွက်များကို သိမ်းတန်သိမ်း ရွှေ့တန်ရွှေ့ပြုလုပ်နေပေသည်။

"မင်းနာမည် လုချိန်းလား"

သမားတော်ကြီးကမေးလိုက်ခြင်းဖြစ်၏။



ထုပင်းက ခေါင်းယမ်းလိုက်၏။

"မဟုတ်ဘူး... ကျွန်တော်ညာပြောထားတာ ကျွန်တော့်နာမည်ထုပင်းပါ... သိုင်းလောကမှာတော့ တစ်ဆောက်ကန်းလို့ခေါ်ကြပါတယ်"

"အင်း... ကျုပ် အဲ့ဒီနာမည်ကြားဖူးတယ်"

"ဆရာကြီးတို့ သားအဖရဲ့အခြေအနေကဘယ်လိုလဲ"

သမားတော်ကြီးက သူရောက်ရှိနေပုံကိုအကျဉ်းချုံး၍ ပြောပြလိုက်သည်။

"အကယ်၍ ဆရာကြီးတို့အပြင်ကိုရောက်နိုင်မယ်ဆိုရင် သူတို့နဲ့လွတ်အောင်ထွက်ပြေးဖို့ အကြံအစည်ရှိသလား"

သမားတော်ကြီးထံမှ တိတ်ဆိတ်သွား၏။

အတန်ကြာမှ သမားတော်ကြီးအသံပြန်ထွက်လာသည်။

"ဒီမှာဝဋ်ခံနေရတာထက်စာရင်တော့ လွတ်ရာကျွတ်ရာကိုထွက်ပြေးသွားတာက ပိုကောင်းတာပေါ့ကွာ"

"မှန်တယ်... ကျွန်တော်လဲ အဲဒီအတိုင်းပဲခံယူပါတယ်၊ ဒီကောင်တွေကစိတ်ချရတာမဟုတ်ဘူး၊ တစ်နေ့တစ်ချိန်မှာ အန္တရာယ်ပေးလာနိုင်တာပဲ"

"မင်း ဒီကိုရောက်လာရတဲ့ရည်ရွယ်ချက်ကကော"

"စီးရောင်ဖန်းတို့မိသားစုကို ကယ်ထုတ်ဖို့ပါ"

သမားတော်ကြီးမှာ အံ့ဩသွားပုံရလေသည်။

"ဟာ... မင်းကိစ္စကသိပ်မလွယ်ပါလား"

"ဘာဖြစ်လို့လဲဆရာကြီး"

"စီးရောင်ဖန်းကိုတော့ စစ်ဆေးလို့မရတဲ့အတွက်သတ်လိုက်ကြပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့… အဲဒါတော့ ယွမ်းရန်ပြောပြလို့သိပြီးပါပြီ၊ သူတို့ စီးရောင်ဖန်းမိသားစုကို ဘာကိစ္စနဲ့ဖမ်းတယ်ဆိုတာ ဆရာကြီးသိသလား"

သမားတော်ကြီးကခေါင်းညိတ်၍…

"သိရုံတင်ဘယ်ကမလဲ… ငါ့ကိုဖမ်းလာတာလဲ အဲ့ဒီကိစ္စပါတယ်"

"ဗျာ…"

ထုပင်း အံ့သြသွားရပြန်လေသည်။

"ဆရာကြီးကိစ္စနဲ့ဆက်နွယ်နေတယ် ဟုတ်လား"

"သိပ်ဟုတ်တာပေါ့… ဒဏ်ရာရလာတဲ့လူတစ်ယောက်ကို ငါကဆေးကုသပြီး အသက်ကယ်လိုက်တယ်၊ အဲ့ဒီကောင်ဟာ မြို့စားဂေဟာကကိုယ်ရံတော်တပ်သားအချို့ကို သတ်သွားတယ်လေ၊ ဒါကြောင့် ငါ့ကိုဖမ်းတာ"

"ဟုတ်ပြီ… အဲဒီလူကဘယ်သူလဲ"

သမားတော်ကြီးက…

"အစကတော့ ငါဘယ်သိပါ့မလဲ… အခုသိလိုက်ရတာကတော့ ငွေဖျိုင်းဖြူစီလောဟန်ဆိုတဲ့သိုင်းသမားဖြစ်နေတယ်"

"ဟာ… ငွေဖျိုင်းဖြူစီလောဟန်ဆိုတာက တကယ့်မျိုးချစ်သိုင်းသမားကြီးတစ်ယောက်ပဲ"

"အဲ့ဒါကြောင့် ငါကအဆစ်ပါလာရတာပေါ့"

ထုပင်း စိုးရိမ်သွားလေသည်။

"အင်း… ဒါဆို သူတို့ ငွေဖျိုင်းဖြူကိုမမိရင် ဆရာကြီးကိုတောင် အန္တရာယ်လုပ်ပေးနိုင်တယ်"

"အေး… ငါစဉ်းစားမိပါတယ်"



ထုပင်းက…

"ဟာ… ဟုတ်ပြီ၊ အခုမှ ကျွန်တော်စဉ်းစားမိတယ် ငွေဖျိုင်းဖြူ စီလောဟန်ဟာ စီးရောင်ဖန်းတို့မိသားစုနဲ့ပတ်သက်နေတာ ဖြစ်ရမယ်"

"ပတ်သက်နေရုံတင် ဘယ်ကမလဲ ငွေဖျိုင်းဖြူစီလောဟန်ဟာ စီးရောင်ဖန်းရဲ့ညီအရင်းပဲဟာ"

"အို… ဒါကြောင့် စီးရောင်ဖန်းမိသားစု ဒုက္ခရောက်ရတာကိုး"

သမားတော်ကြီးစိတ်ပျက်သလို ခေါင်းကိုယမ်း၍…

"စီးရောင်ဖန်းကတော့ သေသွားရရှာပါပြီကွာ… အခု လောကငရဲခံစားနေရတာတော့ သူ့မိန်းမနဲ့ကလေးနှစ်ယောက်ပဲ"

ထုပင်း စိတ်ဝင်စားစွာဖြင့်…

"အခု သူတို့ကို ဘယ်မှာထားသလဲ"

"အခုလောလောဆယ်မှာတော့ ဝက်ခြံထဲမှာ အလုပ်တွေခိုင်းထားတယ်၊ နောက်ပြီး သူတို့စုံစမ်းနေတာက စီးရောင်ဖန်းရဲ့သမီးအကြီးတစ်ယောက်ကိုလိုက်ရှာနေတယ်"

ထုပင်း ရင်ထိတ်သွား၏။ မိမိလွှတ်လိုက်သော စုဟုန်လင်းသည် ချပ်ခိုရွာတွင် ဆရာကြီးကတ်ရှူဝါးထားခဲ့သော မိန်းကလေးကိုတွေ့၍ စောင့်ရှောက်ထားနိုင်ပါစေဟုဆုတောင်းလိုက်သည်။

"ဒါထက် ဆရာကြီး ဒီမှာဖမ်းဆီးထားတဲ့လူ တော်တော်များသလား"

"အင်း… တော်တော်များတယ်ကွယ့်၊ သုံးဆယ်ကျော်ကျော်လောက်ရှိမယ်"

"အဲ့ဒီလူတွေကိုသတ်ပစ်ဖို့လား"

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးကသက်ပြင်းချ၍....

"အဲဒါတော့ ဘုရားသခင်မှသိမှာပဲ၊ အများအားဖြင့်ကတော့ သူတို့ရဲ့ရန်သူမှန်သမျှကိုသုတ်သင်ပစ်နေတာပဲ"

ထုပင်း အံကြိတ်၍ စဉ်းစားနေသည်။

အတန်ကြာအောင် စဉ်းစားပြီးမှ....

"ကျွန်တော် ဆရာကြီးနဲ့တိုင်ပင်ပြီး တစ်ခုခုတော့ဖြစ်အောင် လုပ်ရှားမယ်၊ ကျွန်တော်နဲ့ဆရာကြီး ပိပိရိရိရှိဖို့ပဲလိုတယ်"

သမားတော်ကြီးက ခေါင်းညိတ်လိုက်သည်။

"ငါ တတ်နိုင်သမျှကြိုးစားပါ့မယ်"

နေက ကျဲကျဲပူနေသည်။ မြင်းနှစ်ကောင်သည် နေပူကျဲကျဲထဲပင် ပြေးလွှားနေ၏။ မြင်းပေါ်မှလူများမှာ ကွေ့ရှူးနှင့်ပေါက်ခူးယုံတို့ပင်ဖြစ်လေသည်။ ကုမုထိက သူတို့နှစ်ဦးအား ထွက်ပြေးသွားသော မိန်းကလေးနောက်သို့လိုက်ခိုင်းလိုက်ခြင်းဖြစ်လေသည်။

ယခု သူတို့နှစ်ယောက်သည် လမ်းခွဆုံတစ်ခုသို့ရောက်ရှိလာသည်။ ရှေ့မှသွားနေသောကွေ့ရှူးက မြင်းကိုရပ်တန့်ပြီး သစ်ပင်ရိပ်တစ်ခုဆီသို့ လက်ညှိုးထိုးပြလိုက်သည်။

"ဟေ့... ပေါက်ခူးယုံ၊ သစ်ပင်အောက်မှာ ခဏနားကြဦးစို့ကွာ"

သူတို့နှစ်ဦးသည် သစ်ပင်ရိပ်အောက်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်လေသည်။ ပေါက်ခူးယုံက ရင်ဘတ်မှချွေးများကို အင်္ကျီစဖြင့်သပ်ရင်း....

"ဘယ်နေရာမှာသွားသေမှန်းမသိတဲ့ သေနာမလေးကို တို့နှစ်ယောက်က ဘယ်လိုလုပ်ပြီးရှာရမှာလဲ"

ကွေ့ရှူးက ပေါက်ခူးယုံအားမျက်စောင်းထိုးလိုက်သည်။



"အဲဒီကိစ္စက မင်းအသုံးမကျလို့ပေါ်ပေါက်လာရတဲ့ကိစ္စ"

ပေါက်ခူးယုံက ပြန်လည်၍မျက်စောင်းထိုးရင်း....

"ငါက ဘာအသုံးမကျလို့လဲ"

ကွေ့ရှူးက....

"မင်း ပြန်စဉ်းစားကြည့်ပါလား... အကယ်၍သာ ဆရာကြီးကတ်ရှူဝါးကိုကောင်းကောင်းမွန်မွန်စကားပြန်ပြောရင် ဒီပြဿနာက ပေါ်လာစရာမရှိဘူး၊ မင်းက တစ်ဖက်သားကိုမခံချင်အောင် လျှောက်ပြောတော့ အဘိုးကြီးကမင်းကိုကန်ချပြီး မြင်းလှည်းလှသွားတာ မဟုတ်လား"

ကွေ့ရှူးကပင် သူ့စကားကိုပြန်ဆက်လိုက်ပြန်သည်။

"မင်းအကျင့်ကိုက နေရာတကာမှမခံချင်အောင်ပြောတတ်တဲ့အကျင့်ရှိတယ်"

ပေါက်ခူးယုံကမဲ့လိုက်သည်။

"ငါ့ကိုတော့ပြောတယ်... မင်းကကော ဘာထူးလို့လဲ"

"ငါကဘာဖြစ်လို့လဲ"

"မင်းက ထစ်ခနဲရှိသတ်မယ်ဖြတ်မယ်ပြောတော့ ကောင်မလေးကလန့်ပြီးထွက်ပြေးတာပေါ့၊ အဲဒါ 'မင်းအပြစ်"

ကွေ့ရှူးသည် မတ်တတ်ရပ်ပြီး ဓားကို ရုတ်တရက် ဆွဲထုတ်လိုက်လေသည်။

"မင်းက ဘာလို့ငါ့ကိုလွှဲချတာလဲ... ဒီပြဿနာဟာ မင်းက စပြီးယူလာခဲ့တာ"

ပေါက်ခူးယုံသည် ကွေ့ရှူးကိုကြည့်၍ရယ်လိုက်လေသည်။

"မင်းဟာလေ အဲဒီလိုတိုက်ခိုက်ချင်တဲ့စိတ်တွေရှိနေလို့ ကောင်မလေးလန့်ပြေးတာဆိုတော့ မင်းကနာသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ... မင်းနဲ့ငါ လူခွဲပြီးမှာကြမယ်"

"မင်းကလဲ နှစ်ယောက်အတူလိုက်ရှာတော့ ဘာဖြစ်လို့လဲ"

ကွေ့စူးက ခေါင်းခါယမ်းလိုက်သည်။

"မသွားဘူးကွာ... မင်းနဲ့သွားရတာ အကုသိုလ်များတယ်"

ပေါက်ချူးယုံက ရယ်လိုက်ပြန်သည်။

"မင်းကြောင့် ခက်ပါသေးတယ် ကွေ့စူးရယ်"

"ဘာမှခက်မနေနဲ့... ငါတော့ သွားပြီ"

ပြောပြောဆိုဆို ကွေ့စူးသည် မြင်းပေါ်တက်ပြီး ဘယ်ဘက်ရှိ လမ်းမပေါ်တက်ကာ အပြေးအလွှားမောင်းနှင်သွားလေတော့သည်။

***

ပေါက်ချူးယုံသည် ကွေ့စူး၏မြင်းကိုမျက်စေ့တစ်ဆုံးကြည့်၍ ပြုံးလိုက်မိ၏။ ထို့နောက် ပေါက်ချူးယုံသည် မြင်းပေါ်ခုန်တက်ကာ ကွေ့စူးသွားသောလမ်း၏ဆန့်ကျင်ဘက်ဖြစ်သောညာဘက်လမ်းမကြီးအတိုင်း မောင်းနှင်လိုက်၏။

သူသည် ထိုညာဘက်လမ်းမကို နဂိုကတည်းက ရွေးချယ်ထားပြီးဖြစ်ပေသည်။ သူစိတ်ကူးမိသည်မှာ လန်စီကျင်းဆိုသော မိန်းကလေးသည် အခြားကျေးရွာများသို့သွားတတ်မည်မဟုတ်ပေ။

သွားခြင်းသွားလျှင် ကဝတ်ရုံဝါးကစောင့်ဆိုင်းခိုင်းထားသည့် ချုပ်ခိုရွာတည်းခိုခန်းသို့သာ ပြန်သွားနိုင်စရာအကြောင်းရှိသည်ဟု စဉ်းစားမိ၏။ ထို့ကြောင့် ချုပ်ခိုရွာသို့ဦးတည်မောင်းနှင်သွားခြင်းဖြစ်လေသည်။

***



ချုပ်ခိုရွာသည် မြို့ကလေးတစ်မြို့ပမာ ကျယ်ပြန့်ကြီးမား၏။

ထို့အတူ လမ်းဆုံလမ်းခွ၌ ရှိနေသော ချုပ်ခိုရွာတည်းခိုခန်းသည်လည်း စည်ကားမြဲစည်ကားနေ၏။

ဝင်သူထွက်သူစားသောက်သူများဖြင့် ခြေချင်းလိမ်နေပေ၏။ ဆိုင်ရှေ့လမ်းမကြီးပေါ်တွင် ခရီးသွားများသည် ခြေလျင်တစ်မျိုး မြင်းလှည်းများဖြင့်တစ်ဖုံ မြင်းကိုယ်စီဖြင့် တစ်သွယ်သွားလာနေကြ၏။

ယင်းခရီးသည်များထဲတွင် အသက် ၂၀ ကျော် အမျိုးသမီးတစ်ဦးနှင့် အသက်ဆယ့်လေးငါးနှစ်ခန့်ရှိ ယောကျ်ားလေးတစ်ယောက်တို့သည်လည်း မြင်းကိုယ်စီဖြင့် စီးလာကြရင်း တည်းခိုခန်းရှေ့တွင် ရပ်တန့်လိုက်ကြသည်။

သူတို့နှစ်ဦးကိုကြည့်ရသည်မှာ မောင်နှမဖြစ်ကြဟန်တူပေ၏။ ယောကျ်ားကလေး၏မျက်နှာသည် အမျိုးသမီးနှင့်ခပ်ဆင်ဆင်တူညီနေသောကြောင့် အားလုံးက မောင်နှမပင်ဖြစ်ရသည်ဟု ထင်ကြမည်မှာမလွှဲပေ။

သို့သော် ယောကျ်ားကလေးကဲ့သို့ဝတ်စားထားသူမှာ လန်စီကျင်းဖြစ်ပြီး အသက်ကြီးသောအမျိုးသမီးမှာ တိကျိန်းဖြစ်သည်။

တိကျိန်း၏ဖခင် တိယိုကျိုသည် လန်စီကျင်းအား စိတ်မချသဖြင့် ယောကျ်ားလေးတစ်ဦးကဲ့သို့ဖန်တီးပေးလိုက်ခြင်းဖြစ်သည်။

တိကျိန်းနှင့်လန်စီကျင်းသည် တည်းခိုခန်းစားသောက်ဆိုင်ထဲသို့ဝင်လာခဲ့ကြပြီး ပြတင်းပေါက်နားရှိစားပွဲတစ်လုံးတွင် ထိုင်လိုက်သည်။

အမှန်ဆိုလျှင် တိကျိန်းသည် ထိုစားသောက်ဆိုင်နှင့်တည်းခိုခန်းများသို့ မရောက်ဖူးပေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမက မရဲတရဲဖြစ်နေသော်လည်း လန်စီကျင်းသည် ထိုစားသောက်ဆိုင်နှင့်ရင်းနှီးပြီးသားဖြစ်သည်။

ယောကျ်ားလေးအသွင်နှင့်လန်စီကျင်းသည် ဟန်မူရာပါပါ ဆိုင်လုလင်ကို လက်ဖျစ်တစ်ချက်တီး၍ခေါ်လိုက်သည်။

ဆိုင်လုလင်လူငယ်လေးသည် အပြေးအလွှားရောက်ရှိလာသည်။

"ဘာသုံးဆောင်ချင်ပါသလဲခင်ဗျာ"

လန်စီကျင်းက တိကျိုန်းကိုကြည့်လိုက်သည်။

"မမ ဘာစားမလဲ"

တိကျိုန်းက....

"မောင်လေးတိဝမ်းအိရဲ့သဘောပဲ... စားချင်တာ မှာပေါ့"

လန်စီကျင်း၏အမည်ကို တိဝမ်းအိဟူ၍ပြောင်းလဲထားလေသည်။ လန်စီကျင်းက ဆိုင်လုလင်ကိုမော့ကြည့်လိုက်ပြီး...

"ခေါက်ဆွဲကြော်နှစ်ပွဲ"

"ဟုတ်ကဲ့... အကောင်းစားအရက်တွေလဲ ရှိပါတယ်"

"ဟင့်အင်း... တို့ အရက်မသောက်ဘူး"

ဆိုင်လုလင် ထွက်သွားသည်။ လန်စီကျင်းခေါ် တိဝမ်းအိသည် သူ၏နောက်ကျောစားပွဲသို့ တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

ထိုအခါ ရင်ထဲ ထိတ်ခနဲဖြစ်သွားမိသည်။

အခြားမဟုတ်ပါ။

ဤစားသောက်ဆိုင်၌ ယောကျ်ားတကာကိုပျော်တော်ဆက်နေသောချယ်ရီဆိုသည့်အမျိုးသမီးကိုတွေ့လိုက်ရသောကြောင့်ဖြစ်သည်။



ချယ်ရီက သူ့ကို တစ်ခါတစ်ခါ ခပ်ရွှးရွှးကလေးကြည့်နေသောအခါ လန်စီကျင်းရင်ထဲထိတ်၍သွားသည်။

"ဒီအမျိုးသမီး ငါ့မျက်နှာကိုမှတ်မိနေလို့လား"

လန်စီကျင်းစိုးရိမ်နေစဉ်မှာပင်....

ချယ်ရီသည် အခြားယောကျ်ားလေး တစ်ဦးကလှမ်းခေါ်သဖြင့် အခြားစားပွဲသို့ထသွားလေသည်။

လန်စီကျင်း အနည်းငယ် ရင်ထဲအေးသွားသည်။ ချယ်ရီကို မျက်တောင်မခတ်ကြည့်နေသူမှာ တိကျိုန်းဖြစ်သည်။

"ဟိုအမျိုးသမီးကလှတယ်နော်... မောင်လေး"

လန်စီကျင်းကနှာခေါင်းရှုံ့လိုက်သည်။

"မျက်နှာလှပေမဲ့ သူ့စိတ်ထားက လှတာမှမဟုတ်ဘဲ"

"ဟင်... မောင်လေးသိလို့လား၊ သူက ဘာဖြစ်လို့စိတ်ထားမလှတာလဲ"

"သူ့အလုပ်က ယောကျ်ားတွေရဲ့ရင်ခွင်ထဲမှာတိုးဝင်နေရတဲ့အလုပ်ပဲ"

"သြော်... ဒါကြောင့်လား"

"ဒီလိုမိန်းမမျိုးဟာ ဘယ်မှာတန်ဖိုးရှိပါ့မလဲ"

တိကျိုန်းက....

"သြော်... ဒါတော့လဲ သူ့ဘဝ အဆင်ပြေရေးဖြစ်မှာပေါ့ မောင်လေးရယ်"

လန်စီကျင်း ဘာမှဆက်မပြောတော့ပေ။

ထိုစဉ် ခေါက်ဆွဲကြော်ပန်းကန်များရောက်လာသည်။

လန်စီကျင်းက ဆိုင်လုလင်လေးအား....

"ဒီမှာငါ့ညီ..."

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့... ပြောပါအစ်ကို ဘာဖြစ်လို့လဲ”

“ဒီတည်းခိုခန်းမှာ တည်းခိုသွားတဲ့ လန်စီကျင်းဆိုတဲ့ မိန်းကလေးတစ်ယောက်ကို မင်းသိသလား”

ဆိုင်လုလင် အနည်းငယ်စဉ်းစားပြီးမှ ခေါင်းညိတ်လိုက်၏။

“သြော်... သိတယ် သိတယ်၊ ဒါပေမဲ့ သူမရှိတော့ဘူး”

“ဟုတ်လား... ဘယ်ရောက်သွားလို့လဲ”

“လူသုံးယောက်ကခေါ်သွားတာပဲဗျာ... သူက အစ်ကိုလေးရဲ့မိတ်ဆွေလား”

“ဆိုပါတော့... ဒါနဲ့ သူ့ကိုလာပို့တဲ့အဘိုးကြီးကော ပြန်လာသေးသလား”

“အဲဒီအဘိုးကြီးတော့ ပြန်မလာတော့ဘူးဗျ၊ ဒါပေမဲ့ လူနှစ်ဦး သုံးဦးရှိပြီ၊ သူ့ကိုလာမေးကြတယ်လို့ ဆိုင်ရှင်ဆီကသိရတယ်”

လန်စီကျင်း ရင်ထဲလှုပ်ရှားသွားသည်။

“ဘယ်သူတွေများပါလိမ့်... အဘိုးအို ကတ်ရှူဝါးတို့ပဲလား၊ ဒါမှမဟုတ် ကုမုထိတို့အဖွဲ့က လိုက်လာတာပဲလား၊ ဒါမှမဟုတ် မန်ချူးစုံစမ်းရေးသမားတွေပဲလား”

စဉ်းစား၍မရအောင်ဖြစ်သွားသည်။

“လာမေးတဲ့လူတွေကိုတော့ မင်းမသိဘူးပေါ့ဟုတ်လား”

ဆိုင်လုလင်က ခေါင်းညိတ်လိုက်သည်။

“ဟုတ်ကဲ့... ကျွန်တော် မသိပါဘူး”

“အစ်ကိုသိချင်ရင်တော့ ဟောဟိုမှာထိုင်နေတဲ့အမျိုးသမီးကိုမေးကြည့်၊ သူက ဒီမှာဖြစ်သမျှအကြောင်း အကုန်သိတယ်”

ချယ်ရီကိုညွှန်ပြပြီး ပြောလိုက်ခြင်းဖြစ်သည်။

***



ပေါက်ခူးယုံသည် ချပ်ခိုရွာတည်းခိုခန်းရှေ့ရောက်ရှိသည်နှင့် သူ၏မြင်းကို ရပ်တန့်လိုက်သည်။

သူသည် မြင်းပေါ်မှဆင်းပြီး သူ၏မြင်းကိုချည်ထားရန် မြင်းများထားသည့်နေရာသို့ကြည့်လိုက်သည်။

သူသည် အစွန်ဆုံးမြင်းတစ်ကောင်၏ဘေးတွင် သွား၍ချည်ထားလိုက်သည်။ ထို့နောက် ပေါက်ခူးယုံသည် အစွန်ဆုံးမှမြင်းကို ကြည့်လိုက်လေသည်။

အလွန်လှပြီး သန်စွမ်းသည့်မွန်ဂိုမြင်းကြီးတစ်ကောင်ဖြစ်၏။ ပေါက်ခူးယုံသည် ထိုမြင်းကို အလွန်သဘောကျသွားလေသည်။

ထို့ကြောင့် သူသည် မြင်းကြီးကိုကြည့်ရင်းမှ သူ့မြင်းကိုလည်း ယှဉ်၍ချည်နှောင်ထားလိုက်လေသည်။

ထို့နောက် ပေါက်ခူးယုံသည် ဆိုင်ထဲသို့ဝင်လိုက်၏။ စားပွဲအလွတ်များကို မျက်လုံးဝေ့ကြည့်လိုက်သည်။

ထိုစဉ် သူ၏မျက်လုံးအစုံသည် စားပွဲတစ်ခု၌ တစ်ယောက်တည်းထိုင်နေသောချယ်ရီကိုတွေ့သွားသည်။

ချယ်ရီကိုမသိသော်လည်း ချယ်ရီသည် သူ့ကိုခပ်ပြုံးပြုံးကြည့်နေသောကြောင့် ပေါက်ခူးယုံ၏ရင်သည် တစ်ချက်လှုပ်ရှားသွားပြီး ချယ်ရီ၏စားပွဲနားသို့လျှောက်သွားလေသည်။

“လာထိုင်လေအစ်ကိုကြီး... ဒီစားပွဲမှာ ကျွန်မတစ်ယောက်တည်းပါ”

ထိုစကားကြောင့် ပေါက်ခူးယုံကလည်း သွားများအားလုံးပေါ်အောင်ဖြဲပြလိုက်လေသည်။

“ဟုတ်ကဲ့... ကျွန်တော်ကလဲ တစ်ယောက်တည်းပါပဲ”

ပေါက်ခူးယုံမှာ ချယ်ရီအကြောင်းကိုမသိပေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား လုပသောအမျိုးသမီးက ဖော်ဖော်ရွေရွေ ဆက်ဆံသည်ဟုပင် သူ့ကိုယ်သူ အထင်ကြီးသွားတော့သည်။

သူတို့နှစ်ယောက်၏စကားပြောသံကြောင့် လန်စီကျင်းက တစ်ချက်လှည့်ကြည့်ရာ မျက်နှာကွက်ခနဲပျက်သွားလေသည်။

ထိုအခြင်းအရာကို အကဲခတ်မိသောတိကျိုန်းက....

"ဘာဖြစ်လို့လဲမောင်လေး"

လန်စီကျင်းသည် လက်မကိုကော့၍နောက်သို့ပြရင်း....

"အဲ့ဒီကောင်ဟာ ပေါက်ခူးယုံဆိုတဲ့ကောင်ပေါ့... ကုမုထိရဲ့ တပည့်လေ"

တိကျိုန်းက မသိမသာလှမ်းကြည့်၍....

"အသာနေပါ... သူတို့ဘာပြောတယ်ဆိုတာ နားထောင်ရအောင်"

"ဖြစ်ပါ့မလား... လစ်ကြရင် ကောင်းမယ်နဲ့တူတယ်"

"အသာနေစမ်းပါမောင်လေး... ဘာမှစိုးရိမ်စရာမလိုဘူး၊ ဘယ်သူမှလဲ မမှတ်မိနိုင်ဘူး... မမကြည့်ရှင်းမယ်"

လန်စီကျင်း အနည်းငယ်စိတ်သက်သာရာရသွားသည်။

ထိုအချိန်တွင် ချယ်ရီတို့စားပွဲမှစကားပြောသံများကို ကြားနေရသည်။

"အစ်ကိုကြီးက အဝေးကြီးကလာတာနဲ့တူတယ်... တော်တော် မောလာပုံရတယ်"

ပေါက်ခူးယုံက နဖူးချွေးများကိုသပ်ချရင်း....

"ဟုတ်တယ်ဗျာ... နေကလဲ အရမ်းပူတော့ တော်တော်ပင်ပန်းတယ်"

ချယ်ရီကပြုံး၍....



"ဒီကိုရောက်ရင် အမောပြေသွားမှာပေါ့အစ်ကိုကြီးရယ်"

သူမကပြောပြီး ဆိုင်လုလင်တစ်ဦးအားလှမ်းကြည့်၍....

"ဟေ့... ဒီကိုခဏလာစမ်း"

ဆိုင်လုလင် ပြေးလာသည်။

"ဘာအလိုရှိပါသလဲ"

ချယ်ရီကပြုံး၍ ပေါက်ခူးယုံကိုကြည့်ကာ....

"အစားအသောက်ထဲက အစ်ကိုကြီးဘာကြိုက်သလဲဟင်"

ပေါက်ခူးယုံက ဟန်ပါပါဖြင့်....

"ညီမစားချင်တာ မှာလေ... အစ်ကိုကြီးက ဘာမဆိုစားပါတယ်"

ချယ်ရီက ဆိုင်လုလင်ကိုမော့ကြည့်ကာ....

"နှစ်ချို့အရက်တစ်အိုးနဲ့ ဘဲကင်တစ်ကောင်. ဟင်းချိုက တစ်ခွက်"

ပေါက်ခူးယုံနဖူးမှ ချွေးစီးများထွက်လာပြန်သည်။

ခရီးပမ်း၍ထွက်သောချွေးတော့ ဟုတ်မည်မထင်ပေ။

သူသည် နှစ်ချို့အရက်၏တန်ဖိုးကိုသိထားသည်။

နှစ်ချို့အရက်သည် သူဌေးသားများ မင်းညီမင်းသားအရာရှိများသာ သောက်နိုင်သောအရက်ဖြစ်သည်။

ဖြစ်ချင်ရာဖြစ်ပါစေ။ ထိုအမျိုးသမီးနှင့်အတူစားရဖို့တော့ ပါသမျှကုန်သွားလည်း အကြောင်းမဟုတ်ဟု သဘောပေါက်လိုက်လေသည်။

"ဒါထက် အစ်ကိုကြီးကဘယ်နယ်ကလဲ"

ချယ်ရီ ယခုကဲ့သို့မေးမှ ဒီကိုရောက်လာရသည့်အကြောင်းရင်းကို သူသတိရသွားဟန်တူပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ကုမုဒ်ထိန်နဲ့ညီအစ်ကိုတွေပါ... ညီမ ကြားဖူးလိမ့်မယ်ထင်ပါတယ်"

ချယ်ရီ ရုတ်တရက်ပါးစပ်ဟသွားသည်။

ယခု သူမ မှတ်မိသွားပြီဖြစ်သည်။

ဟိုတစ်လောဆီက လန်စီကျောင်းဆိုသည့်မိန်းကလေးကို မြင်းလှည်းခိုးလာသူဟု စွပ်စွဲ၍ ကုမုဒ်တို့သုံးဦး လာရောက်ဖမ်းဆီးသွားစဉ်က ယခု သူမရှေ့တွင်ထိုင်နေသောပေါက်ချူးယုံလည်း ပါလာခဲ့သည်မဟုတ်ပါလား။

သို့သော် ချယ်ရီသည် တစ်ဖက်သားကိုမြှောက်ပင့်ပြောဆိုမှ သူ့ဘာဝစိုပြည်မည်ဖြစ်၍ ဆက်လက်၍မြှောက်ပင့်လိုက်သည်။

"အို... သိတာပေါ့၊ ကုမုဒ်တို့ညီအစ်ကိုတွေဟာ သိုင်းလောကမှာ ထိတ်ထိတ်ကျဲ ကျော်ကြားခဲ့တဲ့လူတွေပဲ၊ ဟိုတစ်ယောက်တောင် မြင်းလှည်းခိုးလာတဲ့ကလေးမလေးတစ်ယောက်ကို ဆုံးမဖို့ခေါ်သွားသေးတယ် မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ညီမရယ်... အခု အဲဒီသူခိုးမလေးပျောက်သွားလို့ လိုက်ရှာနေရတာ"

တိကျိုန်းနှင့်လန်စီကျောင်းသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ငြိမ်သက်စွာနားထောင်နေကြသည်။

ချယ်ရီက တစ်စုံတစ်ခုကိုစဉ်းစားမိကာ...

"ဒါထက် နေပါဦး... ကျွန်မသိသလောက် ပြောရမယ်ဆိုရင် အဲ့ဒီကောင်မလေးကိုလာရှာတဲ့လူတစ်ယောက် ရှင်တို့ဆီရောက်မလာဘူးလား"

"ရောက်လာတယ်... အဲ့ဒီကောင်လေး ရောက်မလာခင် ကောင်မလေးကပျောက်သွားတာ"



"ကဲပါ အစ်ကိုကြီးရယ်... တစ်နေ့ ဒီကောင်မလေး ပြန်တွေ့ရမှာပေါ့၊ အမောပြေ အရက်ကလေးသောက်လိုက်ပါဦး"

ပေါက်ချူးယုံမှာ ချယ်ရီထံမှစကားအရ လန်စီကျောင်း ဤနေရာသို့ပြန်လည်မရောက်လာမှန်း သိလိုက်ရသည်။

သို့သော် လန်စီကျောင်းအား မတွေ့ရသော်လည်း ချယ်ရီကဲ့သို့သောလှပသည့်အမျိုးသမီးကိုတွေ့နေရသဖြင့် သဘောကျကျေနပ်နေပေသည်။

ထို့ကြောင့် သူသည် ချယ်ရီကငှဲ့ပေးသောနှစ်ချို့အရက်ကို တစ်ခွက်လုံးမော့ချလိုက်လေသည်။

"အားပါး... ကောင်းလိုက်တဲ့အရက်"

ချယ်ရီက နှစ်မြို့က်စွာပြုံးရင်း....

"အဲ့ဒီအရက်မျိုးက အစ်ကိုကြီးလိုလူမျိုးတွေမှ သောက်နိုင်တာ"

ပေါက်ချူးယုံက တံတွေးကိုအတင်းမျိုချလိုက်သည်။

"ဟဲ... ဟဲ... ဟုတ်တာပေါ့... ဟုတ်တာပေါ့"

ချယ်ရီသည် အရက်နှင့်စားစရာများကို မြိန်ရည်ယှက်ရည် စားသောက်သည်။

သူမ၏ခန္ဓာကိုယ်သည် တစ်ခါတစ်ခါ ပေါက်ချူးယုံဘက်သို့ ကိုယ်လုံးချင်းထိအောင် ယိမ်းယိုင်သွားလေသည်။

ပေါက်ချူးယုံမှာ သဘောကျနေသည်။ သူတို့နှစ်ယောက်သည် စားရင်းသောက်ရင်း ရယ်မောရင်းဖြင့် နှစ်ချို့အရက်တစ်အိုးကုန်သွားတော့သည်။

နှစ်ယောက်စလုံးလည်း မူးနေကြပြီဖြစ်သည်။ ပေါက်ချူးယုံမှာ လျှာများပင် လေးလာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ညီမ အစ်ကိုကြီးကိုပြုစုတာ သိပ်ကျေးဇူးတင်တာပါပဲ"

"ဒါဟာ အစပဲရှိပါသေးတယ်… နောက်ဆိုရင် အစ်ကိုကြီး ညီမကိုပိုပြီးသဘောကျမှာပါ"

ပေါက်ခူးယုံကရယ်၍….

"ခုလဲ သဘောကျပါတယ်ဗျာ"

သူသည် ပြောရင်းမှ ချယ်ရီ၏ပခုံးကိုလှမ်းဖက်လိုက်သည်။

ချယ်ရီကလည်း အလိုက်သင့် ပြန်ဖက်ထားလိုက်သည်။

သို့သော် ချယ်ရီ၏လက်တစ်ဖက်သည် ပေါက်ခူးယုံအိတ်ထဲမှငွေတုံးအချို့ကို နှိုက်ယူသွားမှန်း ပေါက်ခူးယုံမသိလိုက်ပါ။

အရက်လည်းကုန်ပြီ။ စားစရာလည်း ကုန်ပြီဖြစ်သည်။ သူမထံသို့ ငွေတုံးအချို့လည်းရောက်ရှိသွားပြီဖြစ်သည်။

ထိုအခါ ချယ်ရီသည် ပေါက်ခူးယုံဆိုသည့်လူကို အသုံးလိုတော့မည်မဟုတ်ပေ။

"အစ်ကိုကြီး"

ပေါက်ခူးယုံက ရီဝေသောမျက်လုံးဖြင့်မော့ကြည့်ကာ….

"ညီမ ဘာပြောမလို့လဲ ပြောလေ"

"အစ်ကိုကြီးက အလုပ်များတဲ့ပုဂ္ဂိုလ်မဟုတ်လား၊ ကောင်မလေးကိုရှာလို့တွေ့ပြီးရင် အစ်ကိုကြီးပြန်လာခဲ့ဦးနော်"

ပေါက်ခူးယုံမှာ အတော်မူးနေပြီဖြစ်သည်။

"ဟုတ်တယ်… ညီမပြောတာမှန်တယ်၊ ကျုပ်ကသိပ်အလုပ်များတယ်"

သူသည် ပြောပြီး အိတ်ထဲမှငွေတုံးအချို့ကိုထုတ်ယူလိုက်၏။ သို့သော် ကျသင့်သောငွေနှင့် သူ့အိတ်ထဲမှငွေအားလုံးမှာ အတိအကျဖြစ်နေ၍ ပေါက်ခူးယုံ၏စိတ်ထဲတွင်….



"တော်ပါသေးရဲ့"

ဟု ထင်မိလိုက်၏။ သူသည် ဒယီးဒယိုင်ဖြင့်ထရပ်၍ ချယ်ရီကိုပြုံးပြကာ ဆိုင်ထဲမှယိုင်တိယိုင်တိုင်ဖြင့်ထွက်သွားလေသည်။

ဆိုင်ပြင်သို့ရောက်သည်နှင့်သူ မျက်လုံးပြူးသွား၏။ သူသည် အရက်သောက်ထားသည်မှာ များ၍မမြင်တာလားဟု သူ့မျက်လုံးကို ပွတ်ကြည့်လိုက်သည်။

မမှားပါ။ သူ၏မြင်းသည် သူထားသည့်နေရာတွင်မရှိတော့ဘဲ အစွန်ဆုံးနေရာတွင် သူအလွန်ကြိုက်နှစ်သက်သောမွန်ဂိုမြင်းကို သာတွေ့ရသည်။

"ဟိုက်… အဲဒါမှဒုက္ခပဲ"

သူသည် ခေါင်းကုတ်၍ညည်းညူလိုက်၏။

သူ၏မြင်းပျောက်သွားကြောင်း ဆိုင်ရှင်အား သွားရောက်ပြောလျှင် ကောင်းပါမည်လားဟုစဉ်းစား၏။

မဖြစ်ပါ။ သူ အရက်အမူးလွန်၍ မြင်းပါပျောက်သွားရခြင်းဖြစ်သည်ဟု အထင်သေးစွာဖြင့်ဝိုင်းရယ်ကြမည်ဖြစ်သည်။ သူ၏အိတ်ကိုပြန်စမ်းကြည့်တော့လည်း ငွေကတစ်ပြားတစ်ချပ်မှမရှိတော့။

မိမိ ဘာလုပ်ရမည်နည်း။ သူက အလျင်အမြန်စဉ်းစား၏။ သူ့စိတ်ထဲတွင် အရက်မူးသမားတစ်ဦးသည် အမူးလွန်၍ သူ၏မြင်းကို မှားစီးသွားသည်ဟုထင်မိလိုက်သည်။

ဒီတော့ သူကလည်း သူ အလွန်နှစ်သက်နေသော မွန်ဂိုမြင်းကြီးကိုကြိုးဖြတ်၍ အလျင်အမြန်ပင် စီးထွက်သွားတော့၏။

***

www.burmeseclassic.com

ထိုအချိန်တွင် ချယ်ရီ၏မျက်လုံးအစုံသည် ယောကျ်ားလေးဟန်ဆောင်ထားသည့် လန်စီကျင်းထံသို့ရောက်ရှိနေသည်။ သူမ၏အလုပ်မှာ တစ်ယောက်မရှိတော့လျှင် နောက်တစ်ယောက်ရှာရမည်သာဖြစ်ပေသည်။

လန်စီကျင်း၏အမူအရာအသွင်အပြင်ကလည်း ယောကျ်ားလေးနှင့်တူလွန်းလှသည်။

လန်စီကျင်းက သူ့စိတ်ကူးနှင့်သူ ချယ်ရီကိုကြည့်နေမိသော်လည်း ချယ်ရီ၏စိတ်ထဲတွင် ထိုလူငယ်ကလေးသည် သူ့ကိုစိတ်ဝင်စားနေသည်ဟုအထင်ရှိ၏။

သူမသည် ပေါက်ခူးယို၏အကောင်းစားနှစ်ချို့အရက်ကိုသောက်ထားရသဖြင့် အတော်ကလေးရီဝေနေသည်မှာအမှန်ပင်ဖြစ်သည်။

သူသည် ရဲတင်းစွာပင် လန်စီကျင်းနှင့်တီကျိန်းတို့ထိုင်နေသော စားပွဲသို့ကူးပြောင်းလာ၏။

သူမသည် တီကျိန်းကိုကြည့်ကာ....

"ကျွန်မ အကဲခတ်တာမမှားလောက်ပါဘူး... ညီမလေးတို့က မောင်နှမများဖြစ်မလား မသိဘူး"

တီကျိန်းကပြုံး၍ခေါင်းညိတ်သည်။

"ရှင်အကဲခတ်တာမမှားပါဘူး... ကျွန်မတို့မောင်နှမပါ"

ချယ်ရီကလည်းရယ်လိုက်၏။

"သိပ်မထင်မကြီးပါနဲ့လေ... မျက်နှာခပ်ဆင်ဆင်တူနေလို့ပြောရတာပါ"

"ဟုတ်လား... ကျွန်မတို့မောင်နှမက ဒီလောက်တောင်မှပဲတူနေလို့လား"



ချယ်ရီသည် ပထမပြုံးနေသော်လည်း တီကျိန်းတို့နှစ်ဦးကိုကြည့်၍ မျက်နှာညှိုးသွားပုံရ၏။

"ရှင်တို့မောင်နှမနှစ်ယောက်ရုပ်ချင်းတူတာမြင်ရတော့ ကျွန်မဘဝကိုပြန်ပြီး သတိရမိတယ်"

သူမမှာ ခံစားချက်တစ်ခုခုရှိနေမှန်း ရိပ်စားမိလိုက်၏။

လန်စီကျင်းသည် သူမ၏ဘဝကိုသိပ်စိတ်မဝင်စားပေ။

သူသိလိုသည်များကိုသာမေးမြန်းရန် စဉ်းစားလိုက်၏။

"ဒါထက် အစ်မကြီး စောစောက အစ်မကြီးနဲ့စကားပြောနေတဲ့လူကို ကျွန်တော်မြင်ဖူးသလိုရှိလို့ပါ။ သူ့နာမည်ကို အစ်မကြီးသိလိုက်သလား"

သူမက စကားအစ်ထုတ်လိုက်လေသည်။

"အို... သိတာပေါ့မောင်လေးလဲ ကြားဖူးပါလိမ့်မယ်၊ ကျားလက်ဝါးကုမ္ပဏီရဲ့သွေးသောက်တွေပေါ့... သူ့နာမည်ကတော့ ပေါက်ခူးယိုတဲ့"

လန်စီကျင်း....

"ဟင်... ကျားလက်ဝါးကုမ္ပဏီဆိုတာတော့ ကြားဖူးပါတယ်၊ သူတို့က ပန်းပဲဖိုလုပ်ကြတယ်မဟုတ်လား"

ချယ်ရီခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်ကွယ့်"

လန်စီကျင်း....

"ဩော်... သူက ဒီလောက်အဝေးကြီးမှာနေပြီး ဒီမှာအရက်လာသောက်တယ်နော်"

"တမင်တကာ လာတာမဟုတ်ပါဘူးကွာ... ကောင်လေးတစ်ယောက်ထွက်ပြေးသွားတာကို လိုက်ရှာနေတာ"

www.burmeseclassic.com



ချယ်ရီသည် ခပ်မူးမူးနှင့်တိကျိုန်းတို့ကိုရင်းနှီးစွာပင် ပြောပြသည်။ တိကျိုန်းသည် ပါးနပ်၏။

ချယ်ရီကို အရက်အနည်းငယ်ထပ်တိုက်လျှင် သတင်းတော့ ရနိုင်မည်ဟုထင်မိလေသည်။

ထို့ကြောင့် သူမသည် ဆိုင်လုလင်တစ်ယောက်ကိုလှမ်းခေါ်သည်။ ဆိုင်လင်လေးရောက်လာသည့်အခါ....

"ဟောဒီကအစ်မကြီးကို အရက်တစ်အိုးချပေးပါကွယ်... မမတို့ပြုစုချင်လို့ပါ"

ဆိုင်လုလင်သည် ပြေးလွှား၍ အရက်တစ်အိုးယူလာကာ စားပွဲပေါ် ချပေးလိုက်သည်။

"အို... ရှင်တို့မောင်နှမက ညီ့သည်တွေပဲ၊ ကျွန်မက ကျွေးရမှာပါ"

ချယ်ရီက အားနာဟန်ဖြင့်ပြောသည်။

တိကျိုန်းက....

"မဟုတ်တာပဲရှင်... ကျွန်မတို့မောင်နှမကပဲ ကျွေးမွေးပြုစုပါရစေ၊ ကျွန်မ တိကျိုန်းလို့ခေါ်ပါတယ်၊ ကျွန်မရဲ့မောင်လေးကတော့ တိဝမ်းအိ"

တိကျိုန်းကမိတ်ဆက်လိုက်ရာ ချယ်ရီကခေါင်းညိတ်၍....

"ဟုတ်ကဲ့... ကျွန်မမှတ်ထားပါ့မယ်၊ ကျွန်မနာမည် ချယ်ရီလို့ခေါ်ပါတယ်၊ ဒါနဲ့အစ်မကြီးတို့က ခရီးသည်တွေပဲလား"

လန်စီကျင်းက ဝင်၍ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... ဩော် ဒါထက် စောစောက ပေါက်ခူးယုံဆိုတဲ့လူက ကောင်မလေးထွက်ပြေးလို့လိုက်ရှာနေတယ်ဟုတ်လား၊ ဘာလဲ... သူ့မိန်းမလား"



ချယ်ရီက ရယ်လိုက်လေသည်။

"မဟုတ်ပါဘူး မောင်လေးရယ်... ကောင်မလေးက လမ်းပေါ်ကဖြစ်ပါလိမ့်မယ်၊ အဘိုးကြီးတစ်ယောက်နဲ့ အဲဒီကလေးမက ကုမုထိ တို့မြင်းလှည်းကိုခိုးယူလာလို့ ကောင်မလေးကိုတွေ့တာနဲ့ပြန်ဖမ်းသွားတယ်၊ သူတို့လက်ထဲကျမှ ကောင်မလေးကထွက်ပြေးလို့"

တိကျိုန်းကမျက်မှောင်ကြုတ်၍ နားထောင်ရင်းမှ မသိဟန်ပြု၍....

"ဟင်... အဘိုးကြီးကကော"

ချယ်ရီသည် အရက်အနည်းငယ်ကိုငုံ၍ အသာအယာသောက်ချလိုက်ပြီးမှ....

"ဘယ်လိုပြောရမှန်းတောင်မသိဘူး... အဘိုးကြီးက ကောင်မလေးကို ဒီမှာထားပြီး အဲ့ဒီမြင်းလှည်းနဲ့ပြန်ထွက်သွားတယ်၊ ကောင်မလေးကို ကုမုထိတို့က လာဖမ်းသွားတယ်၊ မနေ့ကပဲ လူငယ်ချောချောတစ်ယောက်က အဲဒီကောင်မလေးကိုလာရှာတယ်၊ ဒီနေ့ကျတော့ ပေါက်ခူးယုံက လာရှာပြန်ရော မမတော့ မျက်စိကိုလည်နေတာပဲ"

ချယ်ရီ၏စကားထဲတွင် လူငယ်ချောချောတစ်ယောက်က လာရှာတယ်ဟုကြားရသဖြင့် ဘယ်သူဖြစ်နိုင်ပါလဲဟု တွေးတောနေမိသည်။ တိကျိုန်းက....

"ဒီကောင်မလေးမှာ လျှို့ဝှက်ချက်တွေရှိနေတယ်နဲ့တူတယ်"

ချယ်ရီကခေါင်းညိတ်၍....

"ဟုတ်မယ် ထင်တာပါပဲလေ၊ ကျွန်မတော့ မစဉ်းစားတတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီမှာ စကားဆုံးဟန်မတူသေးသော်လည်း မိတ်ဆွေတစ်ဦးကလက်ယပ်ခေါ်နေသဖြင့်….

“ကဲ… ရှင်တို့မောင်နှမကိုကျေးဇူးတင်ပါတယ်၊ နောင်ကြုံကြိုက်ရင် ဝင်ခဲ့ပါနော်”

ဟု ပြောဆိုနှုတ်ဆက်၍ထသွားသည်။

တိကျိန်းနှင့်လန်စီကျင်းသည် ကျသင့်ငွေများရှင်းလင်းကာ ဆိုင်ထဲထွက်ခဲ့ကြတော့သည်။

***



မွန်ဂိုမြင်းမျိုးမို့ ပြေးအားသန်လှသည်။

ကြွကြွရွရွလည်းရှိ၏။

ပေါက်ခူးယုံသည် ထိုမြင်းကိုရရှိလာသည်မှာ အလွန်ပျော်ရွှင်နေမိသည်။

သူသည် ထိုမြင်းကို တမင်တကာခိုးယူလာခြင်းမဟုတ်ပါ။ သူ၏မြင်းကို တစ်ခြားလူကယူသွား၍သာ သူက ထိုမြင်းကိုယူလာရခြင်းဖြစ်သည်ဟု သူ့ဘာသာဆုံးဖြတ်ထားသည်။

ပေါက်ခူးယုံသည် လမ်းမကြီးအတိုင်း သူ၏မြင်းကြီးကို လျှင်မြန်စွာပြေးလွှားစေလိုက်သည်။

ထိုစဉ် ရုတ်တရက် လူသုံးယောက်သည် လမ်းဘေး၌ရပ်တန့်ကာ သူ့အားဟန့်တားလိုက်ကြသည်။

ပေါက်ခူးယုံ အသေအချာကြည့်လိုက်သောအခါ ထိုလူသုံးဦးမှာ မန်ချူးတပ်သားဝတ်စုံနှင့်လူများဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ထို့ပြင် ယင်းလူသုံးယောက်မှာ မြို့စားကြီးဂေဟာမှမန်ချူးဗိုလ်အဆင့်ရှိသော ရန်းပုခက်တို့၏အဖွဲ့ဖြစ်နေသည်ကိုပါသိလိုက်ရလေသည်။

ပေါက်ခူးယုံကမသိဟန်ပြု၍ မြင်းကိုခပ်မှန်မှန်ပင် မောင်းနှင်သွားသည်။ သို့သော် ရန်းပုခက်၏ကျယ်လောင်လှသော အသံကိုကြားလိုက်ရသည်။

“ဟေ့ကောင်… ခဏရပ်စမ်း”

ပေါက်ခူးယုံက မြင်းကိုရပ်တန့်၍ခုန်ဆင်းလိုက်သည်။

သူသည် ရန်းပုခက်ကိုတွေ့ဖူးသော်လည်း စကားမပြောဖူးပေ။

www.burmeseclassic.com

www.burmeseclassic.com



ရန်းပုခက်တို့သုံးယောက်သည် ပေါက်ခူးယုံအား တစ်လှည့် မြင်း ကိုတစ်လှည့်ငေးကြည့်ပြီး တစ်ယောက်မျက်နှာတစ်ယောက် အံကဲ ခတ်ကြည့်လိုက်ကြလေသည်။

"မင်း အခုဘယ်ကလာတာလဲ"

ပေါက်ခူးယုံက....

"ချပ်ခိုရွာက...."

ရန်းပုခက်သည် မြင်း၏တင်ပါးတွင်ရှိနေသောအမှတ် အသားတစ်ခုကို သေချာစွာကြည့်ပြီးမှ ပေါက်ခူးယုံဘက်ပြန်လှည့် က....

"ဒီမြင်းကို မင်းဘယ်ကရသလဲ"

ပေါက်ခူးယုံ ရင်ထဲထိတ်သွားတော့သည်။ ထိုအခါမှ မြင်း၏ တင်ပါးကိုတစ်ချက်ကြည့်မိလိုက်သည်။ ဤတွင် သူ၏မျက်လုံးများ ပြာဝေသွားတော့သည်။

အကြောင်းမှာ....

မင်း၏တင်ပါးတွင် မြို့စားဂေဟာတံဆိပ်ရိုက်နှိပ်ထားသည် ကို တွေ့လိုက်ရသောကြောင့်ပင်ဖြစ်ပေသည်။

"မင်း မြင်းကိုဘယ်ကရခဲ့သလဲ"

ပေါက်ခူးယုံသည် ရုတ်တရက် အဖြေမပေးနိုင်ဘဲ စဉ်းစားနေမိသည်။ ဝယ်လာသည်ဟုပြောရကောင်းမလား... အမှန်အတိုင်းပြောရလျှင် ယုံကြပါမည်လား။

သူသည် တစ်ချက်ငိုင်၍စဉ်းစားပြီးမှ အမှန်အတိုင်းပင်ပြော ချလိုက်တော့သည်။

မန်ချူးဗိုလ်ရန်းပုခက်က ဟက်ဟက်ပက်ပက် ရယ်မော လိုက်လေသည်။



"ဟား... ဟား... ဟား"

သူသည် ရယ်မောပြီးမှ ပေါက်ခူးယုံမျက်နှာကိုစေ့စေ့ကြည့် ၍....

"မင်းနာမည်ဘယ်သူလဲ"

"ပေါက်ခူးယုံ"

"ဘယ်မှာနေသလဲ"

ပေါက်ခူးယုံသည် ယခုကိစ္စသည် သိပ်အရေးကြီးပုံမရဟု ယူဆလိုက်သည်။

"ကျွန်တော်တို့ အုန်းပင်စုရွာမှာ ပန်းပဲလုပ်စားတယ်လေ၊ ခင်ဗျားသိမှာပါ"

ရန်းပုခက်က မျက်မှောင်ကြုတ်စဉ်းစားရင်းမှ....

"ဪ... လက်စသတ်တော့ ကျားလက်ဝါးကုမုထိတို့ ညီနောင်တွေကိုး"

သူသည် ယင်းသို့ပြောပြီး ပေါက်ခူးယုံနား အနည်းငယ်တိုး သွားက....

"မင်းတို့ကို အကဲခတ်နေတာကြာပြီ... မင်းတို့က မန်ချူး ဘုရင်ကိုတော်လှန်နေချင်တဲ့အုပ်စုမှန်း အခုမှသိရတယ်"

ပေါက်ခူးယုံမှာ ထိုစကားကြောင့် ထိတ်ထိတ်ပျာပျာဖြစ် သွားတော့သည်။

"မဟုတ်ဘူး... မဟုတ်ဘူး၊ ခင်ဗျားတို့မှားနေပါပြီ"

"ဘာလို့မှားရမှာလဲ... မင်းတို့ စစ်သည်နှစ်ယောက်ကိုသတ် ပြီး မြင်းကိုလုယူထားလိုက်တာမဟုတ်လား"

ပေါက်ခူးယုံမှာ မြင်းကိုစီးလာမိသည့်အတွက် အပျက်ပျက် နှင့်နှာခေါင်းသွေးထွက်ရတော့မည့်ကိန်း ဆိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သောက်လာခဲ့သောနှစ်ချို့အရက်၏အာနိသင်များလည်း လွင့်စဉ်ကာ ဒူးများပင် ညွတ်ချင်လာတော့သည်။

"မဟုတ်ပါဘူးဗျာ... ကျွန်တော် ခင်ဗျားတို့ကို အမှန်အတိုင်း ပြောတာပါ"

ပေါက်ချူးယုံသည်ပါးစပ်မှလည်းပြောရင်း တိုက်ခိုက်ပြေးရန် ကြံစည်လိုက်လေသည်။

ရန်းပုခက်က သူ့အတွင်းစိတ်ကိုသိသည့်အလား ဓားရှည်ကို လျှင်မြန်စွာ ဆွဲထုတ်၍....

"ယား...."

ဟုတစ်ချက်အော်ကာ စလွယ်သိုင်း ခုတ်ချလိုက်လေသည်။ ပေါက်ချူးယုံက နောက်သို့လျှင်မြန်စွာ ခုန်လိုက်၍သာ အသက်ဘေး မှလွတ်သွားလေသည်။

ရန်းပုခက်တို့သုံးယောက်က သူ့အား ဖိုခနောက်ဆိုင် ဝိုင်းရံ ထားလိုက်၏။ ရန်းပုခက်သည် ဓားကိုဝင့်ကာ ရှေ့သို့တိုးလာရင်း....

"ရွှံ့ဝံကြွယ်အဖွဲ့ဆိုတာ မင်းတို့မဟုတ်လား"

ပေါက်ချူးယုံ ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူသည် ထိုနာမည်ကို ယခုမှကြားဖူးလေသည်။

"ဟောကောင်... မေးနေတာ ဖြေပါ"

ပေါက်ချူးယုံက အားလုံးကိုသတိနှင့်စေ့ကြည့်လိုက်ရင်းမှ....

"ကျွန်တော်ကြားတောင် မကြားဖူးဘူး"

"မင်းမလိမ်ချင်စမ်းပါနဲ့... ဘုရင်မင်းမြတ်ကိုတော်လှန်ဖို့ အင်အားစုနေတဲ့ရွှံ့ဝံကြွယ်အဖွဲ့ကိုမှမသိဘူးဆိုတာတော့ ငါလုံးဝ မယုံဘူး"

"ကျွန်တော် တကယ်ပြောတာပါ"



ရန်းပုခက်က ခက်ထန်သောမျက်နှာထားဖြင့် ဓားကိုဝင့်၍ ရှေ့သို့တိုးလာပြီး....

"မင်း အေးအေးဆေးဆေး အဖမ်းခံမှာလား... အသေခံမှာ လား... ဒါပဲပြော"

ပေါက်ချူးယုံအဖို့ ခုခံတိုက်ခိုက်ပြီး ထွက်ပြေးရုံမှတစ်ပါး အခြားနည်းလမ်းမရှိတော့ပေ။

ထို့ကြောင့် နောက်ကျွမ်းပစ်၍ ငယ်သားနှစ်ယောက်ကို စတင်တိုက်ခိုက်လိုက်လေ၏။

ငယ်သားနှစ်ယောက်ကလည်း အသင့်ထုတ်ထားသောဓား ဖြင့် ပြန်လည်တိုက်ခိုက်ရာ ရန်းပုခက်က....

အရေးကြီးသောတရားခံတစ်ယောက်အား အလွတ်မခံလို တော့သဖြင့်....

"ဒီကောင့်ကို အသေသတ်ပစ်"

ဟု ကျယ်လောင်စွာ အော်ဟစ်အမိန့်ပေးလိုက်တော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



ကွေ့စူး....

သူသည် ဒေါသကြီးသူပီပီ ပေါက်ခူးယုံနှင့်လမ်းခွဲကာ လန်စီကျင်းအား ကျေးရွာအနှံ့ သတင်းစုံစမ်းသည်။

သို့သော် ထူးခြားသည့်သတင်းဟူ၍ လုံးဝမရခဲ့ပေ။ နေပူထဲတွင် တစ်နေ့လုံး သွားလာနေရသောကြောင့် သူ့မျက်နှာမှာ နီရဲနေသည်။ ဒေါသထွက်ပြီးစိတ်တိုနေမိသည်။

ယင်းကိစ္စများသည် ပေါက်ခူးယုံကြောင့် ပေါ်ပေါက်လာရသောကိစ္စများဖြစ်၍ ပေါက်ခူးယုံကိုသာ ဒေါသဖြစ်နေမိခြင်းပင်။

ပေါက်ခူးယုံသည် သိုင်းပညာမှာမဆိုးလှသော်လည်း သူ၏ပါးစပ်သည် တစ်ဖက်သားမခံချင်အောင် ပြောတတ်ဆိုတတ် ကျီစယ်တတ်သည်။ သူ့ကြောင့်ပေါ်ပေါက်ခဲ့ရသောပြဿနာများက မနည်းလှပေ။ ယခုကိစ္စတွင်လည်း ကတ်ရှူဝါးဆိုသည့်သိုင်းဆရာကြီးကို မချေမငံပြောမိရာမှပေါ်လာသည့်ကိစ္စဖြစ်၏။

ကွေ့စူးသည် ထိုအကြောင်းများကိုတွေးမိလေ ပေါက်ခူးယုံအပေါ် ဒေါသထွက်လေဖြစ်နေရ၏။

နေသည် တဖြည်းဖြည်းစောင်းလာသော်လည်း သူ၏တစ်ကိုယ်လုံးမှာ ချွေးများထွက်ဆဲပင်ဖြစ်၏။

သူသည် ရွာတစ်ရွာမှပြန်၍ထွက်လာပြီး တောလမ်းကလေးအတိုင်း သူ၏မြင်းကို မောင်းနှင်လာသည်။

မကြာမီ လမ်းမကြီးပေါ်သို့ရောက်ရှိတော့မည်ဖြစ်သည်။

ထိုအချိန်မှာပင် လမ်းမကြီးပေါ်၌ လူတစ်စုတိုက်ခိုက်နေသည်ကို ကွေ့စူးတွေ့ရှိလိုက်ရလေသည်။ ကွေ့စူးသည် မြင်းပေါ်မှ ဆင်းကာ တိုက်ပွဲဖြစ်ပွားရာသို့ တိတ်တဆိတ်သွားရောက်ချောင်းမြောင်းကြည့်လိုက်၏။



ထိုအခါ သူ၏မျက်လုံးများဝိုင်းသွားတော့၏။

ပေါက်ခူးယုံအား မန်ချူးစစ်သည်သုံးဦးက သဲသဲမဲမဲတိုက်ခိုက်နေသည်ကိုတွေ့မြင်လိုက်ရသောကြောင့် ဖြစ်ပေသည်။

"ဒီကောင် ဘာတွေသွားပြောလို့ ပြဿနာဖြစ်ပြန်ပြီလဲ မသိဘူး"

သူက စိတ်ထဲမှတွေးလိုက်၏။

"ကောင်းတယ်... မန်ချူးတွေသတ်လို့ သေသွားလဲ အေးတာပဲ"

ကွေ့စူးသည် ပေါက်ခူးယုံအပေါ် ဒေါသထွက်နေသဖြင့် ဤကဲ့သို့မှတ်ချက်ချလိုက်ခြင်း ဖြစ်၏။

သူသည် တိုက်ပွဲကိုဆက်၍ကြည့်နေပေရာ တိုက်ပွဲမှာ တစ်ဖက်သတ်ကြီးဖြစ်နေ၏။

ကွေ့စူးသည် ပေါက်ခူးယုံကိုဒေါသဖြစ်နေသော်လည်း ယခုကဲ့သို့ ပေါက်ခူးယုံအလူးအလဲခံနေရသည်ကိုတွေ့ရသောအခါ သူမနေနိုင်တော့ပါ။ ရုတ်တရက် ဓားကိုဆွဲထုတ်ပြီး တိုက်ခိုက်နေရာသို့ ပြေးဝင်သွားလေတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



ရန်းပုခက်သည် ကျော်ကြားသောသိုင်းပညာရှင်တစ်ဦးဖြစ်သည်။ သူ၏ဓားသည် သိုင်းပညာအတော်များများကို သေရွာသို့ပို့ခဲ့ဖူးသည်။

ယခု သူ၏စိတ်ထဲတွင် ပေါက်ချူးယုံကဲ့သို့သောလက်နက်မဲ့သိုင်းသမားကို အလွယ်တကူပင် အနိုင်ရလိမ့်မည်ဟုထင်မှတ်ထားပြီး ရှေးဦးစွာ တစ်ယောက်တည်းတိုက်ခိုက်၏။

ထို့နောက် အခြေအနေက သိပ်မလွယ်ကူမှန်းသိလာသောအခါ သူ၏လက်အောက်ငယ်သားသုံးယောက်ကိုပါဝင်၍ တိုက်စေတော့သည်။

ထိုအခါ ပေါက်ချူးယုံမှာ သုံးယောက်တစ်ယောက်ဖြစ်လာ၍ တဖြည်းဖြည်းရှုံးနိမ့်ရမည့်အခြေအနေသို့ ရောက်လာလေသည်။

နောက်ဆုံးအခြေအနေတွင် ပေါက်ချူးယုံသည် ရန်းပုခက်၏ ဓားချက်မိတော့မည့်အခြေအနေသို့ရောက်လာစဉ် လူတစ်ယောက်က တိုက်ပွဲအတွင်းသို့ပြေးဝင်လာသောအခါ ရန်းပုခက်မှာ အနည်းငယ်အံ့ဩသွားပြီး ထိုပြေးဝင်လာသူကို တစ်ချက်ကြည့်လိုက်သည်။

"ပေါက်ချူးယုံ… ငါလာပြီကွဆက်တိုက်"

ကျွေ့ရူးက ပါးစပ်မှကျယ်လောင်စွာအော်ဟစ်၍ငယ်သားနှစ်ဦးကို စတင်တိုက်ခိုက်လေသည်။

ရန်းပုခက်သည်တိုက်ခိုက်နေရာမှ နောက်သို့အနည်းငယ်ဆုတ်၍ ပေါက်ချူးယုံကိုစေ့စေ့ကြည့်လိုက်သည်။

"မင်းတို့ ညီအစ်ကိုတွေ ဟုတ်လား"

ပေါက်ချူးယုံမှာ အားတက်သွားပြီဖြစ်သည်။ သူ့အဖို့ အကျပ်အတည်းနှင့်ရင်ဆိုင်လာရသောအချိန်တွင် ကျွေ့ရူးရောက်ရှိလာသောကြောင့် အလွန်အမင်း အားတက်ဝမ်းသာသွားလေသည်။



ရန်းပုခက်အား ပြုံး၍ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်… ခင်ဗျားတို့ မတရားလုပ်လို့မရဘူး"

ရန်းပုခက်က ပြုံးလိုက်လေသည်။

"အေးပေါ့ကွာ… မင်းတို့နှစ်ယောက်စလုံး တစ်ပြိုင်တည်းရှင်းသွားတာပေါ့"

သူသည် ပြောပြီးသည်နှင့် ပေါက်ချူးယုံအား ဆက်၍တိုက်ခိုက်ပြန်တော့၏။

"အား…"

ဟူသောအသံတစ်ခုသည် မန်ချူးစစ်သည်တစ်ဦးထံမှကြားလိုက်ရသည်။

ကျွေ့ရူး ဓားချက်ထိသွားခြင်းဖြစ်၏။

ထိုစဉ်မှာပင် မြေပေါ်တွင် အရုပ်ကြိုးပြတ်လဲကျသွားလေတော့သည်။ ရန်းပုခက်၏မျက်နှာ ရုတ်ခြည်းပျက်သွား၏။

သူတို့သုံးဦးသည် လက်နက်မပါသောပေါက်ချူးယုံကိုပင် ခဲရာခဲဆစ်တိုက်ခိုက်နေရသည်။

ယခု ဓားနှင့်ကျွေ့ရူးကရောက်ရှိလာသည့်အတွက် သိပ်ပြီးမလွယ်ကူမှန်း ရိပ်စားမိလာသည်။ သို့သော် ရန်းပုခက်မှာ သိုင်းပညာအဆင့်မြင့်သူဖြစ်၏။

သူသည် တိုက်ကွက်သုံးလေးကွက်ကိုဆက်တိုက်ပြောင်း၍ တိုက်ခိုက်သောအခါတွင် ပေါက်ချူးယုံ၏လက်မောင်း၌ အနည်းငယ်ဒဏ်ရာရလာသည်။

ထိုစဉ် ကျွေ့ရူးက ရန်းပုခက်ထံသို့ခုန်ဝင်လာသည်။ လက်မောင်းတွင် ဒဏ်ရာအနည်းငယ်ရသွားသည့်ပေါက်ချူးယုံက မန်ချူးစစ်သည်ထံသို့ တိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်းပုခက်နှင့်ကွေ့စူး၏တိုက်ခိုက်မှုမှာ ပြင်းထန်လွန်း၏။

ဓား့ဓားချင်း ထိသွားသည့်အသံများနှင့်အတူ မီးပွင့်များပါ တစ်ချက်တစ်ချက်ပေါ်ထွက်လာတော့သည်။

ရန်းပုခက်မှာ ပေါက်ခူးယုံနှင့်တိုက်ခိုက်ထား၍ မောပန်းနေသော်လည်း လက်ရည်က ကျသွားခြင်းမရှိပါ။

သူ၏ကိုယ်ခံအတွင်းအားသည် အလွန်ကောင်းမွန်ကြောင်း ကွေ့စူး သတိပြုမိသည်။

ထို့အတူ ရန်းပုခက်သည် တိုက်ကွက်များက လျင်မြန်သည့်အပြင် ရှုပ်ထွေးနက်နဲသောကြောင့် ကွေ့စူး အထင်မသေးဝံ့တော့ပေ။

ထိုအခိုက်မှာပင်.... မမျှော်လင့်သောဖြစ်ရပ်တစ်ခုက ဝင်ရောက်လာပြန်တော့သည်။

အနက်ရောင်ဝတ်ရုံကိုလွှမ်းခြုံ၍ မျက်နှာဖုံးစွပ်ထားသောသူတစ်ယောက်သည် တောင်ကုန်းလေးမှပြေးဆင်းလာကာ....

ပေါက်ခူးယုံနှင့်တိုက်ခိုက်နေသောမန်ချူးစစ်သည်ကို ရုတ်တရက်ဝင်ရောက်တိုက်ခိုက်သဖြင့် ထိုစဉ်မှာ ရင်ညွန့်တွင် ဒဏ်ရာပြင်းထန်စွာရ၍ခွေကျသွားသည်။

သိသိသာသာမျက်နှာပျက်သွားသူမှာ မန်ချူးဗိုလ်ရန်းပုခက်ပင်ဖြစ်တော့သည်။

သူ၏စိတ်ထဲတွင် မျက်နှာဖုံးစွပ်ထားသူမှာ ကုမုထိပင်ဖြစ်ရမည်ဟု တစ်ထစ်ချယူဆလိုက်လေတော့သည်။

မျက်နှာဖုံးနှင့်လူသည် ရန်းပုခက်အား ဘာမပြောညာမပြောနှင့် ဓားရှည်ကိုဝှေ့ယမ်းကာ တိုက်ခိုက်လိုက်၏။

ရန်းပုခက်ပခုံးမှာ သွေးများ ဖြာခနဲကျသွားတော့သည်။

သူသည် အခြေအနေမလှသည်ကိုသိရှိလိုက်ရပြီဖြစ်၏။



ထို့ကြောင့် ဆက်လက်မတိုက်ဝံ့တော့ဘဲ ရပ်ထားသည့်မြင်းပေါ်သို့ လွှားခနဲခုန်တက်ကာ တောလမ်းအတိုင်းပြေးဝင်သွားသည်။

ကွေ့စူးက တစ်ဖက်သို့ကြည့်လိုက်ပြန်ရာ ဒဏ်ရာရသွားသောယယ်သားလည်း မရှိတော့သည်ကိုမြင်တွေ့လိုက်ရ၏။

သူတို့၏အနားတွင်သေဆုံးနေသော မန်ချူးစစ်သည်အလောင်းသာ ရှိနေပေတော့သည်။

မျက်နှာဖုံးစွပ်ထားသူသည် ကွေ့စူးတို့အား ခပ်လှမ်းလှမ်းမှ ရပ်တန့်ကြည့်နေ၏။

ကွေ့စူးက ထိုလူကိုကျေးဇူးတင်ကြောင်းပြောရန် ကြံစည်စဉ်မှာပင် မျက်နှာဖုံးစွပ်ထားသူသည် သူ၏လက်ထဲမှအရာဝတ္ထုတစ်ခုကိုပစ်လွှင့်ပေးလိုက်၏။

ယင်းအရာဝတ္ထုမှာ တစ်ချက်တည်းပင် ပစ်လွှင့်လိုက်သော်လည်း လမ်းတစ်ဝက်တွင် နှစ်ခုဖြစ်သွားပြီး တစ်ခုက ကွေ့စူးထံရောက်ရှိသွားသလို တစ်ခုက ပေါက်ခူးယုံဆီသို့ရောက်ရှိသွားလေသည်။

ကွေ့စူးက ဖမ်းယူ၍ကြည့်လိုက်သည်။ ကြေးပြားဖြင့်ပြုလုပ်ထားသောကြယ်တံဆိပ်ကလေး ဖြစ်နေ၏။

ကြေးပြားပေါ်တွင် စာလုံးတစ်လုံးရေးသားထားလေသည်။

ကွေ့စူးသည် ထိုစာလုံးများကိုတွေ့ရှိလိုက်ရာ မျက်လုံးပြူးကျယ်သွားတော့သည်။

ကြေးပြားပေါ်မှစာလုံးတွင် ရှုဝံကြွယ်ဟုရေးသားထားသည်ကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

ထိုစာလုံးကိုမြင်တွေ့လိုက်ရသည်နှင့်ကွေ့စူးသည် မျက်နှာဖုံးစွပ်ထားသည့်လူကို လှမ်းကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အုံ့ညြသွားမိတော့သည်။

မျက်နှာဖုံးစွပ်ထားသောလူကို အရိပ်အယောင်ပင် မတွေ့ မမြင်ရတော့ပေ။

ကွေ့စူးသည် ပေါက်ခူးယုံကိုကြည့်လိုက်၏။ ပေါက်ခူးယုံမှာ လက်မောင်းတွင်ဒဏ်ရာရထား၍ အဝတ်စဖြင့် စီးနှောင်နေသည်ကို မြင်ရသည်။

ကွေ့စူးက သူ့အနားသို့လျှောက်သွားကာ....

"ဒဏ်ရာကများလို့လား"

ပေါက်ခူးယုံကခေါင်းယမ်းလျက်....

"နည်းနည်းလေးပါ"

ကွေ့စူးက မကျေမနပ်သောမျက်နှာဖြင့် ပေါက်ခူးယုံအား ကြည့်လိုက်သည်။

"မင်းကသွားပြီး ရန်စလိုက်တာပေါ့ဟုတ်လား"

ပေါက်ခူးယုံသည် ကွေ့စူးအားမျက်စောင်းထိုး၍....

"မင်းက အပြစ်ပြောဖို့ပဲတတ်တယ်"

ကွေ့စူးက နှုတ်ခမ်းမဲ့လိုက်ပြီး....

"ငါပြောတာ မဟုတ်လို့လား"

"လုံးဝမဟုတ်ဘူး... အဖြစ်ကဒီလို"

ပေါက်ခူးယုံက သူ့မြင်းကိုယူခဲ့သည်မှစ၍အမှန်အတိုင်း ပြောပြလိုက် ၏။

သူ့စကားဆုံးသွားသောအခါ ကွေ့စူးက....

"အဲဒါ မင်း ပြဿနာရှာခဲ့တာပဲပေါ့၊ ကိုယ့်မြင်းမရှိရင်လဲ သူများမြင်းကိုယူလာစရာ ဘာအကြောင်းမှမရှိဘူး၊ အခုတော့ မင်းက ကျားဖင်ကို တုတ်နဲ့သွားထိုးသလို ဖြစ်မနေဘူးလား"



ပေါက်ခူးယုံက ဘာမှပြန်မပြောတော့ပေ။

သေဆုံးနေသောမန်ချူးစစ်သည်အား လမ်းဘေးချုံပုတ်ထဲသို့ဆွဲသွင်းလိုက်သည်။

ပြီးမှ သူသည် ကွေ့စူးဘက်သို့လှည့်ကာ....

"တို့ပြန်မှဖြစ်မယ်... ကုမုထိကိုအသိပေးဦးမှ"

သူသည် ပြောပြီး မွန်ဂိုမြင်းကိုလှမ်းကြည့်လိုက်သည်။

ကွေ့စူးကဝင်၍....

"အဲဒီမြင်းကို မင်း မယူနဲ့တော့... ငါ့မြင်းနဲ့ပဲလိုက်ခဲ့"

ဟုလှမ်းပြောလိုက်သည်။

ပေါက်ခူးယုံသည် မြင်းကိုလိုချင်နေသေး၍ တွေပြီးစဉ်းစားနေသည်။ ကွေ့စူးက....

"ဟေ့ကောင်... ဒီမှာနေလို့မဖြစ်ဘူး၊ မင်းအမေ့လင်တွေက အခုပဲ အလုံးအရင်းနဲ့ရောက်လာတော့မှာ"

ကွေ့စူးက ပြောပြီး မြင်းကိုမောင်းနှင်သွားသည်။

ထိုအခါမှ ပေါက်ခူးယုံကပြေးလိုက်ကာ ကွေ့စူးနောက်မှခုန်တက်လိုက်လေတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



ကုမုဒ်ထိသည် သူ၏လုပ်လက်စအလုပ်ကို ရပ်တန့်လိုက်၏။

ထို့နောက် မျက်နှာမသာမယာနှင့်ပြန်လာသော ပေါက်ချူးယုံနှင့်ကွေ့ရှူး၏အနီးသို့လျှောက်သွားကာ တစ်နေရာ၌ ထိုင်လိုက်သည်။

"မင်းတို့ ဘာဖြစ်လာကြပြန်တာလဲ"

ကုမုဒ်ထိကမေးသဖြင့် ကွေ့ရှူးက ပေါက်ချူးယုံကိုကြည့်လိုက်သည်။ ပေါက်ချူးယုံသည် မည်သည့်အခါမှ ကုမုဒ်ထိကိုမလိမ်ရဲ မညာရဲပါ။

ထို့ကြောင့် သူသည် ချပ်ခိုရွာစားသောက်ဆိုင်တွင် ချယ်ရီနှင့်စားသောက်ခဲ့သည်ကို ချန်လှပ်၍ ကျန်အဖြစ်အပျက်များကိုပြောပြလိုက်လေသည်။

ကွေ့ရှူးက သူတို့တိုက်ခိုက်နေသည်ကိုတွေ့ရသည့်အချိန်ကစပြီး ပြောပြလိုက်သည်။

ကုမုဒ်ထိမှာ အတော်မျက်နှာပျက်သွားလေသည်။

သူသည်သက်ပြင်းတစ်ချက်ကိုရှည်လျားစွာ ချလိုက်လေသည်။

ပြီးမှ ပေါက်ချူးယုံဘက်လှည့်ကာ....

"မင်းကလုပ်လိုက်ရင် အရာနဲ့အကြောင်းကြောင်းချည်းပဲ၊ အခု မင်းတို့ဖြစ်ခဲ့တဲ့ကိစ္စက ပေါ့ပေါ့သေးသေးမဟုတ်ဘူး"

သူပြောသည်ကို ကွေ့ရှူး ငြိမ်သက်စွာနားထောင်နေသည်။

ကုမုဒ်ထိက ဆက်ပြောသည်။

"မန်ချူးတွေနဲ့ရန်ဖြစ်တာ မန်ချူးဘုရင်ကိုတော်လှန်ပုန်ကန်တာနဲ့အတူတူပဲလို့ သူတို့ကသတ်မှတ်ထားတာကွ၊ ဒီတော့ တို့တစ်တွေကို သူတို့က ဘယ်နည်းနဲ့မှ ဒီအတိုင်းကြည့်နေမှာမဟုတ်တော့ဘူး"



ကွေ့ရှူးနှင့်ပေါက်ချူးယုံ တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်နေမိကြသည်။

ထို့နောက် ကွေ့ရှူးက အိတ်ထဲမှကြယ်တံဆိပ်ကိုထုတ်ယူကာ ကုမုဒ်ထိသို့လှမ်းပေးပြီး မျက်နှာဖုံးနှင့်လူအကြောင်းပြောပြလိုက်သည်။

ထိုစကားကြားသည်နှင့် ကုမုဒ်ထိ၏မျက်နှာသိသိသာသာပျက်သွားလေသည်။

"ငါထင်တာထက် တို့အဖြစ်ကပိုဆိုးနေပြီကွ"

သူသည်ပြောပြီး ရှုဝံကြွယ်ဟုရေးသားထားသောကြယ်ပုံစံကြေးပြားကို သေသေချာချာကြည့်နေလေသည်။

ပေါက်ချူးယုံကလည်း မန်ချူးဗိုလ်ရန်းပုခက်က မိမိတို့အား ရှုဝံကြွယ်အဖွဲ့ကလားဟု မေးပုံကိုထည့်ပြောလိုက်လေသည်။

ကုမုဒ်ထိက ပေါက်ချူးယုံမျက်နှာကိုစိုက်ကြည့်ကာ....

"ရှုဝံကြွယ်အဖွဲ့အကြောင်း မင်း မသိဘူးလား"

ပေါက်ချူးယုံက ခေါင်းယမ်းလိုက်၏။

"မသိဘူးလေ"

ကုမုဒ်ထိက....

"အင်း... အဲဒီအဖွဲ့ကို တော်ရုံတန်ရုံ သိပ်မသိဘူးဗျ၊ နောက်ပြီး မန်ချူးတွေကိုသုတ်သင်ဖို့ လျှို့ဝှက်တည်ထောင်ထားတဲ့ဂိုဏ်းတစ်ဂိုဏ်းပဲ"

ကွေ့ရှူးကဝင်၍....

"ဒီတံဆိပ်က သူတို့အဖွဲ့ရဲ့အမှတ်အသားလား"

ကုမုဒ်ထိကခေါင်းညိတ်လိုက်သည်။

"ဒီတံဆိပ်ကို မင်းတို့ကိုပေးလိုက်တာအဓိပ္ပာယ်ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကုမုဒ်ထီသည် တံဆိပ်ကို ကွေ့စူးလက်ထဲသို့ပြန်ထည့်ပေးလိုက်၏။

ပြီးမှ သူ့စကားကိုပြန်ဆက်သည်။

"သူက မင်းတို့ကို မန်ချူးလက်ထဲက ကယ်လိုက်တယ်၊ သူဟာ ရှုဝံကြွယ်ဂိုဏ်းသားမှန်းသိအောင် အဲဒီတံဆိပ်ကိုပေးတာပဲ၊ မင်းတို့ ငါတို့က သဘောကျနှစ်သက်တယ်ဆိုရင် အဲဒီတံဆိပ်ကို သိမ်းထားပြီး သူတို့ရဲ့လျှို့ဝှက်အစည်းအဝေးခေါ်တဲ့ဖိတ်စာရောက်ရင် အဲ့ဒီတံဆိပ်ကိုပြပြီး သွားလို့ရတယ်"

ပေါက်ခူးယုံက....

"ဒီတံဆိပ်ရထားတဲ့သူကို သူတို့ဂိုဏ်းသားအဖြစ် သတ်မှတ်ထားသလား"

ကုမုဒ်ထီကခေါင်းယမ်း၍....

"ဒီလိုတော့ မသတ်မှတ်ထားဘူး... သွားချင်တဲ့လူဟာ အဲဒီတံဆိပ်ကိုပြပြီးသွားတာပဲ၊ မသွားချင်မဝင်ချင်တဲ့လူကတော့ သိမ်းထားရင်သိမ်းထား မသိမ်းထားလဲ ဖျောက်ပစ်လိုက်ရုံပေါ့၊ မင်းတို့လက်ထဲမှာရှိနေတာကို မန်ချူးတွေသိရင်တော့ သိပ်မလွယ်ဘူး"

ကွေ့စူးက ကုမုဒ်ထီကိုလှမ်းကြည့်သည်။

"မင်းကော ဒီပုံစံကြွယ်ဂိုဏ်းနဲ့ဆုံဖူးသလား"

ကုမုဒ်ထီကခေါင်းညိတ်လိုက်၏။

"ဆုံဖူးတာပေါ့"

ကွေ့စူးက....

"ဘယ်လိုဆုံတာလဲ"

ဟုပြန်မေးသည်။

ကုမုဒ်ထီက....



"ငါတို့ကတော့ အခုလိုကူညီရင်းနဲ့ပေးတာမဟုတ်ပါဘူး... သူတို့ဂိုဏ်းက ဖိတ်ခေါ်တဲ့သဘောနဲ့ပို့ပေးတာပါ"

ကုမုဒ်ထီကပြောပြီး အိတ်မှရှုဝံကြွယ်တံဆိပ်ကိုထုတ်ပြလိုက်သည်။

ကွေ့စူးက....

"ရှုဝံကြွယ်ကသိပ်ပြီးလှုပ်ရှားမှု မရှိသေးပါဘူးနော်"

ကုမုဒ်ထီကခေါင်းညိတ်သည်။

"ဟုတ်တယ်... တစ်ခါ နှစ်ခါလောက်ပဲ မန်ချူးတွေနဲ့တိုက်ခိုက်ဖူးသေးတယ်၊ သူတို့က အခုနေအခါမှာ မန်ချူးတွေကိုမုန်းတဲ့ မျိုးချစ်သိုင်းသမားတွေကိုစုစည်းတုန်း ရှာဖွေတုန်းပဲလို့ သိရတယ်"

ကွေ့စူးက....

"ဒါဆို မျိုးချစ်တော်လှန်ရေးသမားတွေလို့ဆိုရမှာပေါ့"

ကုမုဒ်ထီက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... အဲဒီသဘောပဲ... ဒါကြောင့် ရှုဝံကြွယ်ဆိုတဲ့ဂိုဏ်းသားတွေကို သွေးစကြာဂိုဏ်းက ရက်ရက်စက်စက်နှိမ်နင်းတာပေါ့"

"သွေးစကြာဟုတ်လား"

ပေါက်ခူးယုံကဝင်မေး၏။

ကုမုဒ်ထီက ပေါက်ခူးယုံကိုကြည့်ကာ....

"မင်း သွေးစကြာဆိုတာလဲ မသိဘူး မဟုတ်လား"

သူသည် နေရာအနည်းငယ်ရွှေ့ထိုင်ပြီး ဆက်ပြောသည်။

"သွေးစကြာဂိုဏ်းဆိုတာက မန်ချူးဘုရင် အထူးလျှို့ဝှက်ပြီး ဖွဲ့စည်းထားတဲ့လူသတ်ဂိုဏ်းကွ"

ပေါက်ခူးယုံက....

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကြားလဲကြားဖူးတယ်၊ ဒါပေမဲ့ တိတိကျကျ ဘာမှမလေ့လာမိဘူး"

ကုမုဒ်ထိကဆက်၍....

"ဟင်း... သိပ်ကိုကြောက်စရာကောင်းတဲ့ဂိုဏ်းပေါ့ကွာ၊ သူတို့သုံးတဲ့လက်နက်က တော်တော်ဆန်းကြွယ်တယ်"

ကွေ့ရှူးက....

"စိတ်ဝင်စားစရာပဲ ဆက်ပြောပါဦး"

ကုမုဒ်ထိက....

"သူတို့သုံးတဲ့လက်နက်ကတော့ ခပ်လုံးလုံးပဲ... ဘောလုံး သဏ္ဌာန်လက်နက်ပုန်းပဲပေါ့၊ ပစ်လွှင့်လိုက်တဲ့အခါမှာ လိုချင်တဲ့နေရာကိုရောက်ရှိသွားပြီး ဘောလုံးအလယ်က ချွန်ထက်တဲ့ဆူးတွေထွက်လာတယ်၊ ဘောလုံးကလဲ လည်ပတ်နေတယ်ဆိုတော့ ထိလိုက်တဲ့အခါမှာ လွှနဲ့ဖြတ်သလိုဖြစ်သွားတာပေါ့ကွာ"

ကုမုဒ်ထိ၏စကားကြောင့်....

ပေါက်ချူးယုံမှာကျောထဲမှစိမ့်သွားသကဲ့သို့ ခက်ကလေး ပုဝင်သွားလေသည်။

ကုမုဒ်ထိကဆက်ပြောသည်မှာ....

"ထူးဆန်းတဲ့လက်နက်ပုန်းကိုသုံးသလို ထက်မြက်လှတဲ့သိုင်းပညာရှင်တွေကိုသာ ရွေးချယ်ထားတာဆိုတော့ သွေးစကြာဂိုဏ်းသားတွေနဲ့မတွေ့ရအောင် အမြဲသတိထားနေကြရတယ်"

ကွေ့ရှူးသည် ရှူးစိုက်နားထောင်ရင်းမှ....

"သူတို့က ဘယ်လိုပုံစံမျိုးလဲ"

"ပုံစံကတော့ အမျိုးမျိုးပဲ... သာမန်လူတွေလိုပဲ သွားလာလှုပ်ရှားနေတယ်ဆိုတော့ သိထားဖို့ဆိုတာသိပ်မလွယ်ဘူး"



ကုမုဒ်ထိ စကားဆုံးသွားသောအခါ အားလုံးတိတ်ဆိတ်သွားသည်။ ထိုအချိန်တွင်.... အိမ်ဖော်အဘွားကြီးက ရေနွေးကြမ်းလာရောက်ချပေးလေသည်။

ကုမုဒ်ထိက အဘွားအိုအား....

"ကျုပ်တို့ခရီးရှည် ထွက်ချင်ထွက်ရလိမ့်မယ်... ခင်ဗျားက ဒီမှာပဲနေခဲ့ပါ၊ ဘယ်သူလာမေးမေး ကျုပ်တို့မရှိတာကြာပြီလို့ ပြောလိုက်"

အိမ်ဖော်အဘွားအိုသည် သေချာနားထောင်ပြီး ခေါင်းညိတ်လိုက်လေသည်။

သူမသည် အနားမှထွက်သွားဟန်ပြင်ပြီးမှ ကုမုဒ်ထိကိုပြန်ကြည့်ကာ....

"သခင်ကြီးတို့ တစ်နေ့ ပြန်လာမှာမဟုတ်လား"

ကုမုဒ်ထိက စဉ်းစဉ်းစားစားဖြင့်....

"အခြေအနေကြည့်ပြီး ပြန်လာမှာပေါ့... လုပ်ငန်းကိစ္စနဲ့ လာတဲ့လူတွေကိုလဲ သူတို့ပြောင်းသွားကြပြီလို့သာပြောလိုက်ပါ"

အဘွားအို ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... သခင်ကြီး"

အဘွားအိုထွက်သွားမှ ကွေ့ရှူးက....

"တို့ ဒီမှာနေလို့မဖြစ်တော့ဘူးဟုတ်လား"

ကုမုဒ်ထိခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

သူသည် ပေါက်ချူးယုံကိုကြည့်၍....

"ဒီနေ့ကစပြီး ဖြစ်ခဲ့တဲ့ကိစ္စဟာ ပေါ့ပေါ့သေးသေးမဟုတ်ဘူးကွ... မန်ချူးဗိုလ်ရန်းပုခက်အနေနဲ့ လောလောဆယ်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တို့သုံးယောက်ကိုကျေမှာမဟုတ်ဘူး၊ ဒီကြားထဲ မျက်နှာဖုံးနဲ့လူကိုလဲ ငါက ကူညီတာပဲလို့ ထင်ချင်ထင်မှာ... ဒါတင်မကသေးဘူး ရှုပ်ကြွယ်ဂိုဏ်းသားတွေဟာ ငါတို့ပဲဖြစ်ရမယ်လို့သာ ယူဆရင်တော့ သွေးစကြာအဖွဲ့ဟာ ဒီနေရာကိုချက်ချင်းရောက်လာမှာပဲ"

ကွေ့ရှူးသည် ပြဿနာကိုမဖြစ်ဖြစ်အောင် ရှာဖွေတတ်သောပေါက်ရှူးယုံကိုမကျေနပ်သလို ကြည့်လိုက်သည်။

သူသည်တစ်ခုခုပြောမည်ဟုကြံလိုက်သေးသည်။

ထိုအချိန်မှာပင်....

မြင်းလှည်းတစ်စီးသည် ခြံထဲသို့ရောက်ရှိလာ၏။

ယင်းမြင်းလှည်းကိုကြည့်လိုက်ရာ အားလုံးပါးစပ်ဟသွားမိတော့သည်။

***



မြင်းလှည်းမှာ ပေါက်ရှူးယုံလက်မှ ဆရာကြီးကတ်ရှူဝါးလုယူသွားသည့် မြင်းလှည်းဖြစ်နေသောကြောင့်တည်း။

မြင်းလှည်းမောင်းလာသူမှာ လူငယ်ကလေးတစ်ယောက်ပင်ဖြစ်၏။

ကုမုထိသည် မြင်းလှည်းကိုငေးကြည့်နေ၏။

မြင်းလှည်းမောင်းလာသောလူငယ်ကလေးက မြင်းလှည်းကိုရပ်တန့်ပြီးသည်နှင့် ကုမုထိထံသို့လျှောက်လာ၏။

ထို့နောက်.... သူသည် အိတ်ထဲမှစာရွက်လေးတစ်ရွက်ကို ထုတ်ပေးလိုက်၏။

ကုမုထိကဖြန့်၍ဖတ်ကြည့်လိုက်၏။

*ကုမုထိက....*

*"မင်းရဲ့မြင်းလှည်းမှန်း ငါအစကမသိဘူး... မင်းမိတ်ဆွေစကားပြောရှိင်းတာနဲ့ ငါလုယူသွားတယ်... နောက်မှစုံစမ်းကြည့်တော့ မင်းရဲ့မြင်းလှည်းဖြစ်နေတာကိုသိရတယ်... ဒါကြောင့် ယခုပြန်ပို့ခိုင်းလိုက်တာပဲ"*

*ကတ်ရှူဝါး*
*မြသော်တောင်*

စာက ထိုမျှသာဖြစ်သည်။

ကုမုထိသည် စာကိုဖတ်ပြီးသည်နှင့်မြင်းလှည်းလာပို့သူအားမော့ကြည့်ကာ....

"ကျေးဇူးတင်ပါတယ်ညီလေး"

လူငယ်က....

"ဟုတ်ကဲ့... ကိစ္စမရှိပါဘူးခင်ဗျာ"

ကုမုထိက....

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးနဲ့ဘယ်မှာတွေ့တာလဲ"

လူငယ်က....

"ဆရာကြီးက ခြသေ့ံတောင်မှာတရားအားထုတ်ဖို့ တက်သွားပါပြီ၊ ကျွန်တော့်ကိုသာ ဒီမြင်းလှည်းပို့ခိုင်းလိုက်တာပါ"

ကုမုထိခေါင်းညိတ်၍....

"ကျေးဇူးတင်ပါတယ်ညီလေး"

"ဟုတ်ကဲ့... သွားခွင့်ပြုပါဦး"

မြင်းလှည်းလာပို့သောလူငယ် ပြန်ထွက်သွားသည်။

လူငယ်ပြန်သွားသည်နှင့် ကုမုထိက ပေါက်ချူးယုံကို ကြည့်လိုက်၏။

"မင်းကိုတော့ ဆရာကြီးက တော်တော်မကျေမနပ်ဖြစ်သွားတာပဲ၊ ငါ့ညီလို့ပြောရမှာတောင် ရှက်တယ်ကွာ"

ကုမုထိက ဒေါသဖြစ်သကဲ့သို့ပြောလိုက်သည့်အခါ ပေါက်ချူးယုံသည် အပြစ်ရှိသူဖြစ်သောကြောင့် ငြိမ်၍နားထောင်နေ၏။

ကွေ့ရှူးက....

"ဒီကောင် မခံချင်အောင်ပြောတဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ နောက်ထပ်ကော ဘယ်လိုပြဿနာမျိုးတွေရှာဦးမှာလဲ"

ကုမုထိက နှစ်ယောက်သားစကားဆက်များမည်စိုး၍ကြားဝင်ကာ....

"ကဲပါကွာ... မင်းတို့စကားတွေများမနေကြစမ်းပါနဲ့၊ တို့အခုပဲ ဒီနေရာကရှောင်သွားကြမှာဖြစ်မယ်"

ကုမုထိက ထိုကဲ့သို့ပြောလိုက်သောအခါ သူတို့နှစ်ဦးလည်းနေရာမှ အသီးသီးထသွားကြ၏။

ထို့နောက်....



လိုအပ်သောပစ္စည်းများကိုထည့်ကာ နေဝင်လုဆဲဆဲအချိန်တွင် ထွက်ခွာခဲ့ကြလေသည်။

ကုမုထိတို့သုံးယောက် ခြသေ့ံတောင်ရှိရာဘက်သို့ ဦးတည်ခဲ့ကြ၏။ သူတို့သည် နှစ်နာရီမျှကြာသော် တောင်ကုန်းတစ်ခုပေါ်သို့ရောက်ရှိနေကြပြီဖြစ်သည်။

ထိုညအဖို့ ဤနေရာ၌ပင် အနားယူအိပ်စက်ရန် တိုင်ပင်လိုက်ကြလေသည်။

ကွေ့ရှူးသည် မအိပ်မီ မိမိတို့ထွက်ခွာလာခဲ့သည့်ရွာဘက်သို့လှမ်းမျှော်ကြည့်လိုက်သည့်အခါ အံ့ဩထိတ်လန့်တုန်လှုပ်သွားတော့၏။

"ဟာ... မီးတွေလောင်နေပါလား"

သူ၏ကျယ်လောင်သောအသံကြောင့် ကုမုထိတို့က လှမ်းကြည့်လိုက်ရာ အိမ်များကိုမီးလောင်၍ မီးခိုးလုံးကြီးများ အလိပ်လိုက်အလိပ်လိုက်တက်နေသည်ကို တွေ့မြင်လိုက်ရ၏။

ကုမုထိက နှုတ်မှတစ်လုံးချင်းပြောလိုက်သည်။

"အင်း... အိမ်ဖော်အဘွားကြီး လွတ်မြောက်သွားပါစေ"

တီးတိုးဆုတောင်းလိုက်ခြင်းပင်ဖြစ်ပေသည်။

***

www.burmeseclassic.com

www.burmeseclassic.com



ချန်ကျူးမြို့....

မြို့စားကြီးကျိကျူး၏ဂေဟာ....

စည်းဝေးခန်းမထဲတွင် လူစုံတက်စုံရောက်ရှိနေသည်။

မြို့စားကြီးကျိကျူးသည် ရန်းပုခက် တင်ပြပြောဆိုသည်ကို နားစိုက်ထောင်နေပေသည်။

"ကျွန်တော်တို့နဲ့တိုက်ခိုက်တာက ကုမုထိရဲ့သွေးသောက်တွေပဲ၊ ဒါပေမဲ့ မျက်နှာဖုံးစွပ်ထားတဲ့လူဟာ ကုမုထိတော့ မဖြစ်နိုင်ဘူး"

မြို့စားကြီးကျိကျူးက....

"မင်း ဘာလို့ အဲဒီလိုပြောနိုင်တာလဲ"

ရန်းပုခက် သူ့ပခုံးမှဒဏ်ရာကိုကိုင်၍....

"ကျားလက်ဝါး ကုမုထိဟာ သူ့ရဲ့ညာလက်ကိုပဲ အသုံးပြုတိုက်ခိုက်တတ်တာပဲ ကျွန်တော်သိထားပါတယ်၊ အခု မျက်နှာဖုံးနဲ့လူက ဘယ်ဘက်ကိုအသုံးပြုပါတယ်၊ တိုက်ကွက်ခြင်းလဲ ကုမုထိနဲ့ခြားနားနေပါတယ်"

ထိုစဉ် ကုတ်လျှံဖိက....

"မြင်းကိစ္စပြောပါဦး"

ရန်းပုခက်က....

"ပေါက်ခူးယံ့ဆိုတဲ့အကောင်ကတော့ သူ့မြင်းကို သူများစီးသွားလို့ ဒီမြင်းကိုယူခဲ့ရတာပါလို့ပြောတယ်"

ကုတ်လျှံဖိက....

"မင်းတို့ ချပ်ခိုရွာတည်းခိုခန်းကိုရောက်ခဲ့သေးသလား"

"ဟုတ်ကဲ့... သူ အဲဒီကိုရောက်တာလဲအမှန်ပဲ၊ အရက်အတော်ကလေးမူးနေတယ်ဆိုတာလဲ သိရတယ်"



ကုတ်လျှံဖိသည် မြို့စားကြီးကိုလှမ်းကြည့်လိုက်လေ၏။

"ဘာပဲဖြစ်ဖြစ် ကုမုထိတို့ဟာ မြို့စားဂေဟာကလူတွေကို တောင် သတ်ရဲလာတယ်ဆိုတော့ သူတို့ကို ဒီအတိုင်းထားလို့မဖြစ်တော့ဘူး"

ရန်းပုခက်က....

"ကျွန်တော်တို့အဖွဲ့ကလူတွေ ချက်ချင်းသွားပြီး တိုက်ခိုက်ပါတယ်၊ ဒါပေမဲ့ သူတို့သုံးယောက်စလုံးမတွေ့ရတော့တဲ့အတွက် အိမ်ကိုမီးရှို့ဖျက်ဆီးခဲ့ပါတယ်"

မြို့စားကျိကျူးက ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်... ဒီအတိုင်းပဲ လုပ်ရမှာပဲ"

မြို့စားကြီးသည် သူ၏လက်ဝဲဘက်တွင်ရပ်တန့်နေသော ကိုယ်ရံတော်တပ်မှူး အိုက်ဝူပတိုဘက်သို့လှည့်လိုက်၏။

"မင်း မြင်းတွေ့ရတာတွေပြောစမ်း"

အိုက်ဝူပတိုက....

"ပျောက်ဆုံးနေတဲ့စစ်သည်နှစ်ယောက်ရဲ့အလောင်းကို မြစ်ထဲကတွေ့ရပါတယ်၊ သူတို့က ဓားဒဏ်ရာနဲ့သေဆုံးသွားတာ ဖြစ်ပါတယ်"

ကုတ်လျှံဖိက မြို့စားကြီးကိုမော့ကြည့်ကာ....

"ကျွန်တော့်စိတ်ထင်တော့ ဓူဝံကြယ်ဂိုဏ်းသားတွေပဲ ဖြစ်မယ်လို့ယူဆတယ်"

မြို့စားကြီးက ကိုယ်ရံတော်တပ်မှူးဘက်လှည့်ကာ...

"ဒီဓူဝံကြယ်ဂိုဏ်းသားတွေကို မင်းတို့တစ်ယောက်မှမိအောင် မဖမ်းနိုင်ဘူးလား"

ဟုမေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရံတော်တစ်မျိုး အိုက်ဝူဟိုက....

"တစ်ယောက်တော့မိဖူးပါတယ်... ဒါပေမဲ့ သူတို့က ဘယ်တော့မှစစ်ဆေးလို့မရဘူး... အသေခံသွားတာချည်းပဲ"

"ကိစ္စမရှိပါဘူးလေ... သူတို့ကို သွေးစကြောဂိုဏ်းက ဆုံးမပါလိမ့်မယ်"

စည်းဝေးခန်းမ ခေတ္တတိတ်ဆိတ်သွားသည်။

အတန်ကြာမှ ကုတ်လျှံဖိက....

"ကျွန်တော်တစ်ခုတင်ပြပါရစေ"

"ပြောပါ"

ကုတ်လျှံဖိက....

"သေဆုံးသွားတဲ့ စစ်သည်နှစ်ယောက်ရဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဖမ်းထားတဲ့ကုန်သည်လုချိန်းရဲ့ ကိစ္စကို ဘယ်လိုဆုံးဖြတ်ချင်ပါသလဲ"

လုချိန်းဆိုသူမှာ ထုပင်းဖြစ်သည်။

မြို့စားကြီးကမျက်မှောင်ကြုတ်၍....

"မင်းအနေနဲ့ သူ့အပေါ်သံသယကင်းသလား"

"ကျွန်တော်ကတော့ နည်းနည်းပတ်သက်လာရင် ရှင်းပစ်လိုက်ချင်တာပဲ"

မြို့စားကြီးက အနည်းငယ်ချင့်ချိန်၍ လက်ထဲမှကျာပွတ်ကို ချိန်ဆကိုင်ရင်းမှ....

"သူဟာ သိုင်းပညာမတတ်တဲ့ ကုန်သည်တစ်ယောက်လို့



တော့ထင်ရတာပဲ၊ ဒါပေမဲ့... ပိုပြီးသေချာအောင် မင်း နည်းနည်းစောင့်ကြည့်ပြီးစုံစမ်းပါဦး"

ကုတ်လျှံဖိကဦးညွှတ်လိုက်၏။

"ဟုတ်ကဲ့... အမိန့်အတိုင်း ကျွန်တော်ဆောင်ရွက်ပါ့မယ်"

ထိုစကားသည် အစည်းအဝေးခန်းမ၏နောက်ဆုံးစကားပင် ဖြစ်တော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးယွမ်းဝိ၏သမီးယွမ်းရန်သည် ကလေးငယ်နှစ်ယောက်နှင့်အတူ ဝက်ခြံထဲ၌စကားပြောနေသည်။

ကလေးနှစ်ယောက်၏မိခင်လျှူကျင်းသည် ဝက်များကို အစာကျွေးခြင်း၊ ချေးကျုံးခြင်းအလုပ်များပြုလုပ်နေ၏။

လျှူကျင်း၏သမီးငယ်မှာ အသက်ငါးနှစ်ခန့်ရှိပြီး နာမည်မှာ စီးဟုန်ဟုခေါ်ပြီး သူမထက်အကြီး သားငယ်မှာ အသက် ၇-နှစ်ရှိပြီး အမည်မှာစီးဝမ်ဖြစ်သည်။

စီးဟုန်သည် ယွမ်းရန်၏ရင်ခွင်ထဲ၌ထိုင်၍ ကစားနေ၏။

ထိုစဉ်အခိုက် ကုတ်လျှံဖိ မိမိတို့အိမ်ဘက်သို့လာနေသည်ကိုတွေ့ရသဖြင့် ဝက်ခြံထဲမှကပျာကယာထွက်ကာ သွားရောက်ကြိုဆိုလေသည်။

"ဪ... အစ်ကိုကြီးပါလား ထိုင်ပါရှင်"

ကုတ်လျှံဖိက ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်ချလိုက်သည်။

သူ၏မျက်လုံးအစုံက အိမ်ကလေးအတွင်းသို့ဝေ့ကြည့်လိုက်၏။ ပြီးမှ....

"သမားတော်ကြီးကော"

ဟုမေးလိုက်လေသည်။

ယွမ်းရန်က....



"ဖေဖေ ဆေးစပ်တဲ့အခန်းကိုသွားပါတယ်... အစ်ကိုကြီးတွေ့ချင်ရင် ကျွန်မသွားခေါ်ပေးမယ်လေ"

"နေပါစေ... နေပါစေ.... အစ်ကိုကြီးက ညီမနဲ့တိုင်ပင်စရာရှိလို့ပါ"

ယွမ်းရန်မှာ ရင်ထဲတွင်ထိတ်လန့်နေမိသော်လည်း ကြံ့ခိုင်စွာ ဆည်၍နေလိုက်သည်။

"အစ်ကိုကြီးက ဘာတိုင်ပင်ချင်လို့လဲ"

ကုတ်လျှံဖိက သူ၏ကုလားထိုင်ကို ယွမ်းရန်နားသို့ အနည်းငယ်တိုးကပ်လိုက်လေသည်။

ထို့နောက်....

ယွမ်းရန်၏ပခုံးပေါ်သို့ လက်တစ်ဖက်တင်၍....

"အစ်ကိုကြီးကိုတစ်ခုလောက်ကူညီစမ်းပါ"

"ဘာများကူညီရမှာလဲ"

ယွမ်းရန်ကပြန်မေးသည်။

ကုတ်လျှံဖိက....

"ဒီလိုပါ... တရားခံလုချိန်းကို ညီမတို့သားအဖက ဆေးဝါးကုသနေတယ်မဟုတ်လား"

"ဟုတ်တယ်လေ... အစ်ကိုကြီးကပဲခိုင်းထားတာ မဟုတ်လား"

"ဟုတ်ပါတယ်... အစ်ကိုကြီးရဲ့သဘောအရကတော့ သူ့ကိုရှင်းပစ်ဖို့ပါပဲ၊ ဒါမှလဲ ညီမတို့သားအဖ ဝဋ်ဒုက္ခတစ်မျိုးကင်းသွားမှာပေါ့"

ယွမ်းရန်မှာ မျက်နှာပျက်မသွားရန် ဟန်ဆောင်ထားရ၏။

ကုတ်လျှံဖိကဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မြို့စားကြီးက သူ့ကိုစစ်ဆေးချင်တယ်… ဘာလဲဆိုတော့ သူဟာ တကယ်သိုင်းပညာတတ်မတတ်… နောက်ပြီး သူဟာ ဘယ်လိုလူစားမျိုးလဲ၊ သူ့နောက်မှာ ဘယ်သူတွေရှိနိုင်သလဲဆိုတာ အတိအကျသိပ်သိချင်နေတယ်"

ယွမ်းရန်ကမျက်မှောင်ကြုတ်ကာ…

"အဲဒါ အစ်ကိုကြီးစစ်ဆေးလိုက်ပေါ့"

ကုတ်လျှံဖိက အနည်းငယ်ခေါင်းယမ်း၍…

"အို… ညီမကလဲ အစ်ကိုကြီးအတွက်ဆို ဘာမဆိုလုပ်ပေးမယ်ဆို"

ကုတ်လျှံဖိသည် ယွမ်းရန်၏လက်ဖဝါးကိုဆွဲကိုင်၍ ဖျစ်ညှစ်လိုက်သည်။ ယွမ်းရန်က မရုန်းပါ။

ကုတ်လျှံဖိကဆက်ပြောသည်။

"ဒီလိုပါ… ကျုပ်တို့ကစစ်ရန် သူကအမှန်ပြောလိမ့်မယ်မထင်ဘူး၊ အဲဒါကို ညီမကလှည့်ပတ်ပြီးမေးရင်တော့ သူ အမှန်ပြောမှာပဲ… အစ်ကိုကြီးကို မကူညီချင်ဘူးလား"

ယွမ်းရန်က ချစ်စဖွယ်ပြုံးလိုက်ရင်း…

"အို… ဒီလောက်သဘောကောင်းတဲ့အစ်ကိုကြီးကို ကူညီရမှာပေါ့"

ကုတ်လျှံဖိ ကျေနပ်သွားသည်။

"ဒါဖြင့် အစ်ကိုကြီး တစ်နေရာကစောင့်နားထောင်မယ်"

"အစ်ကိုကြီးခိုင်းလို့သာလုပ်ရတယ်… ဒီလူကြီးနားကို သွားတောင်မသွားချင်ဘူး"

ယွမ်းရန်၏စကားကို ကုတ်လျှံဖိ အတော်ပင်သဘောကျသွားလေသည်။



"ဒီလိုမလုပ်ပါနဲ့လေ… ညီမ သူ့ကိုချော့မေးရင် သူက အကုန်ပြောပြမှာပါ"

ယွမ်းရန်ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ… ကျွန်မကြိုးစားပါ့မယ်၊ ဒါပေမဲ့ အစောင့်ကရှိနေတော့ သူကအမှန်ပြောပါ့မလား"

"ဒီအတွက်မပူပါနဲ့… အစောင့်ကိုကျုပ်ပြောထားပါ့မယ်"

ယွမ်းရန်ခေါင်းညိတ်လိုက်သည်။

အမှန်တော့…

ကုတ်လျှံဖိသည် ထုပင်းအား အနည်းငယ်သံသယရှိနေ၏။

မည်သည့်အတွက်ကြောင့် သံသယဖြစ်နေသည်ကို တိတိကျကျ မပြောပြတတ်သော်လည်း ထုပင်းအား ပြန်လွှတ်ချင်သည့်ဆန္ဒမရှိပေ။

သူ့စိတ်ထဲတွင် ယွမ်းရန်က ပရိယာယ်ဖြင့်လှည့်ပတ်မေးလျှင် သူ၏အဖြစ်မှန်များ ပေါ်ပေါက်လာမည်ဟု မြင်မိလေသည်။

ထို့ကြောင့် ယွမ်းရန်ကိုပရိယာယ်ဖြင့်မေးခိုင်းခြင်းပင် ဖြစ်တော့သည်။

ယွမ်းရန်သည် ထိုနေ့က အချိန်အတော်ကြာသည်အထိ ထုပင်းကိုလှည့်ပတ်၍ စကားပြောသည်။

ထိုအချိန်တွင် ကုတ်လျှံဖိက အစောင့်တစ်ဦးအား မသိမသာနားထောင်စေခဲ့ပေသည်။

ယွမ်းရန်သည် ထုပင်းကိုအမျိုးမျိုးပရိယာယ်ဖြင့် ပြောဆိုမေးမြန်းခဲ့ရာ အချိန်တစ်နာရီကျော်ကျော်ကြာခဲ့သည်။

အစောင့်ကလည်း ထုပင်းထံမှကြားရသည့်စကားများကို မှတ်သားကာ ကုတ်လျှံဖိအားပြန်ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကုတ်လျှံဖိသည် ယွမ်းရန်နှင့်ထုပင်းတို့၏လှည့်ကွက်ကို လုံးဝမသိရှာပေ။

နောက်တစ်နေ့နံနက်....

ကုတ်လျှံဖိ သမားတော်အိမ်သို့ရောက်ရှိလာသည်။ သူ၏လက်ထဲတွင် လက်ဆောင်ပစ္စည်းများယူဆောင်လာ၏။

"ရော့... ညီမအတွက် အစ်ကိုကြီးဝယ်လာခဲ့တာ"

ယွမ်းရန်က....

"အို... အစ်ကိုကြီးကလဲ အားနာစရာကြီး"

"အားနာစရာမဟုတ်ပါဘူး... အစ်ကိုကြီးက စေတနာနဲ့ဝယ်လာတာပါ"

လက်ဆောင်ပစ္စည်းများကိုလှမ်းပေးရင်း ဆက်ပြော၏။

"ဒါထက် မနေ့ကသတင်းလေးတော့ ကြားချင်တယ်နော်"

ကုတ်လျှံဖိသည် မနေ့က အစောင့်ထံမှသေချာစွာကြားသိရပြီးဖြစ်သော်လည်း မသိဟန်ပြု၍ ယွမ်းရန်က မိမိအပေါ် ညာမညာ သိချင်သောကြောင့် လာရောက်မေးမြန်းခြင်းဖြစ်လေသည်။

"ကျွန်မ မနေ့က အတတ်နိုင်ဆုံးလှည့်ပတ်ပြီးမေးပါတယ်"

"ပြောပါဦးညီမရဲ့"

ယွမ်းရန်က....

"သူဟာ ရိုးရိုးကုန်သည်တစ်ယောက်ဖြစ်တဲ့အကြောင်း သိုင်းပညာလဲလုံးဝမတတ်တဲ့အကြောင်း နောက်ပြီး သူက မြင်းတစ်ကောင်ကို ဈေးပေါပေါနဲ့ဝယ်ခဲ့မိလို့ အခုလိုလက်မောင်းပါပြုတ်ရတော့မဲ့အကြောင်း နောက်ပြီး အခုဆိုရင် ညာဘက်ခြေထောက်ပါ... လှမ်း၍မရတော့တဲ့အကြောင်းကိုပြောပါတယ်"

အစောင့်ထံမှလည်း ထိုအတိုင်းပင်ကြားသိရ၏။



ထို့ကြောင့် ကုတ်လျှံဖိကျေနပ်သွားမိသည်။

ယွမ်းရန်အပေါ်လည်း ယုံကြည်စိတ်ချသွား၏။

"ဒါထက် သူ့ခြေထောက်ကဘယ်လိုဖြစ်ရပြန်တာလဲ"

ထိုစဉ် အခန်းထဲမှသမားတော်ကြီးယွမ်းပိထွက်လာ၏။

"ကျုပ်က လက်မောင်းရဲ့အကြောတွေကိုဆွဲပြီးဆက်လိုက်တော့ ခြေထောက်နဲ့ဆက်နေတဲ့အကြောက တင်းသွားတယ်လေ၊ ဒါပေမဲ့ သူ့ကိုလေ့ကျင့်ခန်းလုပ်ပေးလိုက်ရင် အဆင်ပြေသွားမှာပါ"

ကုတ်လျှံဖိခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ... သမားတော်ကြီးကပဲ အဆင်ပြေအောင်ကုသပေးလိုက်ပါ၊ ဒီတရားခံကို မြို့စားကြီးကပြန်လွှတ်ခိုင်းနေတယ်"

သမားတော်ကြီးက ကျွန်ရေရှုရခေါင်းညိတ်လိုက်သည်။

"မကြာခင်ပြန်ကောင်းသွားမှာပါ... ကျုပ်ကြိုးစားပါ့မယ်"

သမားတော်ကြီးက ထိုကဲ့သို့ပြောပြီး ထုပင်းရှိရာ အဆောင်ဘက်သို့ထွက်သွားတော့သည်။

ကုတ်လျှံဖိသည် သမားတော်ကြီးကရှောင်ပေးလိုက်သဖြင့် စိတ်ထဲတွင်ကျေနပ်သွားမိသည်။

သူသည် ယွမ်းရန်အား တစ်စုံတစ်ခုပြုကျင့်ရန် ကြံစည်နေသူဖြစ်သည်။

"ညီမတို့သားအဖအပေါ် အစ်ကိုကြီးဘယ်လောက်ကောင်းတယ်ဆိုတာ ညီမသိတယ်မို့လား"

ယွမ်းရန်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့သိပါတယ်"

ကုတ်လျှံဖိကအနားသို့တိုးကပ်၍....

"ဒါတောင် ညီမကကျုပ်ကိုအလိုမလိုက်ချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ယွမ်းရန်သည် ရင်ထဲ၌အလွန်ထိတ်လန့်သွား၏။

"ကျွန်မက ဘာအလိုလိုက်ရမှာလဲအစ်ကိုကြီးရဲ့၊ အစ်ကိုကြီး နိုင်းတဲ့ကိစ္စမှန်သမျှ ဆောင်ရွက်ပေးတာပဲမဟုတ်လား"

ကုတ်လျှံဖိသည် ယွမ်းရန်၏လက်ကိုဆုပ်ကိုင်၍....

"ကျုပ်က ညီမကိုသိပ်ချစ်နေတာဗျ"

ယွမ်းရန်က သူမ၏လက်ကိုမသိမသာပြန်ရုန်းလိုက်၏။

"ဒါဆို အစ်ကိုကြီးကျွန်မကိုလက်ထပ်လိုက်ပေါ့"

ယွမ်းရန်က မဖြစ်နိုင်မှန်းသိ၍ တမင်အကျပ်ကိုင်လိုက်ခြင်း ဖြစ်လေသည်။

ကုတ်လျှံဖိတွင် ဇနီးမယားရှိသည်။

ထို့ပြင် သမီးကလေးတစ်ယောက်လည်းရှိသည်ဟုသိထား ရသည်။

သူသည် ဖမ်းထားသောတရားခံတစ်ဦးအား လက်ထပ်ပါ က မြို့စားကြီးက သူ့ကိုဒဏ်ခတ်မည်မှာသေချာပေသည်။

သူသည် ယွမ်းရန်အား အပျော်ကြံရန်သက်သက်ချဉ်းကပ် နေခြင်းသာဖြစ်ပေသည်။

ကုတ်လျှံဖိသည် တဒင်္ဂနှုတ်ဆိတ်သွားသည်။

အတန်ကြာမှ သူကမျက်နှာချိုသွေးကာ....

"ညီမကလဲ တစ်နေ့ အစ်ကိုကြီးကလက်ထပ်ယူမှာပေါ့"

ယွမ်းရန်ကမျက်စောင်းထိုး၍....

"ကျွန်မကယုံရမှာလား"

ကုတ်လျှံဖိသည် သူမနားသို့ ပို၍တိုးကပ်လိုက်သည်။ သူ၏ ညာလက်က ယွမ်းရန်၏ပခုံးသို့သိုင်းဖက်လိုက်လေသည်။

"ကျုပ်ရဲ့စေတနာကိုယုံပါဗျာ"



ကုတ်လျှံဖိသည် ယွမ်းရန်အားလှမ်းဖက်ပြီးနမ်းရှုံ့ရန်ကြံစည် လိုက်သည်။

ထိုစဉ်အခိုက်မှာပင်....

ကလေးတစ်ယောက်ကပြေးတက်လာ၏။

"မမရေ... မမရေ"

ပြေးတက်လာသောလူငယ်လေးမှာ ဝက်ခြံထဲမှစီးဝမ်ပင် ဖြစ်လေသည်။

ကုတ်လျှံဖိသည် စီးဝမ်ပြေးတက်လာသည်ကိုမြင်ရ၍ အ ကြီးအကျယ်ဒေါသဖြစ်သွားလေသည်။

သို့သော် ယွမ်းရန်၏ရှေ့တွင် ဘာမှမပြောတော့ဘဲ အိမ်ပေါ် မှခြေဆောင့်၍ဆင်းသွားတော့၏။

ကုတ်လျှံဖိသည် တစ်နေရာသို့အရောက်တွင် ရပ်တန့်လိုက် သည်။ သူသည် သမားတော်ကြီးနှင့်ထုပင်းကို အကဲခတ်စူးစိုက်ကြည့် နေသည်။

သမားတော်ကြီးသည် ထုပင်းအား ဂေဟာ၏နောက်ဘက် ခြံထဲသို့ခေါ်လာပြီး လေ့ကျင့်ပေးနေခြင်းဖြစ်၏။

သူတို့နှင့်အတော်လှမ်းလှမ်းနေရာတွင် အစောင့်များရှိနေ၍ ကုတ်လျှံဖိသည် ခေတ္တမျှကြည့်ပြီးသည်နှင့် ပြန်ထွက်သွားတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



ထုပင်းသည် သူတို့အား ကုတ်လျှိုဖိရပ်တန့်ကြည့်နေသည်ကို မြင်၏။

ထို့ကြောင့် သူသည် သမားတော်ကြီးပြောသည့်အတိုင်း ဟန်လုပ်၍ပြနေခြင်းဖြစ်သည်။

သမားတော်ကြီးက....

"သူ ထွက်သွားပြီကွ"

ထုပင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... ကျွန်တော်မြင်တယ်"

သူသည် မောပန်းသွားဟန်ဖြင့် သစ်တုံးတစ်တုံးပေါ် ထိုင်၍ အနားယူလိုက်သည်။

ထုပင်းသည် ထိုကဲ့သို့ထိုင်နေရင်းမှ ပတ်ဝန်းကျင်ကိုအကဲခတ်ကြည့်ရှုနေခြင်းဖြစ်သည်။

သူသည် မြင့်မားလှသည့်အုတ်နံရံကြီးကိုလှမ်းကြည့်နေမိသည်။

"အပြင်ကိုထွက်ဖို့ကတော့ အဲဒီအုတ်နံရံကိုကျော်တက်နိုင်မှ ဖြစ်မယ်"

သမားတော်ကြီးကလည်းမသိမသာလှည့်ကြည့်ပြီး စဉ်းစားနေသည်။

"ညဘက် ဒီနေရာကို အားလုံးရောက်အောင်လာဖို့ကော မခဲယဉ်းဘူးလား"

သမားတော်ကြီးက ပြန်မေးလိုက်ခြင်းဖြစ်၏။

အတန်ကြာမှ ထုပင်းက....

"သူတို့သားအမိသုံးယောက်စလုံးကို ယွမ်းရှန်က ဒီနေရာ ရောက်အောင်ခေါ်လာနိုင်ရင် သိပ်မခဲယဉ်းတော့ဘူး"



သမားတော်ကြီးက စဉ်းစားနေသည်။

အတန်ကြာမှ....

"မင်းကို သူတို့ကပြန်လွှတ်ပေးဖို့အစီအစဉ်ရှိနေတယ်"

"ကျွန်တော် ပြန်လွှတ်သွားရင် ဆရာကြီးတို့သားအဖနဲ့ ဒီ မိသားစုသုံးယောက်ကိုကယ်ထုတ်ဖို့က မလွယ်တော့ဘူး"

သမားတော်ကြီး သက်ပြင်းချလိုက်လေသည်။

"အောင်မြင်ရင်တော့ ကောင်းပါတယ်... မအောင်မြင်ရင် တော့ အားလုံးဒုက္ခနဲ့တွေ့မှာသေချာတယ်"

သမားတော်ကြီးသည် စဉ်းစဉ်းစားစားဖြင့်ပြောလိုက်၏။

ထုပင်းခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... ဒါကို ကျွန်တော်တို့က စွန့်စားရမှာပေါ့"

သမားတော်ကြီးသည် တစ်စုံတစ်ခုကိုဆုံးဖြတ်လိုက်ဟန် ဖြင့် ခေါင်းကိုဆတ်ခနဲညိတ်လိုက်သည်။

"ဟုတ်ပြီလေ... နှစ်ရက်အတွင်းကျူပ်တို့စီစဉ်မယ်"

***

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးနှင့်ထုပင်းတို့တိုင်ပင်ပြီးနောက် နှစ်ရက်အကြာတွင်ဖြစ်သည်။

မြို့စားဂေဟာသည် ထုံးစံအတိုင်းပင် သန်းခေါင်ကျော်လျှင် တိတ်ဆိတ်နေသည်။

မကြာမီ မီးပုံလေးတစ်လုံးကိုဆွဲကိုင်လာသည့် သမားတော်ကြီးကိုတွေ့ရသည်။

သမားတော်ကြီးသည် ဣန္ဒြေရရပင် အချုပ်ခန်းတံခါးနားသို့ ရောက်ရှိလာကာ အစောင့်အား....

"သူ့ကို ဒီဆေးတစ်ခွက်တိုက်ရဦးမယ်"

အစောင့်သည် အိပ်ချင်မူးတူးဖြင့်....

"ခင်ဗျားတို့ သူ့ကိုဆေးမတိုက်လို့မရဘူးလား"

သမားတော်ကြီးသည် အစောင့်မျက်နှာကိုမီးပုံးဖြင့်မြှောက်ကြည့်ကာ....

"မင်း ဗိုလ်ကြီးကုတ်လျှံဖိကိုသွားပြောပါလား၊ ငါလဲ မင်းလိုပဲ အိပ်ရေးပျက်မခံနိုင်ဘူး"

အစောင့်သည် ပါးစပ်ပိတ်သွား၏။

သူသည် ခါးကြားမှသော့ကိုယူ၍ အခန်းတံခါးကိုဖွင့်ပေးလိုက်သည်။ ရုတ်တရက် သမားတော်ကြီးသည် အစောင့်၏နောက်ကျောကိုတွန်းလိုက်ရာ အစောင့်မှာ အခန်းထဲသို့ရောက်ရှိသွားသည်။

ထိုစဉ်မှာပင် ထုပင်းက အစောင့်အား မည်ကဲ့သို့ပြုလုပ်လိုက်သည်မသိ။ အစောင့်သည်....

"အင့်...."

ခနဲတစ်ချက်အော်ကာ လဲကျသွားတော့၏။

***



မြို့စားဂေဟာတစ်ခုလုံး ပကတိတိတ်ဆိတ်နေ၏။

သမားတော်ကြီးနှင့်ထုပင်းသည် အချုပ်ခန်းထဲမှနေ၍ အမှောင်ဆုံးနေရာကိုရွေးချယ်ကာ တဖြည်းဖြည်းထွက်လာကြ၏။

သူတို့နှစ်ဦးသည် ဝက်ခြံ၏အနောက်ဘက်မှနေ၍ ခြေသံမကြားအောင်လျှောက်ခဲ့ကြ၏။

ထိုစဉ်....

ခြံဝင်းတစ်လျှောက်ကင်းစောင့်နေသော အစောင့်ရဲမက်နှစ်ဦးသည် မီးဖိုဆွဲကာ အုတ်နံရံတစ်လျှောက်၊ လျှောက်လှမ်းလာသည်ကိုတွေ့ရ၏။

ကင်းသမားနှစ်ဦး စကားတပြောပြောနှင့်အဝေးဝေးသို့ရောက်ရှိသွားမှ သူတို့နှစ်ယောက်သည် ဝပ်နေရာမှပြန်ထွက်ပြီး ကင်းသမားများလျှောက်သွားသောလမ်းအတိုင်း နောက်မှလိုက်သွားကြလေသည်။

ထိုစဉ် ဝက်ခြံအပြင်ဘက်မှခွေးတစ်ကောင်က ထိုးဟောင်လိုက်ပြန်သဖြင့် ထုပင်းတို့မှာ ထိတ်ထိတ်ပျာပျာဖြစ်သွားကြရ၏။

ကင်းသမားနှစ်ယောက်သည် ခွေးဟောင်သံများကြောင့် နောက်ပြန်လှည့်လိုက်ကြပြန်၏။ ထုပင်းနှင့်သမားတော်မှာ အသက်ပင်မရှူရဲဘဲ ဝါးရုံပင်များကြားတွင်ပြန်၍ပုန်းလိုက်ရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



မီးပုံးကိုင်ထားသောကင်းသမားက....

"ဘာမှလဲမရှိပါဘူးကွာ... ဒီခွေးက တို့ကိုလှမ်းဟောင်တာ ဖြစ်မှာပါ"

မီးပုံးကိုင်ထားသောအစောင့်ကင်းသမားကပြောပြီး ဆက်လက်ထွက်သွားတော့၏။

ထိုအခါမှ....

ထုပင်းတို့လည်း သက်ပြင်းချနိုင်ကြတော့၏။

ကင်းသမားနှစ်ယောက်သည် အတော်ဝေးဝေးသို့ရောက်ရှိသွားကြပြီဖြစ်၏။

မကြာမီ သူတို့သတ်မှတ်ထားသည့်နေရာသို့ရောက်ရှိလာကြလေသည်။

ထုပင်းကလေသံဖြင့်....

"သူတို့ ဒီကိုလာဖို့အဆင်မှပြေပါ့မလား"

"လာဖို့ အသေအချာမှာထားတာပဲ"

သမားတော်ကြီးက အုတ်နံရံကိုမော့ကြည့်ကာ....

"အပြင်မှာအစောင့်တွေမရှိပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

"ခြံအပြင်မှာတော့ရှိမယ်မထင်ပါဘူး"

"အပြင်ရောက်ရင် ဘယ်လိုစီစဉ်ထားသလဲ"

ထုပင်းက ဝက်ခြံဘက်သို့မျှော်ကြည့်ရင်းမှ....

"ကျွန်တော်တို့မြို့ထဲမှာနေလို့မဖြစ်ဘူး... မြို့ပြင်ကို အမြန်ဆုံးရောက်ဖို့အရေးကြီးတယ်"

ထိုအခိုက် အမှောင်ထဲမှလူရိပ်များသည် သူတို့ထံသို့တဖြည်းဖြည်းချဉ်းကပ်လာသည်ကိုတွေ့လိုက်ရလေတော့၏။

***



လူရိပ်များသည် ယွမ်းရန်တို့လေးဦးဖြစ်သည်။

သူတို့လေးဦး အနားသို့ရောက်သည်နှင့်ထုပင်းသည် အုတ်နံရံပေါ်သို့လျှင်မြန်စွာခုန်တက်လိုက်၏။

အုတ်နံရံပေါ်သို့ရောက်သည်နှင့် ခွေးဟောင်သံများက စူးစူးဝါးဝါးပေါ်ထွက်လာသည်။

"ဝုတ်... ဝုတ်"

ထုပင်းသည် အုတ်နံရံပေါ်မှနေ၍ လက်ကိုကမ်းထားရာ ယွမ်းရန်က ထုပင်း၏လက်ကိုလှမ်းဆွဲပြီးတွယ်တက်လိုက်သည်။

ထုပင်းသည် ယွမ်းရန်ကိုအပြင်ဘက်သို့ချပေးလိုက်၏။

ခွေးက ထိုးဟောင်နေ၏။ အစောင့်များထံမှ အော်ဟစ်သံများကြားနေရပေသည်။

သမားတော်ကြီး ကလေးတစ်ယောက်ကိုချီ၍ တင်လိုက်သည်။ ထုပင်းကလှမ်းယူကာ တစ်ဘက်ရှိယွမ်းရန်ထံသို့ ပြန်ချပေးလိုက်သည်။

ဤသို့ဖြင့်... ကလေးနှစ်ယောက် အပြင်သို့ရောက်သည်နှင့် သမားတော်ကြီးက လျှူကျင်းကိုအပေါ်သို့မတင်ပေးလိုက်၏။

ထိုအချိန်မှာပင် မီးပုံးကိုယ်စီနှင့်အစောင့်များ သူတို့ထံသို့ ပြေးလာနေပြီဖြစ်သည်။

လျှူကျင်းအုတ်နံရံပေါ်သို့ရောက်သည်နှင့် အောက်တွင်ကျန်ခဲ့သောသမားတော်ကြီးထံမှ....

"အား...."

ဟူသောအသံကိုကြားလိုက်ရသည်။

ထုပင်းသည် လျှူကျင်းအားတစ်ဘက်သို့ချပေးလိုက်၏။

"ပြေးကြ... ပြေးကြ"

www.burmeseclassic.com

www.burmeseclassic.com



ထုပင်းကအော်ဟစ်၍ သမားတော်ကြီးကိုဆွဲတင်သည်။

ထိုစဉ်မှာပင်....

"ဒုတ်...."

မြားတစ်စင်းသည် ထုပင်း၏ပေါင်၌ စိုက်ဝင်သွားသည်။

"ဒိုး... ဒုတ်"

"ဒိုး... ဒုတ်"

လေးသည်တော်ထံမှမြားများသည် တရစပ်ပြေးဝင်လာကာ သမားတော်ကြီးထံတွင် သုံးလေးချောင်းစိုက်ဝင်သွားသည်။

"မင်း... မင်း ငါ့ကိုမခေါ်ပါနဲ့တော့ သမီး... သမီး"

သမားတော်ကြီးသည် နေရာတွင်ပင် ငြိမ်သက်သွားလေတော့၏။ သမားတော်ကြီးအားစောင့်ခေါ်၍ အကြောင်းမထူးတော့ပေ။ ထုပင်းသည် သူ၏ပေါင်မှမြားကိုထုတ်၍ အောက်သို့ချပေးလိုက်သည်။

ထိုအချိန်တွင် မြို့စားဂေဟာတစ်ခုလုံး ပွက်လောရိုက်သံများ ဆူညံစွာထွက်ပေါ်တော့သည်။

***



မီးတုတ်များနှင့်အတူ ကိုယ်ရံတော်တပ်သားများနှင့် မန်ချူးစစ်သည်တို့သည် အုတ်နံရံပေါ်သို့ရောက်ရှိလာတော့သည်။

"အမြန်ဆုံးထွက်"

ထုပင်းက အော်ဟစ်သည်။

အပြင်တွင် သစ်သားဖြင့်ပြုလုပ်ထားသောနံရံက ရှိနေသေးသည်။ ထုပင်းက သစ်သားများကိုရိုက်ချိုး၍အပေါက်လုပ်ပြေးသည်။

"ဖေဖေကော... ဖေဖေကော"

ယွမ်းရန်သည် သူမ၏ဖခင်ပါမလာ၍ အုတ်နံရံဆီသို့ ပြန်ပြေးရန်ကြိုးစားနေသည်။

ထိုစဉ် လေးသည်တော်များထံမှ မြားများသည် တစ်စင်းပြီးတစ်စင်းရောက်လာသည်။

"ယွမ်းရန် နင့်အဖေနဲ့တွေ့ဖို့မကြိုးစားနဲ့တော့ သူတို့ကိုခေါ်ပြီးပြေးပါ"

ထုပင်းသည် တအားကျုံး၍အော်ပြောသည်။ ထိုအချိန်တွင် ကလေးနှစ်ယောက်မှာ အပြင်သို့ရောက်ရှိသွားသည်။

လျူကျင်းသည် သူ့သားသမီးများကို အတင်းဆွဲခေါ်သွားစဉ်မှာပင် လျူကျင်း၏ခန္ဓာကိုယ်ပေါ်သို့ မြားများစိုက်ဝင်သွားတော့သည်။ လျူကျင်းမှာ လုံးဝမလှုပ်ရှားနိုင်တော့ဘဲ ချက်ချင်းပင် ငြိမ်သက်သွားသည်။

ထုပင်းသည် ခုန်ဆင်းလိုက်လာသော စစ်သည်တို့နှင့်တိုက်ခိုက်နေရသည်။

"ယွမ်းရန် ကလေးတွေကိုခေါ်သွားပါ"

ယွမ်းရန်သည် ကလေးနှစ်ယောက်ကိုကြည့်လိုက်ရာ မတွေ့ရတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ယောက်သည် ကြောက်အားလန့်အားဖြင့် ပြေးမိပြေးရာသို့ စွတ်၍ပြေးကုန်ပြီဖြစ်သည်။

ထုပင်းသည် အလူးအလဲတိုက်ခိုက်နေသည်။

ကုတ်လျှိုဖိ၏အော်ဟစ်သံများကိုလည်း ကြားနေရသည်။

ထုပင်းသည် ခြံစည်းရိုး၏ညာဘက်တောအုပ်တစ်ခုရှိနေသည်ကိုတွေ့ရသည်။

ယွမ်းရန်၏လက်ကိုဆွဲကာ တောအုပ်ဆီသို့ထွက်ပြေးတော့သည်။

"ဝိုး... ဒုတ်... ဝိုး... ဒုတ်"

မြားနှစ်စင်းသည် ထုပင်း၏ကျောပြင်သို့စိုက်ဝင်သွားသည်။

ထုပင်းက အားမလျှော့ပါ။

ယွမ်းရန်အား သူ၏ခန္ဓာကိုယ်ဖြင့် အကာအကွယ်ပေးကာ တောအုပ်ထဲသို့သာစွတ်၍ပြေးဝင်တော့သည်။

မန်ချူးစစ်သည်များ ပေတစ်ရာနီးပါးမှလိုက်လာသည်ကိုလည်း တွေ့နေရသည်။

ထုပင်းအနေဖြင့် ဆက်လက်မပြေးနိုင်တော့ပါ။

သူက ယွမ်းရန်အား....

"ငါ့ကျောကုန်းကမြားတွေဆွဲနှုတ်ပါ"

ယွမ်းရန်သည် အသက်အန္တရာယ်နှင့်နီးကပ်သော်လည်း မတတ်သာသည့်အဆုံး ထုပင်းပြောသည့်အတိုင်း ဆွဲနှုတ်လိုက်သည်။

ထုပင်းမှာ မောပန်းလွန်းသဖြင့် သတိလွှတ်မတတ်ခံစားနေရသည်။ တောအုပ်ထဲသို့လည်း မန်ချူးစစ်သည်များ ဝင်ရောက်လာပြီဖြစ်သည်။

ထုပင်းမှာ ဆက်လက်ပြေးနိုင်စွမ်းမရှိတော့ပေ။



ထိုအခါ ယွမ်းရန်သည် ထုပင်း၏ခန္ဓာကိုယ်အား ဆွဲယူကာ လျှိုမြောင်ကလေးတစ်ခုအတွင်းသို့ တိုးဝင်လိုက်သည်။

သူမသည် ထိုမှတစ်ဆင့် ထုပင်းအား ပခုံးပေါ်သို့တင်၍လျှိုမြောင်အတိုင်း ထမ်းသွားတော့၏။

မန်ချူးစစ်သည်များ၏အသံများက တောအုပ်ထဲတွင် ပျံ့နှံ့ကျန်ရစ်ခဲ့ပေတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



နေသည် ကျဲကျဲတောက်ပူပြင်းနေပေသည်။

ယွမ်းရန်သည် ထုပင်း၏ခန္ဓာကိုယ်ကြီးကို ဆက်လက်သယ်ဆောင်နိုင်စွမ်းမရှိတော့ပါ။

ထို့ကြောင့် သူမသည် သစ်ပင်ရိပ်တစ်ခုအောက်တွင် ထုပင်းအား အသာအယာချလိုက်သည်။

ထိုအခိုက် သူမနားထဲသို့ မြင်းခွာသံလိုလို ကြားနေရလေသည်။ ယွမ်းရန်သည်ကြောက်အားလန့်အားဖြင့် ထုပင်းကို သစ်ပင်ချုံဖုတ်တစ်ခုအတွင်းသို့ထိုးသွင်းကာ အသံကိုနားစွင့်နေမိသည်။

"ခွပ်... ခွပ်... ခွပ်"

ခပ်မှန်မှန်သွားနေသည့်မြင်းခွာသံကို ကြားနေရ၏။ သူမ၏အနီးအပါးတွင် လမ်းတစ်ခုရှိနေရမည်။

မြင်းခွာသံသည် ထိုလမ်းမပေါ်မှပေါ်ထွက်လာခြင်း ဖြစ်ရမည်ဟု ထင်မိလိုက်သည်။

ယွမ်းရန်သည် စဉ်းစားမနေတော့ဘဲ အနီးတွင်ရှိနေသောမြင့်မားသည့်သစ်ပင်တစ်ပင်ပေါ်တက်၍ ပတ်ဝန်းကျင်ကိုကြည့်လိုက်ရာ သူမထင်ထားသည့်အတိုင်းပင် ကျဉ်းမြောင်းသောလမ်းကလေးတစ်လမ်းကိုတွေ့ရ၏။

ထိုလမ်းပေါ်တွင် မြင်းတစ်ကောင်သွားနေသည်ကိုတွေ့ရ၏။ ထိုလမ်းကလေးအတိုင်းသွားလျှင် ချန်ကျူးမြို့သို့ရောက်ရှိနိုင်ပေသည်။

မြင်းပေါ်မှလူသည် ချန်ကျူးမြို့သို့သွားမည့်ခရီးသည်လည်းဖြစ်နိုင်၏။

မည်သို့ပင်ဆိုစေ ယခုအခါတွင် ထိုလူကိုသာအကဲခတ်၍ အကူအညီတောင်းရတော့မည်ဟု ယွမ်းရန်ဆုံးဖြတ်လိုက်တော့၏။



လမ်းကလေးပေါ်သို့ ယွမ်းရန်ကရောက်ရှိသွားသည့်အခါတွင် မြင်းနှင့်လူက အတော်ကလေးလွန်သွားပြီဖြစ်သည်။

"ဒီမှာရှင့်... ဒီမှာ"

မြင်းနှင့်လူက ကြားဟန်မတူ....

သူမ ပြေးလိုက်သွားပြီး....

"ဒီမှာရှင့် အစ်ကိုကြီး"

ထိုအခါမှ မြင်းပေါ်မှလူကလှည့်ကြည့်သည်။

"ဘာကိစ္စလဲခင်ဗျ"

မြင်းပေါ်မှပုဂ္ဂိုလ်သည် ဤကဲ့သို့လူသူပြတ်သောလမ်းခရီး၌ အမျိုးသမီးတစ်ယောက်တည်းကိုတွေ့လိုက်ရသဖြင့် အံ့သြနေပုံရသည်။

ယွမ်းရန်မှာ မောပန်းနေသဖြင့် စကားကိုဆက်မပြောနိုင်သေးပါ။ မြင်းပေါ်မှလူက အသာအယာခုန်ဆင်း၍သစ်ပင်ရိပ်နားသို့လျှောက်သွားရင်း....

"ခင်ဗျားသိပ်မောနေတယ်"

ဟုပြောလိုက်၏။

ယွမ်းရန်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ရှင့်... ကျွန်မအကူအညီတစ်ခုလိုချင်လို့ပါ"

"ပြောပါ"

ယွမ်းရန်က....

"ဟို ဒုက္ခတစ်ခုနဲ့ရင်ဆိုင်နေရလို့ပါ"

"ဟုတ်ပါပြီ... ဘာဒုက္ခလဲ... ပြောပါ"

မြင်းနှင့်လူက စိတ်မရှည်သလိုပြန်ပြောသည်။

ယွမ်းရန်သည် အနည်းငယ်ချင့်ချိန်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ....

"ကျွန်မရဲ့မိတ်ဆွေတစ်ယောက်ဒဏ်ရာရပြီး သတိလစ်နေလို့ပါ"

"ဘယ်မှာလဲ"

"ဟိုတောထဲမှာပါ"

မြင်းနှင့်လူမှာ သူမ၏စကားကိုယုံရအခက် မယုံရအခက်ဖြစ်သွားလေသည်။

"ခင်ဗျား သွားခေါ်ခဲ့ပါလား"

"ခက်တာပဲရှင်... ကျွန်မမှာလဲ သူ့ကိုထမ်းနိုင်တဲ့အင်အားမရှိတော့ဘူး... အစ်ကိုကြီး လိုက်မကြည့်နိုင်ဘူးလား"

မြင်းနှင့်လူမှာ မျက်မှောင်ကြုတ်၍စဉ်းစားရင်းမှ....

"ခင်ဗျားမိတ်ဆွေကယောကျ်ားလား... မိန်းမလား"

"ယောကျ်ားပါ"

မြင်းနှင့်လူက ဆုံးဖြတ်လိုက်ဟန်ဖြင့်....

"ကဲ... ခင်ဗျားရှေ့ကသွား"

***



ယွမ်းရန်သည် ချုံပုတ်ထဲ၌ ခွေခွေလေး သတိလစ်နေသောလူမမာကို မြင်းနှင့်လူအား လက်ညှိုးထိုးပြလိုက်သည်။

မြင်းနှင့်လူက တစ်ချက်လှမ်းကြည့်၍....

"သူ့ကျောကုန်းကဒဏ်ရာတွေက ဘာဖြစ်တာလဲ"

ယွမ်းရန်က....

"မြားဒဏ်ရာပါ"

"သူ ဘယ်သူနဲ့ရန်ဖြစ်ခဲ့တာလဲ"

ယွမ်းရန်ကစဉ်းစား၍ ဖြေသင့်မဖြေသင့် ချင့်ချိန်သည်။

သို့သော်... ယခုအချိန်တွင် မိမိအနေဖြင့် အမှန်အတိုင်းပြောမှသင့်မည်ဟုထင်မြင်မိသည်။

ထို့ကြောင့်....

"မြို့စားကြီးဂေဟာကရဲမက်တွေ ပစ်လိုက်တာပါ"

မြင်းနှင့်လူမှာ စိတ်ဝင်စားသွားဟန်ဖြင့်....

"မြို့စားကြီးကျိုကျုံးရဲ့လူတွေ ဟုတ်လား"

ယွမ်းရန်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လူစိမ်းက....

"ဟာ... ကျုပ် သူတို့နဲ့သိပ်မပတ်သက်ချင်ဘူး"

ယွမ်းရန်မှာ ချက်ချင်းအားငယ်သွားတော့သည်။

"ကျွန်မတို့က လူကောင်းတွေပါ၊ ထွက်ပြေးတာကို မြားနဲ့လိုက်ပစ်လို့ပါ"

မြင်းနှင့်လူစိမ်းသည် ယွမ်းရန်၏စကားကိုကြားရသောအခါ အနည်းငယ်စဉ်းစား၍ ထုပင်းကိုလှမ်းကြည့်သည်။

ယင်းသို့ကြည့်ရင်းမှ ယွမ်းရန်ဘက်သို့လှည့်ကာ....

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့က မြို့စားကြီးဂေဟာမှာ အချုပ်ခံနေရတဲ့လူတွေလား"

ယွမ်းရန်ကခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်"

မြင်းနှင့်လူစိမ်းက တစ်စုံတစ်ခုကိုစဉ်းစားနေသည်။

အတန်ကြာမှ....

"အဲဒီမှာ ကျုပ်မိတ်ဆွေတစ်ယောက်များရှိနေသလားလို့"

ယွမ်းရန်က မျက်မှောင်ကြုတ်၍....

"ဘယ်သူလဲ"

လူစိမ်းက....

"သူ့နာမည်ကထုပင်း"

ထိုစကားကြောင့်....

ယွမ်းရန်မှာမျက်လုံးများ ဝိုင်းစက်သွားပြီး....

"သူဟာ ထုပင်းပဲပေါ့"

ဟု ထုပင်းအား လက်ညှိုးထိုးပြ၍ပြောလိုက်ရာ လူစိမ်းသည် မယုံတစ်ဝက် ယုံတစ်ဝက်နှင့်ထုပင်း၏မျက်နှာကို အသေအချာသွားကြည့်သည်။

သိပ်သဲကွဲပုံမရပါ။

ထို့ကြောင့်....

လူစိမ်းက ထုပင်း၏ထူထဲသောနှုတ်ခမ်းမွေးကြီးများကို ခွာထုတ်လိုက်သည်။

ထိုအခါမှ သူသည် ထုပင်း၏မျက်နှာကို သေသေချာချာမှတ်မိသွားလေတော့၏

"ဟာ... ထုပင်း... ထုပင်း"



ထိုလူသည် နှုတ်မှခေါ်ရင်း ထုပင်းကို ပခုံးပေါ်ထမ်းတင်လိုက်သည်။

ထို့နောက် ယွမ်းရန်ဘက်သို့လှည့်ကာ....

"လာ... လာ... ကျုပ်နောက်ကို အမြန်ဆုံးလိုက်ခဲ့"

ဟု ပြောဆိုကာ ရှေ့မှထွက်သွားလေတော့၏။

***

စုဟုန်လင်း....

သူသည် မတွေ့မမြင်ဘူးသော မိန်းကလေးတစ်ယောက်ကို သူ၏မွေးစားအဖေလည်းဖြစ် ဆရာလည်းဖြစ်သော တစ်ခေါက်ကန်းသိုင်းသမားထုပင်းကအရှာခိုင်းသဖြင့် လိုက်လံရှာဖွေနေသူဖြစ်သည်။

သူသည် ကုမုထိတို့ထံမှထွက်လာပြီးကတည်းက တစ်ရွာဝင် တစ်ရွာထွက် လန်စီကျင်းဟူသောအမည်တစ်ခုကိုမေး၍ ရှာဖွေနေဆဲဖြစ်သည်။

သူသည် ရှာဖွေစုံစမ်း၍မရသည့်အဆုံး ကုမုထိထံသို့ပြန်သွားရာ တွေ့မြင်လိုက်ရသောမြင်ကွင်းကြောင့် ရင်မောသွားခဲ့ရလေသည်။

ကုမုထိတို့၏ဂေဟာကလေးသည် ပြာပုံအတိဖြစ်နေသည်ကိုတွေ့လိုက်ရသောကြောင့် ကုမုထိမှာအန္တရာယ်တစ်ခုခုနှင့်ကြုံတွေ့သွားရပြီဖြစ်ကြောင်း နားလည်လိုက်သည်။

အနားမှလူအချို့ကိုစုံစမ်းမေးမြန်းရာ မန်ချူးစစ်သည်များလာရောက်ဖျက်ဆီးသွားကြောင်း သိရှိလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်းသည် မိမိပါ ပတ်သက်နေမည်စိုး၍ ထိုအနားတွင် မနေတော့ဘဲ ခရီးဆက်၍ထွက်ခဲ့လေသည်။

မိမိမရောက်သေးသည့်ကျေးရွာများသို့ဝင်၍ လိုက်လံစုံစမ်းသည်။ သို့သော် လန်စီကျုံးကိုကား မတွေ့ရှိရပါပေ။

စုဟုန်လင်းအဖို့ စိတ်ပျက်စပြုလာပြီဖြစ်သော်လည်း မိမိဆရာ၏စကားကိုပယ်ရှား၍မဖြစ်ပါ။

ထို့ကြောင့်....

သူသည် အပင်ပန်းခံ၍ ရွာတစ်ရွာရှိရာသို့ ဦးတည်ခဲ့ပြန်၏။ ယခု စုဟုန်လင်းရောက်ရှိလာသောရွာမှာ အိမ်ခြေမများပါ။

ကျယ်ဝန်းသောခြံကြီးများနှင့် စိုက်ပျိုးရေးလုပ်ကိုင်စားသောက်နေကြသောမိသားစုများသာ ဖြစ်သည်။

စုဟုန်လင်းသည် ယနေ့အဖို့ ဤရွာတွင် တစ်ညတာ တည်းခိုမှဖြစ်တော့မည်ဟုစဉ်းစားမိလိုက်၏။

သူသည် စိတ်မောလူမောဖြစ်နေသည်။

ဝမ်းဗိုက်မှဆာလောင်မှုကိုလည်း ဆက်လက်၍သည်းခံနိုင်စွမ်းမရှိပေ။

ထို့ကြောင့် သူသည် ကျယ်ဝန်းသောဥယျာဉ်ခြံကြီးထဲမှအိမ်တစ်အိမ်သို့လှမ်းဝင်လိုက်လေသည်။

***



ဥယျာဉ်ခြံကြီးထဲတွင်....

အမျိုးသမီးတစ်ယောက်နှင့် ယောကျ်ားလေးလူငယ်တစ်ယောက်ကိုတွေ့ရသည်။

အမျိုးသမီးက ပန်းပင်များကိုရေလောင်းနေ၏။

လူငယ်အမျိုးသားလေးသည် ပေါက်တူးဖြင့် မြေများကိုဆွနေသည်။

စုဟုန်လင်းက ခြံထဲသို့ဝင်၍အသံပြုလိုက်သည်။

"အဟမ်း...."

အမျိုးသမီးကလှမ်းကြည့်လိုက်ရာ မြင်းတစ်ကောင်နှင့် ရပ်တန့်နေသည့်လူကိုတွေ့လိုက်ရသဖြင့်....

"ဘာကိစ္စလဲ မောင်လေး"

အမျိုးသမီးက လှမ်းမေး၏။ ပေါက်တူးဖြင့် မြေဆွနေသောလူငယ်ကလည်း အနားသို့ရောက်ရှိလာကာ မြင်းနှင့်လာသူကို အကဲခတ်ကြည့်လေသည်။

စုဟုန်လင်း ချက်ချင်းအကဲခတ်မိလိုက်သည်။

ဤအမျိုးသမီးနှင့် ဤလူငယ်သည် မောင်နှမများဖြစ်ရမည်ဟုအကဲခတ်မိလေသည်။

"ကျွန်တော်ခရီးသည်ပါဗျာ... ခရီးကသိပ်ပင်ပန်းလာလို့ ဒီမှာတစ်ညလောက် တည်းခိုလို့ရမလားလို့ပါ"

ဥယျာဉ်ခြံထဲမှလူငယ်လေးက....

"အစ်ကိုက ဘယ်ကလာတာလဲ"

စုဟုန်လင်းက....

"အစ်ကိုက အဝေးကြီးကလာတာပါ ညီလေး"

"ဒီရွာမှာ အသိမရှိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်းကခေါင်းယမ်း၍....

"မရှိပါဘူးညီလေး... အစ်ကိုက လူတစ်ယောက်ကို လိုက်လံစုံစမ်းနေတာပါ"

ခြံရှင်လူငယ်က သူ့အစ်မကို တစ်ချက်လှမ်းကြည့်၏။ ပြီးမှ စုဟုန်လင်းဘက်ပြန်လှည့်ကာ....

"အစ်ကိုလိုက်ရှာတာကဘယ်သူလဲ"

စုဟုန်လင်းက....

"မိန်းကလေးတစ်ယောက်ပါ... သူ့နာမည်က လန်စီကျင်းလို့ခေါ်တယ်၊ ဒီရွာကိုရောက်နေတယ်လို့ ညီလေးတို့များ သတင်းကြားမိကြသလား"

ထိုစဉ် ခြံရှင်အစ်မကြီးဖြစ်သူက....

"နေပါဦးရှင်... ကျွန်မတို့မောင်နှမ အဖေ့ကိုသွားမေးကြည့်ပါဦးမယ်"

ပြောပြီးထွက်သွားရာ စုဟုန်လင်းမှာ ရပ်တန့်၍စောင့်ဆိုင်းနေလိုက်လေသည်။

***



တိယိုကျိုက သမီးဖြစ်သူတိကျိန်းနှင့်ယောကျ်ားလေးယောင်ဆောင်ထားသောလန်စီကျင်းတို့ ခပ်သွက်သွက်ပြေးလာသည်ကိုမျက်မှောင်ကြုတ်၍ကြည့်ရင်းမှ....

"သမီးတို့ ဘာဖြစ်လာကြတာလဲ"

တိကျိန်းက....

"လူငယ်တစ်ယောက်က လန်စီကျင်းကိုလိုက်စုံစမ်းနေတယ်၊ နောက်ပြီး ဒီမှာလဲ တစ်ညလောက်တည်းခိုပါရစေလို့ ပြောနေတယ်"

တိယိုကျိုက မျက်မှောင်ကြုတ်၍စဉ်းစားလိုက်သည်။

"သူက မန်ချူးစစ်သားလား"

"သူကလူငယ်ကလေးပဲ... အဖေရဲ့ မန်ချူးစစ်သားတော့ မဖြစ်နိုင်ဘူး"

တိယိုကျိုက....

"ကုမှုထိတို့အုပ်စုကတော့ မဖြစ်နိုင်ဘူးလား"

"အဲဒါတော့ အသေအချာမပြောနိုင်ဘူး... ဒါပေမဲ့ သူ့ကို ဒီမှာတည်းခိုခွင့်ပေးပြီးစုံစမ်းရင် သူ့အကြောင်း အားလုံးသိရမှာပဲ"

"အေး... ကောင်းတယ်၊ သူ့ကို ဒီမှာပဲ တည်းခိုပါလို့ပြောလိုက်"

***

www.burmeseclassic.com

www.burmeseclassic.com



တိယိုကျိုသည် စုဟုန်လင်းအား ညစာကျွေးမွေးသည်။

စုဟုန်လင်းက ကျသင့်ငွေကိုပေးပါမည်ဟုပြော၏။

တိယိုကျိုက လက်မခံပေ။

"မလိုပါဘူးကွာ... ငါတို့က ညီသည်တစ်ယောက်ကို စေတနာနဲ့ကျွေးမွေးတာပါ"

ယခု သူတို့သည် ညဘက်၌ ရေနွေးကြမ်းသောက်ရင်း စကားပြောနေကြခြင်းဖြစ်၏။

တိယိုကျိုက မိတ်ဆက်ပေးသည်။

"ဟောဒါက ငါ့သမီးအကြီးတိကျိုန်းလို့ခေါ်တယ်"

စုဟုန်လင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

တိယိုကျိုက လန်စီကျင်းကိုလက်ညှိုးထိုး၍...

"သူကတော့ ငါ့သားအငယ် တိဝမ်းအိတဲ့... ငါ့နာမည်ကတော့ တိယိုကျိုဆိုတာ မင်းသိပြီးပါပြီ"

စုဟုန်လင်းက ခေါင်းညိတ်လိုက်ပြန်သည်။

"ဟုတ်ကဲ့... ကျွန်တော်အားလုံးကိုမှတ်မိသွားပါပြီ"

"မင်းနာမည်လဲ ပြောဦးမှပေါ့"

"ကျွန်တော့်နာမည် စုဟုန်လင်းလို့ခေါ်ပါတယ်"

သူကပြောပြီး လန်စီကျင်းကိုကြည့်ကာ ဆက်၍...

"ညီလေးနဲ့ဆိုရင်တော့ အသက်က တစ်နှစ် နှစ်နှစ်လောက်ပဲကြီးမယ်လို့ထင်ပါတယ်"

တိယိုကျိုက...

"မောင်ရင်က ဘယ်နှစ်နှစ်မို့လဲ"

"ကျွန်တော်က ဆယ့်ရှစ်နှစ်ပါ"



တိယိုကျိုက ခေါင်းညိတ်လိုက်သည်။

"အေး ဟုတ်တယ်... မင်းက နှစ်နှစ်ကျော်ကျော်လောက်ကြီးတယ်၊ ငါ့သားက အခုမှဆယ့်ခြောက်နှစ် မပြည့်ချင်သေးဘူး"

တိယိုကျိုသည် လန်စီကျင်းမှာ အလွန်အန္တရာယ်များနေမှန်းသိ၏။ မန်ချူးများ၏အန္တရာယ်ကကြီးမားနေသလို ကုမှထိတို့၏အန္တရာယ်ကလည်း ရှိနေသည်။

ထို့ကြောင့် စုဟုန်လင်းသည် လန်စီကျင်းအား ရှာဖွေနေသည်မှာမည်သည့်အတွက်ကြောင့်ဆိုသည်ကို အမှန်အကန်သိချင်နေသည်။

လန်စီကျင်းအား အန္တရာယ်ပေးမည့်သူဖြစ်နေလျှင် တိယိုကျိုသည် စုဟုန်လင်းအား ညတွင်းချင်းပင် နှင်ထုတ်မည်ဟုဆုံးဖြတ်ထားလေသည်။

ထို့ကြောင့် တိယိုကျိုက စကားဆက်လိုက်သည်။

"တို့မိသားစုက ညီသည်ကိုခင်တတ်ပါတယ်ကွ"

"ဟုတ်ကဲ့... ကျွန်တော်လဲ အကဲခတ်မိပါတယ်"

"ဒါထက် မင်းလိုက်ရှာတဲ့မိန်းကလေးက ဘာတော်လို့လဲ"

စုဟုန်လင်းသည် သောက်လက်စရေနွေးကြမ်းခွက်ကို ပြန်ချလိုက်ပြီး...

"ကျွန်တော်နဲ့တော့ ဘာမှမတော်ပါဘူး ဦးလေးရယ်... ဒါပေမဲ့..."

သူကစကားဖြတ်ထားသဖြင့် တိယိုကျိုက...

"ဒါပေမဲ့ ဘာဖြစ်သလဲ၊ ဆက်ပါဦးကွ"

"ဟုတ်ကဲ့... အဲဒီမိန်းကလေးက အခက်အခဲကြုံနေတဲ့ ညီသည်လေးတစ်ယောက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



လန်စီကျင်းက ယောကျ်ားလေးတစ်ဦး၏ဟန်ပန်မျိုးဖြင့် နားထောင်နေရာမှ....

"ဘယ်လိုဒုက္ခသည်လေးလဲ အစ်ကိုရဲ့"

ဟုဝင်မေးလိုက်သည်။

စုဟုန်လင်းက လန်စီကျင်းကိုကြည့်ကာ...

"သူ့ဇာတ်လမ်းက ပြောရမယ်ဆိုရင်တော့ အရှည်ကြီးပဲ ညီလေးရဲ့"

လန်စီကျင်းက....

"ဟာ အစ်ကိုကလဲ ကျွန်တော်တို့က စိတ်ဝင်စားလို့ပြောပြပါလား"

စုဟုန်လင်းကခေါင်းညိတ်ပြကာ တိယိုကျိဘက်သို့ပြန်လှည့်လိုက်သည်။

"စိတ်တော့ဝင်စားစရာပါပဲ... အဖြစ်က ဒီလိုပါ၊ လန်စီကျင်းဆိုတဲ့ ကလေးမရဲ့မိဘတွေကို မန်ချူးမြို့စားကျိကျူးက ဖမ်းဆီးသွားတယ်"

တိယိုကျိကခေါင်းညိတ်၍....

"အင်း... အင်း... ဆက်ပါဦး"

စုဟုန်လင်းက....

"အဲ့ဒီအခါမှာ လန်စီကျင်းဟာ တစ်ယောက်တည်း ဒုက္ခရောက်နေတယ်၊ အဲဒါကို ကတ်ရှူဝါးဆိုတဲ့ပုဂ္ဂိုလ်ကြီးကတွေ့လို့ ကယ်ဆယ်လိုက်တယ်"

တိယိုကျိက ခေါင်းညိတ်လိုက်သည်။

ထိုအကြောင်းများကို တိယိုကျိသည် လန်စီကျင်းထံမှလည်း အမှန်အတိုင်းသိရှိထားပြီးဖြစ်သည်။



"အင်း... ဆက်ပါဦး"

စုဟုန်လင်းက....

"ကတ်ရှူဝါးဆိုတဲ့ပုဂ္ဂိုလ်ကြီးက တရားအားထုတ်မယ် ဆိုတော့ ဒီကိစ္စတွေကိုဝင်မပါချင်တာနဲ့ ကောင်မလေးကို ချပ်ခိုရွာက တည်းခိုခန်းမှာထားခဲ့ပြီးတော့ သူ့တပည့်တစ်ယောက်ကိုတာဝန်ပေးလိုက်တယ်"

တိယိုကျိက....

"ကတ်ရှူဝါးရဲ့တပည့်ဆိုတာ မင်းပေါ့ ဟုတ်လား"

စုဟုန်လင်းက ခေါင်းယမ်းလိုက်သည်။

"ကတ်ရှူဝါးရဲ့တပည့်က တစ်ဖောက်ကန်းထုပင်းလို့ ခေါ်ပါတယ်၊ တစ်ဖောက်ကန်းထုပင်းဆိုတာ ကျွန်တော့်မွေးစားအဖေ ဖြစ်သလို ကျွန်တော့်ကိုသိုင်းပညာသင်ပေးခဲ့တဲ့သိုင်းဆရာဆိုလဲ မမှားပါဘူး"

တိယိုကျိက....

"အင်း... အင်း ကတ်ရှူဝါးက သူ့တပည့်ထုပင်းကို ဘယ်လိုတာဝန်ပေးခဲ့လို့လဲ"

"ကတ်ရှူဝါးပေးခဲ့တဲ့တာဝန်ကတော့ ကျွန်တော့်ဆရာထုပင်းက မန်ချူးမြို့စားကြီးဂေဟာမှာရောက်နေတဲ့ လန်စီကျင်းရဲ့ မိသားစုကိုကယ်ရမယ်၊ ကျွန်တော်ကတော့ ချပ်ခိုရွာမှာရှိနေတဲ့ လန်စီကျင်းကိုစောင့်ရှောက်ရမယ်လို့ အမိန့်ပေးခဲ့တဲ့အတွက် ကျွန်တော်က ချပ်ခိုရွာမှာရှိတဲ့လန်စီကျင်းကိုလိုက်ရှာနေတာပါ"

တိယိုကျိသဘောပေါက်သွားသည်။ တိယိုကျိကဲ့သို့ပင် လန်စီကျင်းလည်း စုဟုန်လင်းသည် ရန်သူတစ်ဦးမဟုတ်မှန်းသိလိုက်၍ တိယိုကျိနှင့်တိကျိန်းကို မသိမသာလှမ်းကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တိယိုကျိုက....

"ချပ်ခိုရွာရောက်တော့ အဲဒီမိန်းကလေးကိုမတွေ့ဘူးလား"

စုဟုန်လင်းက အနည်းငယ်ရယ်မော၍....

"မပြောချင်တော့ပါဘူး ဦးရယ်"

တိယိုကျိုကမျက်မှောင်ကြုတ်၍....

"ဟင်... ဘာဖြစ်လို့လဲကွ"

စုဟုန်လင်းက....

"ဘာဖြစ်လို့လဲဆိုတော့ ကတ်ရှူဝါးက ကုမုထိပိုင်တဲ့မြင်းလှည်းကိုလုယူပြီးစီးလာတယ်၊ ကုမုထိကလိုက်ရှာတော့ လန်စီကျင်းကိုတွေ့သွားတာပေါ့"

လန်စီကျင်းကကြားဖြတ်၍....

"ဒါနဲ့ လန်စီကျင်းကို အဲ့ဒီကုမုထိတို့အုပ်စုက ဖမ်းသွားရောလား"

စုဟုန်လင်းကခေါင်းညိတ်ကာ....

"ဟုတ်တာပေါ့ငြဲညီရာ... ဒါနဲ့ အစ်ကိုလဲ ကုမုထိတို့ဆီလိုက်သွားတာပေါ့"

လန်စီကျင်းသည် စိတ်ဝင်စားလာတော့သည်။

ထို့ကြောင့် သူကမေးမည်ကြံစဉ် တိယိုကျိုကဝင်၍....

"မင်း ကုမုထိတို့လူစုနဲ့တွေ့သလား"

စုဟုန်လင်းက ခေါင်းညိတ်လိုက်၏။

"တွေ့ပါတယ်... ဒါပေမဲ့ လန်စီကျင်းက ကုမုထိတို့အိမ်ကထွက်ပြေးသွားပြီလို့ သိလိုက်ရပါတယ်လေ"

တိယိုကျိုကရယ်၍....

"ကုမုထိတို့လူစုက မင်းကိုဘာမှမလုပ်ဘူးလား"



စုဟုန်လင်းက....

"ကျွန်တော်လဲ လန်စီကျင်းကိုတွေ့ချင်လို့သာ သွားရပေမဲ့ ကုမုထိတို့ကိုကြောက်တာပေါ့၊ ဟိုရောက်တော့ ကွေ့စူးဆိုတဲ့လူက လန်စီကျင်းကိုသတ်ပစ်လိုက်ပြီလို့လဲပြောရော ကျွန်တော်က တိုက်ခိုက်တော့တာပဲ"

ထိုစဉ် စကားတစ်လုံးမှဝင်မပြောသေးသောတိကျိုန်းက....

"ရှင် သူတို့ကိုတိုက်ခိုက်ရဲတယ်ဟုတ်လား"

စုဟုန်လင်းကပြုံး၍ခေါင်းညိတ်လိုက်ပြီး....

"တကယ်တော့ ကျွန်တော်က မဆင်မခြင်တိုက်ခိုက်တာပါ၊ အမှန်တကယ်သာ တိုက်ခိုက်မယ်ဆိုရင် ကျွန်တော်သေတာပေါ့၊ ဒါပေမဲ့ ကုမုထိကထိန်းလိုက်ပါတယ်၊ နောက်ပြီး ဆရာကြီးကတ်ရှူဝါးဆိုတာ သူ့ရဲ့ကျေးဇူးရှင်တစ်ယောက်ဖြစ်နေတော့ ကုမုထိဟာ မနေနိုင်တော့ဘဲ လန်စီကျင်းကိုလိုက်ရှာဖို့ကွေ့စူးနဲ့ပေါက်ချူးယုံကို တာဝန်ပေးလိုက်ပါတယ်"

တိယိုကျိုက ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား မင်းတို့အဖြစ်က ရယ်စရာကောင်းလိုက်တာကွာ၊ နောက် ဘာတွေဆက်ဖြစ်သလဲ ပြောပါဦး"

စုဟုန်လင်းခေါင်းညိတ်ကာ....

"ဟုတ်ကဲ့ အခုဆိုရင် ကွေ့စူးနဲ့ပေါက်ချူးယုံလဲ လန်စီကျင်းကိုလိုက်ရှာနေကြတယ်၊ နောက်ပြီး... ကျွန်တော်စဉ်းစားလို့မရတာတစ်ခုက...."

"ဟင်... ဘာများလဲ"

"ကျွန်တော် မနေ့က ကုမုထိအိမ်ကိုပြန်ရောက်တော့ သူ့အိမ်ကို မန်ချူးစစ်သည်တွေမီးရှို့သွားလို့ပြာပုံပဲတွေ့ရတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



အားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ တိယိုကျိုက....

"ဟင်... ကုမုထိကို ဘာဖြစ်လို့ မြို့စားဂေဟာက ရန်ပြုတာပါလိမ့်"

စုဟုန်လင်းကသက်ပြင်းချကာ....

"ကျွန်တော်လဲ အဲ့ဒီအချက်ကိုစဉ်းစားနေတာပဲ"

တိယိုကျိုသည် အတန်ကြာအောင် တိတ်ဆိတ်နေတော့၏။

ခေတ္တကြာမှ တိယိုကျိုက....

"မင်းတော့မပြောတတ်ဘူး... ငါစဉ်းစားမိတာ တစ်ခုတော့ရှိတယ်"

စုဟုန်လင်းကမော့ကြည့်ကာ....

"ဦးက ဘယ်လိုစဉ်းစားမိလို့လဲ"

"မန်ချူးတွေက လန်စီကျင်းကိုလိုက်ရှာနေတယ် မဟုတ်လား၊ အဲဒီတော့ လန်စီကျင်း သူတို့ဆီရောက်နေတာကို သတင်းရသွားပြီး သွားရောက်တိုက်ခိုက်တယ်နဲ့တူတယ်"

တိယိုကျိုက သူ့ထင်မြင်ချက်ကိုပြောလိုက်သည်။

စုဟုန်လင်းက ခေါင်းကိုတဆတ်ဆတ်ညိတ်ရင်း....

"ဟုတ်ကဲ့... ဦးပြောသလိုပဲဖြစ်နိုင်ပါတယ်၊ တကယ်တော့ လန်စီကျင်းဟာ မြို့စားကြီးကျိုကျုံးအလိုရှိနေသူဆိုတော့ ကျွန်တော်ကိုယ်တိုင် လန်စီကျင်းကိုရှာသာရှာနေရတယ် အန္တရာယ်ကတော့ ခပ်များများပဲ"

"မင်း လန်စီကျင်းကိုတွေ့ရင် လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ပါ့မလား"

စုဟုန်လင်းကပြုံး၍....



"သူ့ကိုတွေ့ရင် အမြန်ဆုံး ကျွန်တော့်ဆရာထုပင်းကို အပ်လိုက်မှာပဲ၊ ကျွန်တော် သူ့တာဝန်ကိုဘယ်ယူနိုင်ပါ့မလဲ"

နားထောင်နေသောလန်စီကျင်း မသိမသာပြုံးလိုက်မိ၏။

တိယိုကျိုက....

"မင်းဆရာထုပင်းရဲ့သတင်းကော ဘာကြားလဲ"

စုဟုန်လင်း ခေါင်းယမ်းလိုက်သည်။

"ကျွန်တော်က ဘာကြားမှာလဲ... ကျွန်တော့်ကိုမှာထားတာက ကောင်မလေးနဲ့အတူ ချုပ်ခိုရှာက တည်းခိုခန်းမှာပဲစောင့်နေပါလို့ မှာတယ်"

တိယိုကျိုက....

"ဒါပဲလား... တခြား ဘာမှာသေးသလဲ"

စုဟုန်လင်းက....

"တစ်လလောက်ကြာလို့မှ သူမလာရင် တစ်စုံတစ်ခုဖြစ်ပြီလို့အောက်မေ့လိုက်ပါ၊ ကောင်မလေးကိုလဲ ခြံသေ့တောင်မှာရှိတဲ့ ဆရာကြီးကတ်ရှုဝါးထံကိုရောက်အောင်ပို့လိုက်ပါလို့ မှာထားပါတယ်"

တိယိုကျိုသည် အားလုံးကိုစကားဖြတ်လိုက်တော့သည်။

ထို့နောက်... စုဟုန်လင်းအား နေရာထိုင်ခင်းလုပ်ပေးရန် ပြောကြားလိုက်လေသည်။

***

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်းမှာ သူ့အတွက်အိပ်စက်ရန် အခန်းပြင်ဆင်ပေးသဖြင့် သွားရောက်အိပ်စက်နေပြီဖြစ်၏။

တိယိုကျိုတို့သားအဖနှင့်လန်စီကျင်းမှာ မအိပ်ကြသေးပါ။ သူတို့သုံးဦးသည် ဥယျာဉ်ခြံထဲသို့ဆင်းလာပြီး စုဟုန်လင်းနှင့်ပတ်သက်၍ တိုင်ပင်နေကြ၏။

တိကျိုနိုးက, သူ့မ၏ဖခင်အား....

"ဖေဖေ လန်စီကျင်းရဲ့ကိစ္စ စုဟုန်လင်းကို အမှန်အတိုင်း ထုတ်ပြောလိုက်လို့ ဖြစ်ပါ့မလား"

တိယိုကျို စဉ်းစားနေသည်။

အတန်ကြာမှ သူသည် သက်ပြင်းတစ်ချက်ချလိုက်ရင်း....

"လန်စီကျင်းရဲ့ဘဝဟာ အခုလိုနေတာ သိပ်ပြီးလုံခြုံမှုရှိတယ်ဆိုတာ သမီးတို့သိပါတယ်၊ အဖေရဲ့သဘောအရ ပြောရရင်တော့ လန်စီကျင်းကို အခုလိုယောကျ်ားကလေးအဖြစ်နဲ့ပဲ ဆက်ပြီးနေစေချင်တယ်"

တိကျိုနိုးက....

"ယောကျ်ားကလေးအဖြစ် ဖန်တီးထားတာလို့ စုဟုန်လင်းကို အသိပေးရင်ကော"

တိယိုကျို ခေါင်းကို တဖြည်းဖြည်းချင်းခါယမ်း၍....

"စုဟုန်လင်းမသိတာပဲကောင်းတယ်... သိသွားရင် သူဟာ လန်စီကျင်းကိုပိုပြီး ဂရုစိုက်တော့မယ်၊ ဒီအခါမှာ ရန်သူကလဲ ရိပ်စားမိသွားနိုင်တယ်မဟုတ်လား၊ ဒီအခါမှာ စုဟုန်လင်းအနေနဲ့ လုံခြုံအောင် ကာကွယ်စောင့်ရှောက်နိုင်ပါ့မလား"

လန်စီကျင်းက....

"သူက ကျွန်မကိုဆက်ပြီးလိုက်ရှာနေမှာပေါ့"



တိယိုကျိုက သက်ပြင်းတစ်ချက်ချ၍ စဉ်းစားနေသည်။

အတန်ကြာမှ....

"သူ့ကိုကြည့်ရတာ သိပ်ပြီးလိုက်ရှာချင်တဲ့ဆန္ဒတော့ မရှိပါဘူး၊ သူ့စိတ်က မြို့စားဂေဟာကိုသွားနေတဲ့သူ့ဆရာရဲ့သတင်းကိုသာ သိချင်နေတာ"

လန်စီကျင်းက....

"သူ့ဆရာထုပင်းကိုတွေ့ရင် ကျွန်မမိဘတွေရဲ့သတင်းကိုလဲ သိရမှာပဲနော်"

လန်စီကျင်း၏စကားကို တိယိုကျိုကထောက်ခံသည်။

"ဟုတ်တယ်... အဲဒီတော့ မနက်ဖြန်ကျရင် စုဟုန်လင်းရဲ့ဆန္ဒကိုမေးကြည့်ဦးမယ်၊ သူ ဘာတွေဆက်လုပ်မယ်ဆိုတာပေါ့... သမီးကကော သူနဲ့လိုက်သွားချင်တဲ့ဆန္ဒရှိသလား"

တိယိုကျိုက ရုတ်တရက်မေးလိုက်ရာ လန်စီကျင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"အဖေမေးတာ ကျွန်တော်နားမလည်ဘူး"

လန်စီကျင်းသည် တိယိုကျိုက သင်ကြားပေးထားသဖြင့် အဖေဟုခေါ်ပြီး စကားပြောလျှင် ယောကျ်ားကလေးကဲ့သို့ပြောသည်မှာ နှုတ်ကျိုးနေပြီဖြစ်သည်။ တိယိုကျိုက....

"မင်းရဲ့စိတ်ထဲမှာ စုဟုန်လင်းနဲ့လိုက်သွားရင် မင်းမိဘတွေရဲ့သတင်းကိုကြားရမယ်လို့ထင်ပြီး လိုက်သွားချင်တဲ့ဆန္ဒရှိသလားလို့မေးတာ"

လန်စီကျင်း ခေါင်းယမ်းလိုက်သည်။

"ကျွန်တော်စိတ်ထဲမှာ ဘယ်လိုမှမရှိပါဘူး၊ အဖေတို့စီစဉ်တဲ့အတိုင်း နာခံမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



တိယိုကျိုက ကျေနပ်စွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီလေ… သင့်လျော်သလို အဖေစီစဉ်ပါ့မယ်"

***

မိုးလင်းသည်ဆိုသည်နှင့် စုဟုန်လင်းက ခရီးထွက်ရန် ပြင်ဆင်နေသည်။

သူသည် မြင်းကိုအသင့်ပြင်ပြီးသည်နှင့်တိယိုကျိုတို့သားအဖရှိရာသို့လျှောက်လာသည်။

တိယိုကျိုက ရေနွေးကြမ်းကရားထိုးပေးသည်။

"ရေနွေးကြမ်းသောက်ပါဦး"

စုဟုန်လင်းသည် ခေတ္တဝင်ထိုင်လိုက်သည်။

ပြီးနောက် တိကျိုန်းတို့မောင်နှမဘက်လှည့်ကာ….

"မမနဲ့ညီလေးတို့မိသားစုကို ကျွန်တော် သိပ်ကျေးဇူးတင်ပါတယ်"

တိယိုကျိုက….

"ဒါနဲ့ … မင်း အခု ဘယ်ကိုခရီးဆက်မယ်လို့ စိတ်ကူးထားသလဲ"

စုဟုန်လင်းကခေါင်းကုတ်ကာ….

"လောလောဆယ်တော့ ချုပ်နိုရွာကတည်းခိုခန်းမှာပြန်ပြီး စုံစမ်းဦးမယ်"

တိယိုကျိုက….

"အဲ့ဒီက ဘာမှမထူးခြားရင်ကော"

"အဲဒီမှာ ဘာမှမထူးခြားဘူးဆိုရင် ကျွန်တော် ချန်ကျူးမြို့ကိုသွားပြီး ဆရာထုပင်းကိုစုံစမ်းဖို့စိတ်ကူးထားပါတယ်"



စုဟုန်လင်းစဉ်းစားထားသည့်ခရီးစဉ်မှာ မှန်ကန်သောကြောင့် တိယိုကျိုက အသာအယာခေါင်းညိတ်ပြလိုက်သည်။

"အင်း… မင်းအစီအစဉ်က မဆိုးပါဘူး၊ ဒါပေမဲ့ ငါတစ်ခုတော့ မှာပါရစေ"

"ဟုတ်ကဲ့… မှာပါ"

"လန်စီကျင်းကို မန်ချူးမြို့စားကလဲအလိုရှိနေတော့ မင်းလဲသတိထားပြီးသွားလာလှုပ်ရှားပါ"

စုဟုန်လင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့"

တိယိုကျိုက….

"နောက်ပြီး ငါလဲတတ်နိုင်သမျှစုံစမ်းထားပေးမယ်… အဲဒီတော့ မင်းအနေနဲ့ဒီကို မကြာမကြာလာဖို့မမေ့နဲ့ကြားလား"

စုဟုန်လင်းက….

"ဟုတ်ကဲ့… ကျွန်တော်လာခဲ့ပါ့မယ်"

သူသည် ထိုသို့ပြောပြီး တိယိုကျိုအားဂါရဝပြုကာ တိကျိုန်းတို့မောင်နှမကိုနှုတ်ဆက်၍ ခြံဝင်းကြီးထဲမှထွက်သွားတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်ကောင်းကင်မှ နေလုံးကြီး စတင်ထွက်ပေါ်လာပြီဖြစ်သည်။

အရှေ့ဘက်မှ ရောင်ခြည်ထွက်ပေါ်လာသည်နှင့် ကုမုဒီတို့သုံးယောက်သည် သေမင်းတမန်ကြိုးတံတားသို့ရောက်ရှိနေကြပြီဖြစ်ပေသည်။

တောင်ကမ်းပါး တစ်ခုနှင့်တစ်ခုကို ဆက်သွယ်ထားသည့်ကြိုးတံတားဖြစ်သည်။ အောက်တွင် နက်ရှိုင်းသောချောက်ကြီးရှိနေ၏။ ကြိုးတံတားမှာ ပေတစ်ရာကျော်ရှည်လျားလေသည်။

မည်သည့်အတွက်ကြောင့် သေမင်းတမန်ကြိုးတံတားဟု အမည်ပေးထားမှန်း မသိရသော်လည်း အလွန်ကြောက်စရာကောင်းသောတံတားတစ်ခုဖြစ်သည်။

တံတားမှာ သုံးပေကျော်ကျော်ကလေးမျှသာ ကျယ်ဝန်းပြီးဖြတ်ကူးသည့်အခါတွင် ပုခက်တစ်ခုကဲ့သို့ယိမ်းယိုင်နေတတ်၏။

ကြိုးများသည် ခိုင်ခံ့သော်လည်း မြင်းနှင့်ကူးသည့်အခါတွင်ခပ်ဖြည်းဖြည်းနှင့်ညင်သာစွာ ကူးရသည်။

အကယ်၍ ဗရမ်းဗတာပြေးလွှားသွားမည်ဆိုလျှင် တံတားသည် ပုခက်လွှဲသကဲ့သို့ဖြစ်ပြီး လူရောမြင်းပါ ဒုက္ခရောက်တတ်ကြသည်။

ထို့ကြောင့်လည်း သေမင်းတမန်တံတားဟု အမည်တွင်နေပုံရသည်။ ထိုတံတားသည် ခြင်္သေ့တောင်သို့သွားရာလမ်းတွင် ရှိနေပေသည်။

ကုမုဒီနှင့်ကွေ့စူး၊ ပေါက်ခွားယုံတို့သည် အခြားရည်ရွယ်ချက်မရှိသော်လည်း လောလောဆယ်တွင် ခြင်္သေ့တောင်၌သွားရောက်ခိုလှုံနေထိုင်ရန်တိုင်ပင်ပြီး ထွက်လာခဲ့ကြခြင်းဖြစ်သည်။



သို့သော်... ထိုတံတားသည် ခြင်္သေ့တောင်နှင့်များစွာ ကွာဝေးနေသေးသည်။

ကုမုဒီသည် တံတားထိပ်သို့ရောက်သည်နှင့် မကူးသေးဘဲ တံတားကိုငေးကြည့်ကာ မြင်းပေါ်မှဆင်း၍အနားယူလိုက်လေသည်။

***

ကွေ့စူးသည် တံတားကိုလှမ်းမျှော်၍ကြည့်နေသည်။

ကုမုဒီက ကွေ့စူးကိုလှမ်းကြည့်ကာ...

"မင်း အဲ့ဒီတံတားကို အရင်ကရောက်ဖူးသလား"

ကွေ့စူးကခေါင်းယမ်းလိုက်သည်။

"မရောက်ဖူးဘူးဗျ... ခင်ဗျားကော"

ကုမုဒီက...

"ငါတစ်ခါရောက်ဖူးတယ်... လွန်ခဲ့တဲ့ဆယ်နှစ်လောက်ကပေါ့"

"အခု... ဒီတံတားက အရင်တုန်းကအခြေအနေအတိုင်းပဲလား"

ကုမုဒီက တံတားကိုလှမ်းကြည့်ရင်း...

"တံတားကတော့ အရင်တုန်းကအခြေအနေအတိုင်းပါပဲ... နောက်ပြီး ဒီတံတားကိုပြုပြင်နေတဲ့ဆရာတော်တစ်ပါးရှိတယ်"

ပေါက်ခွားယုံကလည်း တံတားကိုကြည့်ရင်းမှ...

"ဒီတံတားကိုကြည့်ရတာ ကျွန်တော့်စိတ်ထဲတစ်မျိုးကြီးပဲ"

ကွေ့စူးကလှည့်ကြည့်၍...

"ဘယ်လိုတစ်မျိုးကြီးလဲကွ... ဘာလဲ မင်းက တံတားကိုပါပြဿနာဖော်ဦးမလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ခူးယုံက ကွေ့စူးကိုခပ်ပြုံးပြုံးဖြင့်....

"အင်း... မင်းကတော့ တစ်သက်လုံး ကျုပ်ကိုပြဿနာကောင်ရယ်လို့ ထင်မှတ်နေတော့တာပဲနော်"

ပေါက်ခူးယုံ ဘာကြောင့်မှန်းမသိ။ မျက်နှာသိပ်မကောင်းသည်ကိုကြည့်၍ ပြန်လည်၍ရယ်ပြလိုက်သည်။

"အလကား ငါကစတာပါ"

ထိုစဉ် ကုမုထိက....

"ကဲ... မင်းတို့စကားတွေ ခဏရပ်ထားလိုက်ဦး၊ ငါတိုင်ပင်စရာရှိတယ်"

ကွေ့စူးနှင့်ပေါက်ခူးယုံ၏အနားသို့ တိုးလာကြသည်။

ကုမုထိက နှစ်ယောက်စလုံးကိုကြည့်လိုက်သည်။

"ငါ့အနေနဲ့ကတော့ ခြံသေ့တောင်မှာ ခေတ္တခဏ ခိုလှုံနေမလားလို့ စိတ်ကူးထားတယ်၊ မင်းတို့ရဲ့သဘောကဘယ်လိုလဲ"

ကွေ့စူးက....

"ဘာလဲကွ... တို့ရဲ့သဘောဆိုတာက"

ကုမုထိက ကွေ့စူးတို့၏ပေါင်ကိုလှမ်းပုတ်၍....

"ဒီလိုလေကွာ... ငါကခြံသေ့တောင်မှာနေချင်ပေမယ့် မင်းတို့က မနေချင်ဘဲလိုက်နေရရင် မကောင်းဘူးလေ"

ကွေ့စူးကပေါက်ခူးယုံကိုမေးငေါ့၍....

"သူ့သဘောတော့မပြောတတ်ဘူး... ငါကတော့ မင်းနဲ့အတူပဲနေချင်တာပေါ့၊ ကောင်းလဲအတူတူ ဆိုးလဲအတူတူပေါ့"

ပေါက်ခူးယုံက....

"ညီအစ်ကိုသုံးယောက်အတူတူလာခဲ့ပြီးမှ ငါကလဲ ဘယ်ခွဲချင်ပါ့မလဲ"



ကုမုထိက ကျေနပ်စွာပြုံးလိုက်သည်။

"ဒါဖြင့် ကောင်းပြီ... တို့ခြံသေ့တောင်ရောက်အောင် သွားကြမယ်"

သူတို့သုံးဦးသည် မြင်းများပေါ်သို့ ကိုယ်စီကိုယ်ငှတက်လိုက်ကြလေသည်။

ကုမုထိက ရှေ့ဆုံးမှဖြစ်၏။

သူသည် နောက်သို့လှည့်ကြည့်လိုက်သည်။

"မင်းတို့ အရင်ကူးမလား"

ကွေ့စူးက....

"ခင်ဗျားပဲ အရင်ကူးပါ"

တံတားသည် အားလုံးပြိုင်တူကူး၍ မရပါ။ ကြိုးများကခိုင်သည့်တိုင်အောင် မြင်းသုံးကောင်အရှိန်ကြောင့် ပုခက်လွှဲသကဲ့သို့ ဖြစ်သွားနိုင်သည်။

ထို့ကြောင့် တစ်ယောက်ပြီးမှတစ်ယောက်ကူးရန် ဆုံးဖြတ်လိုက်သည်။ ယခု ကုမုထိက အရင်ကူးသွားသည်။

မြင်းကိုမှန်မှန်ကလေးစီးသွားသဖြင့် ကြိုးတံတားလည်း သိပ်ပြီးမရမ်းဘဲ ကုမုထိတစ်ဖက်သို့ရောက်ရှိသွား၏။

"ပေါက်ခူးယုံ... မင်းကူးလေ"

ကွေ့စူးကပေါက်ခူးယုံကိုပြောသည်။

"မင်း ကူးသွားပါ... ငါအတွက် မစိုးရိမ်ပါနဲ့"

ကွေ့စူးက သူ၏မြင်းကိုတံတားပေါ်သို့မောင်းတင်၍ ကူးသွားလေသည်။

ကွေ့စူး တစ်ဖက်သို့ရောက်ခါနီးမှ ပေါက်ခူးယုံကနောက်မှ လိုက်ကူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ခူးယုံ၏မြင်းသည် တံတားအလယ်သို့ ရောက်သည်နှင့်ပေါက်ခူးယုံ၏နောက်မှ အသံတစ်သံကိုကြားလိုက်ရသည်။

"ဟေ့... ရပ်လိုက်"

မြင်းနှစ်ကောင်နှင့်လူနှစ်ယောက် တံတားထိပ်၌ရပ်တန့်နေသည်ကိုတွေ့လိုက်ရ၏။

ပေါက်ခူးယုံသည် တစ်ချက်လှည့်ကြည့်ပြီး သူ၏မြင်းကို ခပ်သွက်သွက်ကလေးသွားရန်မောင်းလိုက်၏။

သို့သော် နောက်မှလိုက်လာသောလူနှစ်ယောက်သည် တံတားကိုဆွဲခါလိုက်ရာ တံတားမှာ ရုတ်တရက် ပုခက်လွှဲသကဲ့သို့ဖြစ်သွားပြီး မြင်းကြီးမှာ သူ့ခန္ဓာကိုယ်ကြီးကိုမထိန်းနိုင်ဘဲ ချောက်ကြီးထဲသို့ထိုးကျသွားတော့သည်။

"ပေါက်ခူးယုံ"

ကုမုထိ၏အသံကြီးက ကျယ်လောင်စွာထွက်ပေါ်လာလေသည်။ ပေါက်ခူးယုံသည် မြင်းကအောက်သို့ကျသွားသော်လည်း သူသည် ကြိုးစတစ်ခုကိုဆုပ်ကိုင်ထား၏။

ထို့နောက် သူ့ထံသို့ ပြန်လည်ပြေးလာသောကုမုထိနှင့်ကွေ့ဆူးအား....

"မင်းတို့ မလာနဲ့ ခပ်မြန်မြန်သွားကြ"

ပေါက်ခူးယုံကပြန်အော်ဟစ်ကာ ရန်သူဘက်သို့လှည့်လိုက်သည်။ ထိုစဉ် ရန်သူတစ်ယောက်က သူ့လက်ထဲမှအရာဝတ္ထုတစ်ခုနှင့်လှမ်း၍ပစ်လိုက်၏။

ထိုအရာဝတ္ထုကိုမြင်တွေ့လိုက်သည်နှင့် ကုမုထိက လှမ်း၍အော်ဟစ်မိလိုက်သည်။

"သွေးစကြာ... သွေးစကြာ"



လျှို့ဝှက်လက်နက်ပုန်းအလုံးကလေးသည် ပေါက်ခူးယုံထံသို့ပြေးဝင်လာသည်။ ပေါက်ခူးယုံကရှောင်တိမ်းလိုက်သော်လည်း သူ၏ပခုံးမှသွေးများ ဖြာကျသွားသည်။

"ပေါက်ခူးယုံ... ခပ်မြန်မြန်လာပါ"

ကုမုထိသည် သွေးစကြာဂိုဏ်းမှလူသတ်သမားများမှန်းသိလိုက်သည်နှင့်စိုးရိမ်ထိတ်လန့်ကာ ပေါက်ခူးယုံကိုပြေးခေါ်သည်။

ပေါက်ခူးယုံက....

"ခင်ဗျားတို့နှစ်ယောက်စလုံး သွားကြပါတော့လို့ပြောနေတယ်မဟုတ်လား"

ပေါက်ခူးယုံမှာ ကုမုထိထံသို့မလာသည့်အပြင် သွေးစကြာဂိုဏ်းသားနှစ်ယောက်ကိုစောင့်ကြိုတိုက်ခိုက်နေပေ၏။

သွေးစကြာဂိုဏ်းသားတစ်ဦးထံမှ လက်နက်ပုန်းများသည် ကုမုထိတို့ထံရောက်ရှိလာသည်။

ကုမုထိက သူ၏ဓားဖြင့် ဝှေ့ယမ်းထုတ်လိုက်ရာ ဓားမှာ ပြောင်းခနဲမြည်သံနှင့်အတူ ထက်ပိုင်းကျိုးသွား၏။

သွေးစကြာဂိုဏ်းသားနှစ်ယောက်သည် ပေါက်ခူးယုံကသာ တံတားပေါ်၌ပိတ်ဆို့၍ မတိုက်ခိုက်ပါက သူတို့ထံသို့ ချက်ချင်းရောက်လာမည်ဖြစ်သည်။

ထိုစဉ် ပေါက်ခူးယုံထံမှ ကြေကွဲစွာ အော်ဟစ်လိုက်သည့် အသံကိုကြားရပြန်သည်။

"ငါအသေခံနေလျက်သားနဲ့ မင်းတို့မသွားကြဘူးလား"

ပေါက်ခူးယုံမှာ သူ့အား ဓားဖြင့်ထိုးသွင်းထားသည့်တိုင်အောင် ထိုလူနှစ်ယောက်ကိုပိတ်ဆို့ထားသည်။

ထို့ပြင်....

www.burmeseclassic.com

www.burmeseclassic.com



ထိုလူများက သူ့ကိုကျော်လွန်မသွားစေရန် တတ်နိုင်သမျှ ခုခံနေသည့်အပြင် တံတားကိုယိမ်းယိုင်အောင် မြှုလုပ်လိုက်လေသည်။ ပေါက်ခူးယုံက နှယ်နှယ်ရရမဟုတ်။

ဒဏ်ရာအလွန်အမင်း ပြင်းထန်နေသည့်ကြားက တံတားကို ခါယမ်းပစ်နိုင်သည့်အပြင် ရုတ်တရက် ယိမ်းယိုင်သွားသော သွေးစကြာဂိုဏ်းသားနှစ်ဦး၏လည်ပင်းကို တင်းကျပ်အောင်ပြေးဖက်၍ သူ၏ခန္ဓာကိုယ်ကိုပါ တံတားပေါ်မှလှိမ့်ချလိုက်တော့သည်။

သွေးစကြာဂိုဏ်းသားနှစ်ယောက်သည် မည်သို့မှ မထိန်းသိမ်းနိုင်တော့ပါ။

ပေါက်ခူးယုံ၏အားနှင့်မာန်နှင့်ခုန်ချသည့်နောက်သို့ လိုက်ပါသွားလေတော့သည်။

ကုမုထိသည် ရုတ်တရက် ကြက်သေသေနေရာမှ တံတားပေါ်သို့ပြေးလာကြသည်။ အောက်သို့ငုံ့ကြည့်လိုက်သောအခါ ကိုးရိုးကားရားသေဆုံးနေသောလူသုံးယောက်ကို ခပ်ရေးရေးသာမြင်တွေ့လိုက်ရတော့သည်။

မန်ချူးလူယုတ်မာများကို အခွင့်သင့်လျှင်သင့်သလို ပြန်လည်တိုက်ခိုက်ရန်သာ ဆုံးဖြတ်ချက်ချထားလိုက်လေတော့သည်။

သူသည် ကွေ့စူးအား လက်မောင်းမှကိုင်၍ တံတားထိပ်ဆီသို့ပြန်ခေါ်လာခဲ့သည်။

တံတားထိပ်သို့ရောက်သောအခါ ရန်သူနှစ်ယောက်စီးလာသည့်မြင်းနှစ်ကောင်ကိုတွေ့ရလေသည်။

ကုမုထိသည် ထိုမြင်းနှစ်ကောင်ကိုစူးစူးဝါးဝါးကြည့်ကာ....

"မင်းတို့နှစ်ယောက်လဲ မင်းတို့သခင်နောက် လိုက်သွားပေတော့" —



ပြောပြီးသည်နှင့် မြင်းနှစ်ကောင်ကို တံတားပေါ်သို့မောင်းတင်လိုက်သည်။

မြင်းနှစ်ကောင်က တံတားအလယ်သို့ရောက်ရှိသောအခါ ကုမုထိသည် တံတားကိုဆွဲခါယမ်းပစ်လိုက်သည်။

ကြိုးတံတားကြီးမှာ ပခက်လွှဲသကဲ့သို့ဖြစ်သွား၏။

တိရစ္ဆာန်မြင်းနှစ်ကောင်သည် သူတို့၏ခန္ဓာကိုယ်ကို မထိန်းနိုင်တော့ဘဲ....

"ဂုန်း... ဂုန်း"

ဟူသောအသံကြီးနှစ်သံကို ကြားလိုက်ရလေတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



ချန်ကျူးမြို့ကြီးသည်ကား စည်ကားမြဲ စည်ကား၍နေပေသည်။ ထူးခြားသည်မှာ တစ်ခုတော့ရှိသည်။

မန်ချူးစစ်သည်များသည် ခြေချင်းလိမ်၍ပျာယာခတ်နေကြ၏။ လမ်းကြို့လမ်းကြား အိမ်ကြို့အိမ်ကြားမကျန်အောင် ဝင်ထွက်နေသည့်ပြင် စားသောက်ဆိုင်များတွင်လည်း ဥဒဟိုဝင်ရောက်၍မေးမြန်းနေသည်ကိုတွေ့နေရလေသည်။

ထိုအချိန်တွင် မြို့အစွန်ရှိ အပေါစားတည်းခိုခန်းတစ်ခုသို့ ညှို့သည်တစ်ဦးရောက်ရှိနေပေသည်။

ထိုညှို့သည်မှာ အခြားလူမဟုတ်ပါ။ လန်စီကျင်းအားလိုက်လံရှာဖွေနေသည့်စုဟုန်လင်းပင် ဖြစ်ပါတော့သည်။

သူသည် တီယိုကျိတို့မိသားစုထံတွင် တစ်ညတာတည်းခိုခဲ့ပြီးနောက် ချပ်ခိုရွာတည်းခိုခန်းတွင် သွားရောက်စုံစမ်းခဲ့သေးသည်။

ချပ်ခိုရွာတည်းခိုခန်းတွင် ချယ်ရီနှင့်တွေ့ကြုံရ၏။

ချယ်ရီထံမှလည်း မည်သည့်သတင်းမှမထူးကြောင်း ကြားသိရသည့်အခါတွင် ချန်ကျူးမြို့စားကြီးထံသို့ရောက်ရှိနေသော သူ၏ဆရာထုပင်း၏သတင်းကိုစုံစမ်းရန် ယခုကဲ့သို့ ချန်ကျူးမြို့သို့ရောက်ရှိလာခြင်းဖြစ်လေသည်။

သူသည် အလွန်စည်ကားသောဈေးလမ်းမကြီးအတိုင်း လျှောက်လာခဲ့သည်။

သူသည် လူစည်ကားသောဈေးလမ်းမကြီးမှတစ်ဆင့် အလုပ်သမား ဆင်းရဲသားများသောက်စားနေသည့်အရက်ဆိုင်တစ်ဆိုင်ကိုတွေ့ရလေသည်။

ထိုဆိုင်ထဲတွင် လူပေါင်းစုံသဖြင့် သတင်းပေါင်းစုံရနိုင်လိမ့်မည်ဟု ထင်လိုက်မိသည်။



ထို့ကြောင့် အရက်ဆိုင်ထဲသို့ဝင်၍ အရက်အနည်းငယ် မှာကြားကာ စားပွဲတစ်လုံး၌ထိုင်နေမိသည်။

ထိုစဉ် သူ့အနားသို့လူခပ်ကြီးကြီးတစ်ယောက်ကဝင်ထိုင်၍ အရက်မှာလိုက်သည်။

ထိုလူမှာ အလွန်မောပန်းလာသဖြင့် စီးကျနေသောချွေးများကို ခမောက်ချွတ်၍ယပ်ခတ်လိုက်သည်။

"မြို့စားကြီးဂေဟာကလူတွေ တော်တော်အလုပ်ရှုပ်တာပဲ၊ တစ်နေ့လုံး ဟိုပို့ခိုင်း ဒီပို့ခိုင်းနဲ့ မြင်းလှည်းကိုမနားရဘူး"

ထိုလူကြီးက ညည်းညူလိုက်သည်။

ယခုမှ ထိုလူကြီးမှာ မြင်းလှည်းသမားတစ်ယောက်ဖြစ်မှန်းသိလိုက်ရသည်။ မြို့စားကြီးဂေဟာဟူသောစကားသံကြောင့် စုဟုန်လင်း စိတ်ဝင်စားသွား၏။

"မြို့စားကြီးဂေဟာကလူတွေ ဘာဖြစ်လို့လဲဦးလေးရဲ့"

စုဟုန်လင်းက ရင်းရင်းနှီးနှီးလေသံဖြင့် မေးလိုက်ခြင်းဖြစ်လေသည်။

"ဟာ... မပြောချင်တော့ပါဘူး ငါ့တူရာ"

မြင်းလှည်းဆရာကြီးသည် စကားကိုဖြတ်ပြီး ရောက်ရှိလာသောအရက်ကိုမော့ချလိုက်သည်။

စုဟုန်လင်းသည် ဆိုင်ထဲတွင် စနည်းနာရန်အတွက် အရက်အနည်းငယ်ဝယ်ထားသော်လည်း လုံးဝမသောက်သေးပေ။

သောက်လိုသည့်ဆန္ဒလည်း မရှိပါ။

ထို့ကြောင့် သူက မြင်းလှည်းဆရာကြီးထံ အရက်ခွက်ကိုတွန်းပို့လိုက်သည်။

"ရော့... ဦးလေး၊ ကျွန်တော်ပြုစုပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းဆရာကြီးကမျက်လုံးဖွင့်၍ကြည့်ရင်း....

"ဟင်... မောင်ရင်က ဘာလို့မသောက်တာလဲ"

စုဟုန်လင်းက အရက်အနည်းငယ်မူးနေဟန်ဖြင့်....

"ကျွန်တော် သိပ်များသွားမှာစိုးလို့ပါ"

မြင်းလှည်းဆရာကမငြင်းတော့ဘဲ အရက်ခွက်ကိုယူ၍ မော့ချလိုက်လေသည်။

"ငါ့ကို တစ်နေ့လုံးခိုင်းပြီး ပိုက်ဆံကျတော့ နည်းနည်းလေးပေးတယ်ကွ"

"သူတို့က ဘာတွေခိုင်းလို့လဲ"

မြင်းလှည်းဆရာက တံတွေးတစ်ချက်ပစ်ခနဲထွေးပြီး...

"ဟာ... သူတို့ဂေဟာက အချုပ်သမားတွေထွက်ပြေးသွားလို့ဆိုလားပဲကွာ၊ အဲ့ဒါ တစ်နေ့လုံးလိုက်ရှာနေကြတာ"

စုဟုန်လင်း၏စိတ်ထဲတွင် သူ့ဆရာထုပင်းတို့ပင် ဖြစ်လေမလားဟုတွေးလိုက်မိ၏။

"ထွက်ပြေးသွားတဲ့လူတွေက ဘယ်သူတွေလဲဗျ"

မြင်းလှည်းသမားက ခေါင်းယမ်းလိုက်သည်။

"မသိပါဘူးကွာ... တချို့လဲ အသေပစ်ဖမ်းယူရတယ်လို့ပြောတာပဲ၊ ကဲ... ငါလဲပင်ပန်းလာလို့ သွားပြီဟေ့"

မြင်းလှည်းဆရာသည် ပြောပြောဆိုဆိုထသွားတော့သည်။

စုဟုန်လင်း၏ရင်ထဲ လေးလံ၍ကျန်ခဲ့သည်။

တချို့ကို အသေဖမ်းမိတယ်ဟူသောစကားသည် သူ၏ရင်ကိုတုန်ခါသွားစေပေသည်။

"ဘယ်သူတွေပါလိမ့်... ဘုရား... ဘုရား... ဘယ်သူတွေများပါလိမ့်"



သူသည် ထိုအတွေးများကိုတွေးတောရင်း အရက်ဆိုင်ထဲမှထွက်ခဲ့လေတော့သည်။

သူသည် သူ၏တည်းခိုခန်းသို့ပြန်ရောက်ခဲ့သည်။

အတော်ညဥ့်နက်မှအိပ်ရာဝင်သော်လည်း အိပ်မပျော်ပေ။

သူ့နားထဲတွင်....

"တချို့ကိုလဲ အသေဖမ်းမိတယ်"

ဟူသောစကားသံကိုသာ ကြားယောင်နေမိလေသည်။

မန်ချူးမြို့စားကြီးကျိကျူးသည် အလွန်ရက်စက်ကြမ်းကြုတ်သည်ဟု ယခင်ကတည်းကကြားဖူးထားသည်။

ယခုလည်း အချို့လူများ၏နှုတ်ဖျားမှ တစ်စွန်းတစ်စကြားနေရလေသည်။ စုဟုန်လင်းသည် ထိုကဲ့သို့ကြားရလေလေ မန်ချူးများကိုမုန်းတီးလေလေဖြစ်နေ၏။

သူသည် မန်ချူးစစ်သည်များကိုတွေ့လိုက်ရတိုင်း ရင်ထဲ၌လှုပ်ရှားနေမိသည်။ သူ၏စိတ်ကိုမနည်း ထိန်းချုပ်ထားရသည်။

သူတို့၏မျက်နှာကိုမြင်လျှင် အသေဆိုးနှင့်သေသွားသောမိမိ၏မိဘနှစ်ပါးကိုမြင်ယောင်မိသည်။

စုဟုန်လင်း ထိုညအဖို့ တစ်ညလုံးအိပ်မပျော်ဘဲ မိုးလင်းကာနီးမှအိပ်ပျော်သွားရလေသည်။

ယခု မိုးကား စင်စင်လင်းနေပြီဖြစ်သည်။

စုဟုန်လင်းသည် အိပ်ပျော်နေဆဲဖြစ်၏။

ထိုအချိန်တွင်.... တစ်စုံတစ်ရာသောအသံများသည် သူ့နားထဲတိုးဝင်လာလေ၏။

ဆူဆူညံညံပြောဆိုသံများနှင့် ကလေးငယ်တစ်ယောက်၏အော်ဟစ်ငိုယိုသံကိုပါ ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းသွားလမ်းလာများနှင့်အိမ်ထဲမှလူများက ထိုအခြင်းအရာကိုကြည့်ရှုနေကြသည်။

မြင်းကွင်းက မနှစ်သက်စရာဖြစ်သည်။

မန်ချူးစစ်သည်နှစ်ဦးသည် ငါးနှစ်အရွယ်ရှိ ကလေးမလေးတစ်ဦးကိုအတင်းဆွဲခေါ်၏။

ကလေးမလေးက အော်ဟစ်ငိုယို၍ရုန်းကန်သည်။

"ကောင်မလေးက သနားစရာပါ.. မြို့စားဂေဟာကဖမ်းထားတဲ့ကလေးမလေးတဲ့"

ကြည့်နေကြသောသူများထံမှထွက်လာသည့် အမျိုးသမီးတစ်ယောက်၏အသံ....

"ကလေးလေးကိုတောင် တရားခံအဖြစ် ဖမ်းထားတယ်ဆိုတော့ မြို့စားဂေဟာကလွန်တာပေါ့"

တစ်ယောက်က ကျယ်လောင်ကျယ်လောင်နှင့်ဝေဖန်၏။

"ကောင်မလေးက တစ်ညလုံး လမ်းကြားထဲမှာငိုနေတာနဲ့ အခုလို ပြန်ဖမ်းမိသွားတာ"

"အေးဟယ်... သနားပါတယ်"

ထိုစကားသံများကိုကြားလိုက်ရသည်နှင့် စုဟုန်လင်းသည် အိပ်ရာမှဝုန်းခနဲထလိုက်သည်။

ထို့နောက် သူသည် အဝတ်တစ်ခုကိုမျက်နှာတစ်ဝက်တိတိပတ်ပြီး သူ့မြင်းပေါ်သို့ခုန်ချလိုက်သည်။

စုဟုန်လင်းတည်းခိုသောတည်းခိုခန်းမှာ မြို့အစွန်ဘက်ရှိ ရပ်ကွက်တွင်တည်ရှိသည်။

လမ်းကျယ်ကြီးပေါ်တွင် မန်ချူးစစ်သည်နှစ်ဦးက ကလေးမလေးကို ဒရွတ်တိုက်ဆွဲခေါ်သွားသည်။



ကလေးမလေး၏ငိုသံက ဆူညံနေသည်။ ထိုကလေးမလေး၏ငိုသံကိုကြားသည်နှင့် အချို့ကထွက်ကြည့်ကြလေသည်။

မန်ချူးစစ်သည်နှစ်ဦးက မည်သူ့ကိုမှဂရုမစိုက်ပါ။

ကလေးမလေးအား ဒရွတ်တိုက်ဆွဲခေါ်သွားတော့၏။

စုဟုန်လင်းသည် သူ၏မြင်းကို ခပ်မှန်မှန်စီး၍ နောက်မှလိုက်လာသည်။ သူ့စိတ်ထဲတွင် မြို့စားဂေဟာမှထွက်ပြေးလာသောကလေးဟု ပြောသံကြားရကတည်းက သံသယဖြစ်နေမိသည်။

လန်စီကျင်းတို့မိသားစုကို မြို့စားဂေဟာက ဖမ်းဆီးထားသည်။ ထိုမိသားစုကိုကယ်ရန်အတွက် မိမိ၏ဆရာထုပင်းရောက်နေသည်။

မနေ့က တရားခံများထွက်ပြေးသည်ဟုကြားရသည်။

ယနေ့ ထွက်ပြေးသောမိန်းကလေးကိုပြန်ဖမ်းမိသည်။

ထိုကလေးမလေးသည် လန်စီကျင်းမိသားစုထဲကဖြစ်ဖို့များသည်။ စုဟုန်လင်းက ထိုကဲ့သို့တွေးတောပြီး ကလေးမလေးခေါ်ဆောင်ရာနောက်သို့ မယောင်မလည်နှင့် လိုက်ပါသွားခြင်းဖြစ်လေသည်။

မန်ချူးစစ်သည်နှစ်ဦးမှာ ခြေလျင်သွားနေခြင်းဖြစ်သည်။

စုဟုန်လင်းသည် မြင်းကိုမှန်မှန်စီးနင်းနေရာမှ မန်ချူးစစ်သည်နှစ်ဦး၏အနီးသို့ရောက်ရှိသည်နှင့်သူ၏မြင်းကို တအားပင်မောင်းနှင်လိုက်၏။

မြင်းက မန်ချူးစစ်သည်နှစ်ဦး၏ကြားမှဖြတ်ဝင်သည်။

ထိုမြင်းသည် မန်ချူးစစ်သည်နှစ်ဦးကို အနည်းငယ်ကျော်လွန်ပြီးရပ်တန့်ကာ ချက်ချင်းပင် မန်ချူးစစ်သည်နှစ်ဦးတည့်တည့်သို့ ပြန်ပြေးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲမက်နှစ်ဦးသည် ကြောက်အားလန့်အားဖြင့် ဘေးသို့ရှောင်လိုက်ကြ၏။

ရဲမက်နှစ်ဦးသည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ကြောင်အမ်းအမ်းဖြစ်နေစဉ်မှာပင် စုဟုန်လင်းသည် ကလေးမလေးအား ရင်ခွင်ထဲထည့်၍ လာလမ်းအတိုင်း မြို့စွန်ဘက်သို့ဦးတည်မောင်းနှင်သွားလေတော့၏။

***

ဤရွာသည် တောင်ပေါ်ရွာကလေးတစ်ရွာဖြစ်၏။

ကုန်းမြင့်ပေါ်တွင်တည်ရှိနေသောရွာကလေးမို့ အအေးဓာတ်ကလွှမ်းကဲနေ၏။

ထိုရွာကလေးမှ အနောက်ဘက်ဆီသို့ ဆက်လက်သွားမည်ဆိုပါက တောများထူထပ်သည့်တောင်တန်းကြီးများသို့ ရောက်ရှိမည်ဖြစ်သည်။

ထိုကုန်းမြင့်ရွာကလေးပေါ်တွင် အိမ်ခြေ များများစားစား မရှိပါ။ တောင်ယာလုပ်ကိုင်စားသူအချို့နှင့် တောင်တန်းကြီးများကို အမှီပြု၍ သားကောင်များဖမ်းဆီးကာ အသက်မွေးဝမ်းကျောင်းပြုနေကြသည့်မုဆိုးများသာနေထိုင်ကြသော ကုန်းမြင့်ရွာဖြစ်သည်။

ယင်းရွာကလေးသည် ချန်ကျူးမြို့တော်နှင့်သိပ်ပြီး အလှမ်းကွာလှသည့်မဟုတ်ပေ။

မြင်းနှင့်ခရီးပြင်းနှင်ပါလျှင် နံနက်ထွက်ပါက ညနေနေဝင်လျှင် ချန်ကျူးမြို့သို့ရောက်ရှိနိုင်သည်။

တစ်ခုကောင်းသည်မှာ မန်ချူးအာဏာပိုင်များသည် ထိုရွာလေးသို့အရောက်အပေါက်နည်းလှပေ၏။



အရောက်အပေါက်နည်းရသည့်အကြောင်းရင်းမှာ အိမ်ခြေကလည်းမများ လူဦးရေကလည်းမများဘဲ အေးဆေးစွာ လုပ်ကိုင်စားသောက်သည့်တောင်သူများနှင့်မုဆိုးတို့သာ နေထိုင်သောကြောင့်ပင်ဖြစ်၏။

နောက်တစ်နေ့ မန်ချူးအာဏာပိုင်တို့သည် ထိုမုဆိုးဟူသော သားကောင်ပစ်ခတ်သမားများကို ရက်စက်ကြမ်းကြုတ်သောသူများဟု မတူမတန်သလို ဘာသိဘာသာနေတတ်သည်။

၎င်းအပြင်....

ထိုလူတန်းစားများမရှိလျှင် မြို့တော်၌ ချေသား ဆတ်သား သမင်သား တောဝက် တောဆိတ်စသည့် ဟင်းလျာသားများ ရှားပါးမည်စိုးသောကြောင့် မုဆိုးများကို မည်ကဲ့သို့မျှ ရန်မလုပ်ကြပေ။

ထို့ပြင် တစ်ချိန်က မန်ချူးစစ်သည်များ ယင်းတောင်တန်းသို့ရောက်ရှိလာပြီး မုဆိုးအချို့ကိုဖမ်းဆီးရာ အခြားမုဆိုးများက ကျားများ တောဝက်များနှင့်တောကျွဲများကိုခြောက်လှန့်၍ ၎င်းတို့အားလိုက်စေရာ မန်ချူးစစ်သည်ငါးဦးသည် ကျားပါးစပ်ထဲသို့ရောက်ရှိသွားခဲ့၏။

ထိုအချိန်မှစ၍ မန်ချူးအာဏာပိုင်တို့သည် ထိုကုန်းမြင့်ရွာဘက်သို့ သိပ်ပြီးခြေဦးလှည့်ခြင်းမရှိတော့ပါ။

***

www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်ကန်းထုပင်းမှာ ယခုအချိန်ထိ သတိမရသေးပါ။

သမားတော်ကြီးသည် မနေ့ကတစ်နေ့လုံး ကြိုးစားကုသနေသော်လည်း ထုပင်းမှာသတိရခြင်းမရှိသေး၍ အားလုံးက စိုးရိမ်နေကြသည်။

ယနေ့လည်း နေ့တစ်ဝက်ကျိုးလာသည့်တိုင်အောင် ထုပင်းသတိမရသေး။

သမားတော်ကြီးကပြောသည်မှာ ထုပင်းအား ထိမှန်သောမြားတွင် အဆိပ်များပါရှိနေ၍ တော်ရုံတန်ရုံလူသာဆိုလျှင် ချက်ချင်းသေသွားနိုင်ကြောင်း။

ထုပင်းသည် အတွင်းအားအလွန်ကောင်းပြီး အဆိပ်ပြေစေသည့်ဆေးဝါးများကို မကြာခဏ စားသောက်ထားသောကြောင့်သာ ယခုကဲ့သို့ အသက်မသေသေးခြင်းဖြစ်ကြောင်း....

အလွန်ကံကောင်းလျှင်တော့....

အသက်ရှင်နိုင်စရာအကြောင်းရှိပြီး သုံးရက်ကျော်၍မှ သတိပြန်မဝင်လျှင်တော့ မိမိလက်လျှော့ရမည်ဖြစ်ကြောင်းများကိုကြားလိုက်ရသည့်အခါ ယွမ်းရန်မှာချုံးပွဲချ၍ငိုကြွေးမိတော့သည်။

သမားတော်ကြီးသည် ထုပင်းကိုနည်းမျိုးစုံဖြင့်ကုသနေ၏။



ထုပင်းအားစောင့်ကြည့်နေသူများမှာ မစားနိုင်မအိပ်နိုင်ဖြစ်နေကြ၏။

ယွမ်းရန်၏မျက်နှာတွင် မျက်ရည်တို့က မခမ်းနိုင်အောင်ရှိနေ၏။ ဤသို့ဖြင့် နှစ်ရက်ကျော်လွန်၍ သုံးရက်သို့ကူးလူးလာခဲ့သည်။

သတိမေ့နေသောထုပင်း၏နံဘေးတွင် လူသားလေးယောက်ရှိနေ၏။ ယင်းလူသားလေးယောက်၏မျက်လုံးရှစ်လုံးမှာ ထုပင်းထံ၌သာရှိနေကြသည်။

သမားတော်ကြီးသည် ထုပင်း၏ပါးစပ်ထဲသို့ဆေးစက်များချပေးနေသည်။

ထုပင်း အသက်ရှူသည်မှာ အနည်းငယ်ပြင်းလာသည်ကိုတွေ့ရ၏။

ခေတ္တမျှကြာသောအခါ ထုပင်းသည် အနည်းငယ်လှုပ်ရှားဟန်ပြုလာသည်ကိုတွေ့ရ၍ လူအားလုံးဝမ်းသာနေမိသည်။

ထို့နောက် ထုပင်းသည် သူ၏မျက်လုံးများကို တဖြည်းဖြည်းချင်း အားယူ၍ဖွင့်လိုက်သည်ကိုတွေ့ရပေ၏။

သမားတော်ကြီးသည် ခေါင်းကို တဆတ်ဆတ်ညိတ်၍ ပြုံးလိုက်သည်။ သူ၏အပြုံးသည် အောင်နိုင်လိုက်သည့်သဘောပင် ဖြစ်ပေသည်။

ယွမ်းရန်သည် ရှေ့သို့တိုး၍....

"အစ်ကို... အစ်ကို... သတိရပြီလားဟင်"

သူမသည်မေးနေသော်လည်း ထုပင်းက မျက်လုံးအနည်းငယ်ဝေ့ကြည့်သည်မှလွဲ၍ အဖြေမပေးသေးပါ။

သမားတော်ကြီးက ဆေးအစက်တစ်စက်ပါးစပ်ထဲသို့ ချပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထုပင်း မျက်စိပြန်မှိတ်သွား၏။

"သူငယ်ချင်းထုပင်း"

ဟိုနေ့က မြင်းနှင့်ခေါ်ဆောင်လာသည့်ထုပင်း၏မိတ်ဆွေက ခေါ်သည်။

"အစ်ကို... အစ်ကို..."

ယွမ်းရုန်က ခေါ်ပြန်သည်။

ထုပင်း၏မျက်လုံးသည် ပြန်လည်ဖွင့်ကြည့်လာ၏။

သူသည် အားလုံးကိုဝေ့၍ကြည့်လိုက်၏။

ရှေးဦးစွာ ထုပင်းကြည့်လိုက်သူမှာ ဆံပင်စုတ်ဖွားနှင့်ခန္ဓာကိုယ်က သာမန်လူထက်တစ်ဆနီးပါးခန့်ကြီးမားသည့် အရုပ်ဆိုးဆိုးလူကြီးကိုကြည့်နေသည်။

သူသည် ထိုလူကြီးကို အချိန်ကြာကြာကြည့်ပြီးမှ ပါးစပ်က ခပ်တိုးတိုးအသံတစ်သံ ထွက်သွားသည်။

"ချူးယိ"

ဆံပင်စုတ်ဖွားနှင့်ရုပ်ဆိုးလူထွားကြီးက ခေါင်းညိတ်လိုက်၏။

"အေး... ဟုတ်တယ်၊ ငါ ဘီလူးချူးယိလေ၊ မင်းသတိရပြီလား"

ထုပင်းက ခေါင်းကိုညိတ်သည်ဆိုယုံကလေး ညိတ်ပြလိုက်လေသည်။

ထို့နောက် သူနှင့်အနီးဆုံးရှိ ယွမ်းရုန်ကိုကြည့်သည်။

"အစ်ကို နေကောင်းပြီနော်... သတိလဲရပြီမဟုတ်လား"

ယွမ်းရုန်က ပျာပျာသလဲမေးလေသည်။

ထုပင်းသည် မျက်စိမှိတ်၍စဉ်းစားဟန်ပြုသည်။



အတန်ကြာမှ သူသည် မျက်လုံးပြန်ဖွင့်ကာ...

"ယွမ်းရုန် သူတို့... သူတို့ကော..."

ထုပင်းက လေသံသဲ့သဲ့ဖြင့်မေးသည်။

ယွမ်းရုန်က...

"အစ်ကို နေကောင်းအောင်သာနေပါ... သူတို့ သူတို့ ရှိကြပါတယ်"

သူမက စိတ်ကောင်းအောင်ပြောလိုက်သည်။

ထုပင်းသည် သမားတော်ကြီးကိုစိုက်ကြည့်နေ၏။

ထိုအခါ မြင်းနှင့်ခေါ်လာသည့်လူစိမ်းက...

"ထုပင်း သူက မင်းကိုပြုစုနေတဲ့သမားတော်ကြီးပါ... ငါ့ကိုကော မင်းမှတ်မိတယ်မဟုတ်လား၊ ကောက်ဝီလေ... ကောက်ဝီပါ"

ထုပင်းသည် ကောက်ဝီကိုမြင်ရသည့်အခါ ဝမ်းသာသည့်အမူအရာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ကောက်ဝီမှာ ဤဇာတ်လမ်းအစ၌ ဖော်ပြခဲ့သောထုပင်း၏မိတ်ဆွေတစ်ယောက်ပင် ဖြစ်လေသည်။

ထို့ပြင် ထုပင်းမှာ ကောက်ဝီ၏ကျေးဇူးရှင်လည်း ဖြစ်သည်

ထုပင်းသည် သူ၏ဆရာခိုင်းစေချက်ကြောင့် ချန်ကျူးမြို့သို့သွား၍ မြို့စားကြီးကျိုးဂေဟာတွင်ရှိနေသောမိသားစုကို သွားရောက်ကယ်တင်ရမည့်အကြောင်းကို ကောက်ဝီအားပြောပြခဲ့သည်။

ထိုအချိန်မှစ၍ ကောက်ဝီသည် ထုပင်း၏သတင်းကိုစောင့်၍ နားထောင်နေ၏။

သို့သော်လည်း...

ထုပင်းထံမှ မည်သည့်သတင်းကိုမျှ မကြားရသောအခါ ကောက်ဝီသည် ချန်ကျူးမြို့သို့လိုက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ကောက်ဝီသည် ချန်ကျူးမြို့သို့လာစဉ် မုဆိုးကြီးချူးယိနှင့် ရှေးဦးစွာဝင်၍တွေ့ဆုံခဲ့သေး၏။

မုဆိုးကြီးချူးယိမှာ ကောက်ဝီ၏မိတ်ဆွေဖြစ်သကဲ့သို့ ထုပင်း၏သွေးသောက်တစ်ယောက်လည်း ဖြစ်သည်။

ကောက်ဝီသည် မုဆိုးကြီးချူးယိထံမှ ချန်ကျူးမြို့သို့ထွက်လာစဉ် လမ်းခရီးယွမ်းရန်နှင့်တွေ့ဆုံပြီး ထုပင်းသတိမေ့နေသည်ကို တွေ့လိုက်ရခြင်းပင်ဖြစ်တော့သည်။

ထုပင်းမှာ ကောင်းစွာသတိရရှိလာပြီဖြစ်၍ သမားတော်ကြီးက မုဆိုးကြီးဘီလူးချူးယိအား ပြုံးပြလိုက်သည်။

"မင်း လူမမာ မသေစေရတော့ဘူးလို့ ငါတာဝန်ယူရဲပြီ"

သူကပြောပြီး နေ့စဉ်မှန်မှန် တိုက်ကျွေးရမည့်ဆေးများ လိမ်းဆေးများကိုပေး၍ နှုတ်ဆက်ကာပြန်သွားတော့သည်။

ယွမ်းရန်သည် ယခုမှပင် အငိုတိတ်တော့သည်။

သူမသည်စိတ်ထဲတွင် ပေါ့ပါးသွားပြီး မီးဖိုချောင်ဝင်၍ သူမကိုယ်တိုင်စားသောက်ဖွယ်ရာများကို ချက်ပြုတ်နေတော့သည်။

***



မုဆိုးကြီးချူးယိမှာ သားမယားမရှိပါ။

ချူးယိသည် ဇနီးမယားလိုချင်သော်လည်း အမျိုးသမီးများသည် ချူးယိ၏ရုပ်ရည်နှင့်ခန္ဓာကိုယ်ကြီးကိုတွေ့လိုက်ရသောအခါ ကြောက်ရွံ့၍ထွက်ပြေးသွားကြကုန်လေသည်။

ချူးယိသည် ကိုးတောင်မျှရှိသော ကျားကြီးတစ်ကောင်ကို လက်နက်မပါဘဲ နပမ်းလုံး၍ဖမ်းဖူး၏။

သူ၏ခန္ဓာကိုယ်က ထွားကျိုင်းကြီးမားသော်လည်း ပြေးလွှားနေသည့် ဆတ်တစ်ကောင်ကိုအမီလိုက်၍ဖမ်းယူနိုင်၏။

သူသည် မျောက်များကို ခဲနှင့်ပစ်ချသည်။

ခဲတစ်လုံးပစ်လျှင် မျောက်တစ်ကောင်အောက်သို့ ကျလာရသည်။ ဤမျှအထိ လျင်မြန်သွက်လက်သူဖြစ်သည်။

သူ့ကို အားလုံးက ဘီလူးချူးယိဟုခေါ်ကြ၏။

မုဆိုးလောကတွင် ဘုရင်ဟုကင်ပွန်းတပ်ထားကြ၏။

နောက်တစ်နေ့မှာပင်...

ထုပင်းတစ်ယောက် ထိုင်၍စကားပြောဆိုနိုင်ပြီဖြစ်၏။

မုဆိုးချူးယိသည် ထုပင်းနေမကောင်းသည့်နေ့မှစ၍ ယနေ့တိုင် တောသို့မသွားတော့ဘဲ သူ၏တပည့်ကိုသာလွှတ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု…. သူတို့သုံးယောက် ဆုံသည့်အခါတွင် ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆို၍ရယ်မောကြသည်။

ပွဲကြည့်ပရိသတ်အဖြစ် နားထောင်သူမှာ ယွမ်းရှန်ပင်ဖြစ်လေသည်။

ယွမ်းရှန်သည် ဆတ်သားများကိုကြော်၍ ရေနွေးကြမ်းပြင်ဆင်ပေးထားသည်။

သူတို့သည် ရေနွေးကြမ်းသောက်ရင်းမှစကားလက်ဆုံကျနေ၏။ အမှန်တော့ ထုပင်းက နေကောင်းကာစမို့ ဝမ်းနည်းစရာတွေကို အရင်မပြောသေးဘဲ တခြားကိစ္စများကိုပျော်ရွှင်စရာအဖြစ်ပြောနေခြင်းဖြစ်သည်။

ထုပင်းသည် ချူးယိကိုကြည့်၍….

"မင်းက ကြာလေ ဘီလူးတစ်ကောင်နဲ့တူလာလေပဲ"

ချူးယိက သူ၏မညီမညာသောသွားများကိုဖြဲ၍ရယ်၏။

"ဒါကြောင့်မို့ ငါ့ကိုဘီလူးချူးယိလို့ခေါ်ကြတာပေါ့ကွ"

ထုပင်း ရယ်လိုက်သည်။

"မင်းက ဘီလူးဘွဲ့ကိုဘယ်လိုလုပ်ပြီးရတာလဲ"

ချူးယိက….

"မပြောချင်ပါဘူးကွာ… ငါက အိမ်ထောင်ပြုချင်လို့ အပေါင်းအသင်းတွေက ငါနဲ့သင့်လျော်မယ်ဆိုပြီး မိန်းမတစ်ယောက်ခေါ်လာခဲ့တယ်"

အားလုံးက စိတ်ဝင်စားစွာဖြင့်နားထောင်သည်။

ထုပင်းက….

"ဆက်ပြောပါဦး"

ချူးယိကဆက်၍….



"အဲ့ဒီမိန်းမက ငါ့ကိုလဲမြင်ရော ဘီလူးကြီး ဘီလူးကြီးလို့အော်ပြီး သတိမေ့သွားလို့ အဲဒီမိန်းမကို သူ့အိမ်ရောက်အောင် မနည်းပြန်ပို့လိုက်ရတယ်၊ အဲဒီအချိန်ကစပြီး ဘီလူးချူးယိဆိုတဲ့ဘွဲ့ ရတော့တာပဲပေ့"

အားလုံးက ဝါးခနဲနေအောင်ရယ်လိုက်ကြလေသည်။

ကောက်ဝီက….

"နောက်ထပ်အိမ်ထောင်ပြုဖို့ မင်း စိတ်မကူးတော့ဘူးလား"

ချူးယိက လက်ကာပြလိုက်သည်။

"မလုပ်ပါနဲ့ကွာ… နောက်မိန်းမတစ်ယောက်က ထပ်တွေ့ရင် သရဲချူးယိဖြစ်သွားပါဦးမယ်"

ဝါးခနဲ ပွဲကျသွားပြန်သည်။

ထုပင်းက….

"မင်း အခုထိ ကျားဖမ်းတုန်းပဲလား"

ချူးယိကခေါင်းညိတ်လိုက်၏။

"ဘယ်လျှော့လိမ့်မလဲကွာ… ဒါပေမဲ့ ကျားတွေပါ ငါ့ကိုမြင်တာနဲ့ တောပြောင်းကုန်ပြီထင်ပါရဲ့… တော်တော်ရှားသွားတယ်"

သူ့စကားကြောင့်….

အားလုံးရယ်မောကြကုန်၏။

ချူးယိသည် ထိုကဲ့သို့ပြောပြီးမှ ယွမ်းရှန်ကိုလှည့်ကြည့်ကာ….

"ထုပင်း… မင်းကတော့ကံကောင်းပါတယ်"

ထုပင်း မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့ ကံကောင်းတာလဲ"

ချူးယိက ယွမ်းရှန်ကိုလက်ညှိုးထိုးပြ၍….

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုသိပ်ချစ်တဲ့မိန်းကလေးတစ်ယောက် ရထားတာ မင်း အင်မတန်ကံကောင်းတာပေါ့ကွ၊ ငါ့စိတ်ထဲ မင်းမသေဘဲ သူသေမှာတောင် စိုးရိမ်မိတယ်"

ယွမ်းရန်မှာ ရှက်သွား၍ခေါင်းငုံ့ကာ....

"အို... ရှင်တို့နော်"

ထုပင်းက ချူးယိကိုဆက်မေးသည်။

"သူက ဘာဖြစ်နေလို့လဲ"

ချူးယိက....

"ဟာ... သူ့မှာမျက်ရည်တွေ ဘယ်မှာရှိတော့လို့လဲ"

"ကဲပါ အစ်ကိုကြီးချူးယိရယ်... တော်ပါတော့"

ယွမ်းရန်ကတောင်းပန်လိုက်သည်။

အားလုံးက ရယ်လိုက်၏။ ထုပင်းသည် ချူးယိကိုသေသေချာချာကြည့်လိုက်သည်။

"မင်းက မုဆိုးလုပ်ငန်းမှာဒီလောက်ကျွမ်းကျင်နေတာ သိုင်းပညာပါ တတ်တယ်နဲ့တူတယ်"

ကောက်ဝီက ထုပင်းကိုကြည့်ကာ....

"ငါ မင်းကိုပြောဖူးတယ်မဟုတ်လား"

ထုပင်းက မျက်မှောင်ကြုတ်စဉ်းစားရင်း....

"အေး... အေး... ငါသတိရပြီ၊ မင်း သူ့ကိုစတွေ့တာ တိုက်ပွဲတစ်ခုမှာပဲ"

ထုပင်း သတိရသွားသည်။

ကောက်ဝီသည် မြင်းလှည်းများနှင့်ပစ္စည်းများကို အရောင်းအဝယ်ပြုလုပ်စဉ်က အပြန်ခရီးတွင် သူ့ခြံပါလာသောငွေများကို ဓားပြတိုက်ခံရသည်။



သို့သော် ငွေမရသဖြင့် ကောက်ဝီအား ဓားပြတစ်ဦးကဖမ်းဆီးခေါ်ဆောင်သွားသည်။

ပြန်ပေးဆွဲရန် တောင်ပေါ်သို့ခေါ်လာ၏။

ချူးယိသည် ပြောင်မြောက်သောသိုင်းကွက်များဖြင့် ဓားပြဆယ်ယောက်ကို အတုံးအရုံးဖြစ်စေခဲ့သည်မဟုတ်ပါလား။

ကောက်ဝီနှင့်ချူးယိ မိတ်ဆွေဖြစ်ပြီးသည့်နောက်...

ကောက်ဝီက ထုပင်းကိုခေါ်ခဲ့ပြီး မိတ်ဆက်ပေးထားသဖြင့် ထုပင်းနှင့်လည်း ရင်းနှီးခဲ့လေသည်။

ကောက်ဝီက....

"မင်း မုဆိုးအလုပ်ကိုစွန့်ပြီး ငါနဲ့အတူ သိုင်းလောကမှာ ကျက်စားပါလားကွ"

ကောက်ဝီက သိုင်းမိတ်ဆွေအဖြစ် အင်အားလိုနေ၍ ပြောလိုက်ခြင်းဖြစ်သည်။

ချူးယိက မျက်နှာမဲ့လိုက်၏။

"အဲ့ဒီလူတွေသတ်ပြီးတော့ သားကောင်လိုရောင်းစားလို့ ရရင်တော့ သိပ်ကောင်းမှာပဲ"

သူ့အနေဖြင့် လူသေအလောင်းတစ်လောင်းသည် မျောက်တစ်ကောင်လောက်တန်ဖိုးမရှိဟု ယူဆထားသူဖြစ်သည်။

အမှန်တော့ သူသည် လူမျိုးရေးခံစားချက်များမရှိ၍ ဤကဲ့သို့ပြောဆိုနေခြင်းဖြစ်သည်ဟု ကောက်ဝီနှင့်ထုပင်းက ထင်ထားလိုက်သည်။

ထုပင်းက....

"မင်း သိုင်းလောကမှာ တော်တော်ကျက်စားခဲ့သေးလား"

ချူးယိက ခေါင်းမော့စဉ်းစား၍....

www.burmeseclassic.com

www.burmeseclassic.com



"ငါ သုံးလေးနှစ်လောက် ကျင်လည်ခဲ့ဖူးတယ်… လူဆယ့်ငါးယောက်လောက်သာ သေသွားတယ်၊ ငါ့အတွက် ဘာမှအကျိုးမထူးတာနဲ့ မှုဆိုးလုပ်ငန်းကိုလုပ်ကိုင်ခဲ့တာ"

ကောက်ဇီကကြားဝင်၍…

"မင်းက ဘယ်လိုလူမျိုးကိုသတ်ခဲ့တာလဲ"

ချူးယိက…

"ဘယ်လိုလူမျိုး ဘယ်ဝါလူမျိုးဆိုတာတော့ ငါသိပ်ဂရုမစိုက်ဘူး။ ငါ့ရှေ့မှာ အနိုင်ကျင့်တဲ့လူတွေ ငါ့ကိုရန်စလာတဲ့လူတွေကိုတော့ ငါကအသက်ချမ်းသာပေးခဲ့တာမဟုတ်ဘူး"

ကောက်ဇီက ထုပင်းကိုကြည့်၍ ပြုံးလိုက်၏။

ထို့နောက် ချူးယိဘက်သို့လှည့်ကာ…

"ဒါဖြင့်ကွာ မင်း ငါတို့ကိုမချစ်ဘူးလား"

"ဟ… ဘာမေးစရာလိုသလဲ သိပ်ခင်တာပေါ့ သိပ်ချစ်တာပေါ့"

ကောက်ဇီက ပြုံးလိုက်၏။

"ဒါဖြင့် ကောင်းပြီ ငါတို့ တရုတ်လူမျိုးတွေကို နယ်ချဲ့ကျူးကျော်ပြီးစော်ကားနေတဲ့မန်ချူးတွေက နှိပ်စက်သတ်ဖြတ်နေတာကိုကော မင်း ဒီအတိုင်းပဲကြည့်နေနိုင်မလား"

ချူးယိ ခေတ္တခဏ ပါးစပ်ပိတ်သွား၏။

သူသည် ရေနွေးကြမ်းခွက်ကိုယူ၍မော့ချလိုက်ပြီးမှ…

"ငါ့ကို မန်ချူးအလောင်းတစ်လောင်းကို တစ်ရာပဲပေး၊ ငါ အကုန်လိုက်သတ်မယ်"

သူ၏စကားကြောင့်…

အားလုံး အသံထွက်အောင်ရယ်လိုက်မိကြလေသည်။



ထုပင်းမှာ အတော်ကလေး လန်းလန်းဆန်းဆန်းဖြစ်လာပြီဖြစ်၍ ညပိုင်းတွင် သူတို့၏စကားဝိုင်းကိုပြန်ဆက်ကြ၏။

ယခု ညဘက်စကားဝိုင်းတွင် ရေနွေးကြမ်းနှင့်မဟုတ်တော့ပါ။ ကောက်ဇီယူဆောင်လာသောအရက်နှင့် ဆတ်သားကင်များဖြစ်နေ၏။

ထုပင်းကသူလုပ်ဆောင်လုပ်ခဲ့သော မြို့စားကိုကျူးဂေဟာမှအကြောင်းအရာများကို ကောက်ဇီနှင့်ချူးယိတို့အားပြန်လည်ပြောပြလိုက်လေသည်။

ယွမ်းရန်ကလည်း သူမတို့သားအဖ၏အကြောင်းကိုပြောပြလေ၏။

ထို့ပြင်… စီးရောင်ဖန်းတို့မိသားစုအကြောင်းကိုလည်းပြောပြ၏။

ယွမ်းရန်မှာ သူမ၏ဖခင်သမားတော်ကြီး သေဆုံးသွားရသည့်အကြောင်းကိုပြော၍ငိုပြန်၏။

ထိုအခါ ချူးယိတို့မှာစိတ်မကောင်းဖြစ်သွားကြလေသည်။

ထုပင်းက စီးရောင်ဖန်းတို့မိသားစု ဒုက္ခရောက်ခဲ့ကြရပုံကိုပြောပြသည်။

သူသည် ယွမ်းရန်အငိုတိတ်အောင်စောင့်ဆိုင်းပြီးမှ…

"သူ့အမေ လျှူကျင်းသေသွားတာတော့ ငါသိလိုက်တယ်၊ ကလေးနှစ်ယောက်က ဘယ်ကိုရောက်သွားသလဲ"

ယွမ်းရန်က မျက်ရည်များကိုသုတ်၍…

"ကျွန်မက ပြေးခိုင်းတော့ သူတို့နှစ်ယောက် တစ်ယောက်တစ်ကွဲစီပြေးတာပဲ မြင်လိုက်ရတယ်၊ ဒါပေမဲ့ ကလေးနှစ်ယောက်နောက်ကို ဘယ်သူမှလိုက်သွားတာမတွေ့ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထုပင်း သက်ပြင်းချလိုက်၏။

"ဒါဆို ဒီကလေးနှစ်ယောက်မှာ ချန်ကျူးမြို့ထဲမှာပဲ ပုန်းအောင်းနေလိမ့်မယ်"

"မြို့စားဂေဟာကလူတွေက ဒီလောက်များနေတာပဲ ပြန်မတွေ့ဘဲနေပါ့မလား"

ထုပင်းက....

"ကလေးတွေရဲ့ကံပဲပေါ့ကွာ"

ကောက်ဝီက....

"ဒီမိသားစုဟာ တော်တော်ကံဆိုးတာပဲနော်၊ အခုဆိုရင် အဖေကော အမေကောအသတ်ခံလိုက်ရပြီ၊ မောင်နှမတွေလဲ တကွဲတပြားစီဖြစ်နေတယ်ဆိုတော့ သူတို့လောက် ကံဆိုးတာလောကမှာ မရှိတော့ဘူး"

ချူးယိမှာ နားထောင်နေရင်းမှ အံကြိတ်လိုက်သည်ကိုတွေ့ရသည်။

သို့သော် သူသည် မည်သည့်စကားမှဝင်၍မပြောပါ။

ကောက်ဝီကထုပင်းအား....

"အခု မင်းရဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ငါက ဘယ်လိုအကူအညီမျိုးပေးရမလဲဆိုတာပြောပါ"

ကောက်ဝီစကားကြောင့် ထုပင်းအနည်းငယ် စဉ်းစားလိုက်၏။ အတန်ကြာမှ....

"လောလောဆယ်အားဖြင့်တော့ ဘာမှမလိုအပ်သေးဘူးလို့ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ဒဏ်ရာက သိပ်ကြာမှာမဟုတ်ပါဘူး၊ ဒဏ်ရာပျောက်သွားတော့မှပဲ ကလေးနှစ်ယောက်ရဲ့ သတင်းကိုစုံစမ်းရမယ်"



ထုပင်းကပြောပြီး ခဏနားသည်။

ပြီးမှဆက်ပြောသည်။

"နောက်ပြီး ငါ့တပည့်လေးစုဟုန်လင်းရဲ့နောက်ကိုလဲ လိုက်စရာရှိတယ်"

ကောက်ဝီက....

"ဒါဖြင့် ငါကဘာမှလုပ်ပေးဖို့မလိုတော့ဘူးဆိုပါတော့"

ထုပင်းခေါင်းညိတ်လိုက်၏။

သူ စကားကိုဆက်ပြောမည်ဟုကြံစဉ်မှာပင် သူတို့နေအိမ်၏တောင်တက်လမ်းမပေါ်မှမြင်းခွာသံလိုလိုကြားလိုက်ရ၏။

အားလုံးနားစွင့်လိုက်၏။

ထုပင်းက ချူးယိကိုကြည့်၍....

"ခရီးသည်တွေ ဒီနေရာကသွားတတ်သလား"

ချူးယိက ခေါင်းယမ်းရင်း....

"ညဘက်ကိုသွားတဲ့ခရီးသည်ရယ်လို့ မရှိခဲ့ပါဘူး"

ကောက်ဝီက....

"မြို့စားဂေဟာက မင်းတို့ကိုလိုက်ရှာနေတဲ့အဖွဲ့နဲ့တူတယ်"

ချူးယိက....

"အဖွဲ့မဖြစ်နိုင်ဘူး... မြင်းတစ်ကောင်တည်းရဲ့မြင်းခွာသံပဲ... နောက်ပြီး မြင်းက ခရီးပန်းလာပုံရတယ်"

မုဆိုးချူးယိသည် တိရစ္ဆာန်၏ခြေသံကြားရုံနှင့် အကဲခတ်နိုင်လေသည်။

ကောက်ဝီက....

"မန်ချူးထောက်လှမ်းရေးသမား ဖြစ်ဖို့များတယ်"

ဟု ပြောလိုက်ရာ....

www.burmeseclassic.com

www.burmeseclassic.com



မဆိုးကြီးချူးယိသည် သူ၏လေးနှင့်မြားဖူးကိုကောက်ယူလွယ်ပြီး အိမ်ထဲမှရုတ်ခြည်းခုန်ချသွားလေတော့သည်။

***

သိပ်ကြာကြာမစောင့်လိုက်ရပါ။

မဆိုးကြီးချူးယိ ပြန်ဝင်လာသည်။

ချူးယိယူဆောင်လာသည့် အရာဝတ္ထုများကိုတွေ့လိုက်ရသောအခါ အားလုံးမှာအံ့သြတုန်လှုပ်သွားမိတော့သည်။

လက်တစ်ဖက်တွင် လူတစ်ယောက်ကိုကုတ်မှကိုင်၍မ,လာပြီး ကျန်လက်တစ်ဖက်က မိန်းကလေးတစ်ယောက်ကိုချီပိုးလာသောကြောင့်ပင်ဖြစ်သည်။

ချူးယိသည် မီးများလင်းနေသောဧည့်ခန်းထဲသို့ လက်ထဲမှလူငယ်ကိုပစ်သွင်းလိုက်ရာ ထိုလူမှာ ထုပင်းတို့ရှေ့တွင် ဒလိမ့်ခေါက်ကွေးကျရောက်လာတော့သည်။

လူငယ်က ကြောက်အားလန့်အားဖြင့်ထလိုက်ရာ....

"ဟာ... စုဟုန်လင်း"

ထုပင်း၏အံ့သြတုန်လှုပ်သည့်အသံ ထွက်ပေါ်လာတော့၏။

"ဟာ... ဆရာ... ဆရာ... ဟိုလူကြီး"

စုဟုန်လင်းက ချူးယိကိုလက်ညှိုးထိုး၍ပြလိုက်သည်။

ချူးယိပွေ့ချီထားသောကလေးကိုလှမ်းကြည့်ကာ ကြောင်အမ်းအမ်းအမူအရာဖြင့်....

"ဟေ့... အဲဒါ မင်းတပည့်လား"

ထုပင်းက ကပျာကယာခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ချူးယိ"



ချူးယိသည်တစ်ချက်ပြုံးလိုက်၏။

ပြီးနောက် စုဟုန်လင်းအားကြည့်ကာ....

"အင်း... ဆိုးတော့မဆိုးဘူးကွ... ငါဟန့်တားထားပြီး ဘယ်သူဘယ်ဝါလဲလို့မေးတာကိုမဖြေဘဲ ငါ့ကိုပြန်တိုက်တယ်၊ ငါလဲ သူတို့ကိုဆွဲခေါ်လာခဲ့တာ"

ထုပင်းမျက်လုံးဝိုင်း၍....

"တော်သေးတာပေါ့ကွာ... နို့မို့ ငါ့တပည့်အရိုးအသားကိုဘယ်လိုလုပ်ရှာရမှန်း သိမှာမဟုတ်ဘူး"

သူတို့ထိုသို့ပြောနေစဉ် ကလေးမလေးစီးဟုန်သည် ယွမ်းရန်၏ရင်ခွင်ထဲသို့ပြေးဝင်သွားလေသည်။

"မမကြီး... မမကြီး"

စီးဟုန်သည် ထိုသို့ခေါ်ပြီးငိုယိုနေတော့သည်။

ယွမ်းရန်က သူမကို တင်းကျပ်စွာပွေ့ဖက်ထားလိုက်လေသည်။

ထုပင်းကမေးမြန်းသဖြင့် စုဟုန်လင်းက သူ ယနေ့အထိတွေ့ကြုံခဲ့ရသောအတွေ့အကြုံများကိုပြောပြလေသည်။

ထုပင်းက ခေါင်းညိတ်ပြ၍....

"မင်းရဲ့ဆောင်ရွက်ချက်တွေ မဆိုးပါဘူး"

သူက ခဏနားပြီးမှဆက်၍....

"ဒီကလေးမလေးကို မင်းဒီမှာထားခဲ့၊ ဒီကလေးမလေး တို့လက်ထဲရောက်နေတယ်ဆိုတာ လုံးဝမပေါက်ကြားစေနဲ့"

စုဟုန်လင်းခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

ထုပင်းက....

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို မန်ချူးရဲမက်တွေမှတ်မိသလား"

စုဟုန်လင်း ခေါင်းယမ်း၍....

"သူတို့ လုံးဝမမှတ်မိဘူး... နောက်ပြီး သူတို့ကို ကျွန်တော် ခြေယောင်ပြခဲ့တာကတစ်လမ်း၊ ကျွန်တော် ဒီကိုရောက်လာတာက တစ်လမ်းဖြစ်သွားတယ်"

ထုပင်း ကျေနပ်စွာပြုံးလိုက်လေသည်။

သူသည် စုဟုန်လင်းအား မြို့စားဂေဟာမှအဖြစ်အပျက်များကိုပြောပြလေသည်။

ယင်းစကားများပြောပြီးမှ....

"မင်း ဒီကသွားတဲ့အခါ ချန်ကျူးမြို့မှာလဲ ကောင်မလေးရဲ့ သတင်းကိုစုံစမ်းရှာဖွေဦး၊ အဲ့ဒီကတစ်ဆင့် ချပ်ခိုရွာကတည်းခိုခန်းမှာ မကြာခဏစုံစမ်းပါ"

"ဟုတ်ကဲ့"

ထုပင်းကဆက်၍....

"ငါ ဒီနေရာမှာ တစ်လလောက်တော့ရှိနေလိမ့်မယ်၊ မင်း ဒီကိုလာတဲ့အခါမှာ လူတွေသိပ်မသိဖို့ အရေးကြီးတယ်"

"စိတ်ချပါ ဦးလေးဖေဖေ"

သူသည် ထိုကဲ့သို့ပြောပြီးနောက် ချူးယိအား ကြောက်ရွံ့သည့်မျက်နှာနှင့်လှမ်းကြည့်လိုက်သည်။

"သူက ဦးလေးဖေဖေရဲ့ မိတ်ဆွေလား"

ထုပင်းကရယ်၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ဘာဖြစ်လို့လဲ"

စုဟုန်လင်းသည် ချူးယိအားမသိမသာတစ်ချက်လှမ်းကြည့်ရင်းမှ....



"သိုင်းလောကထဲမှာ ဒီလိုလူမျိုး ဆယ်ယောက်လောက်သာရှိရင် တရုတ်ပြည်ကြီးကိုအုပ်စိုးလို့ရတယ်"

အားလုံးက ရယ်လိုက်မိ၏။

"သူက သိပ်သဘောကောင်းတဲ့မုဆိုးကြီးပါကွာ"

စုဟုန်လင်းသည် ကြက်သီးထသွားဟန်ဖြင့်....

"သဘောကောင်းပေလို့သာပဲ... သဘောသာဆိုးမယ်ဆိုရင် ပွဲချင်းပြီးသေနိုင်တယ်"

ပြုံးလိုက်ကြပြန်သည်။

ချူးယိသည် သူ၏မညီညာသောသွားများဖြင့်....

"ငါကဘယ်သိမလဲ... ငါ့ကိုတိုက်ခိုက်တဲ့ကောင်ဆိုရင် ဆင်တောင် ချမ်းသာပေးတာမဟုတ်ဘူးကွ"

သူသည် ပြောပြီး သဘောကျစွာဖြင့် တဟားဟားရယ်မောလိုက်လေသည်။

စုဟုန်လင်းသည် ချူးယိတို့နှင့်အတူ နှစ်ရက်ခန့်နေထိုင်ပြီး ချန်ကျူးမြို့သို့ပြန်သွားရန် ပြင်ဆင်လိုက်သည်။

ထုပင်းသည် စုဟုန်လင်း၏မြင်းကို ရုတ်တရက် မှတ်မိသွားမည်စိုးသောကြောင့် ကောက်ဝီ၏မြင်းကို လဲစီးသွားစေသည်။

အစစအရာရာတွင် သတိရှိဖို့ အတန်တန်မှာ၏။

လန်စီကျင်းဆိုသည့်မိန်းကလေးနှင့် စီးဝမ်ဆိုသည့်လူငယ်လေးကိုတွေ့လျှင် အတတ်နိုင်ဆုံး လုံခြုံအောင်ထားပြီး သူ့ဆီ အမြန်ခေါ်ခဲ့ဖို့လည်း မှာကြားလိုက်၏။

ထိုစဉ်... ကောက်ဝီသည် သူတို့နှစ်ယောက်အနီးသို့ရောက်လာသည်။

"ထုပင်း... ငါမင်းတို့ကိုပြောစရာရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထုပင်းကမော့ကြည့်၍....

"ပြောစရာရှိတာ ပြောမှပေါ့ကွ"

ကောက်ဝီသည် အိတ်ထဲမှတစ်စုံတစ်ခုကိုထုတ်ပြလိုက်၏။

အသေအချာကြည့်လိုက်ရာ ကြေးပြားဖြင့် ပြုလုပ်ထားသောကြယ်ပုံစံဖြစ်နေပေသည်။

ယင်းကြေးပြားတွင်....

"ရွှဝံကြွယ်"

ဟုလည်း ရေးသားထားလေသည်။

ထုပင်းသည် ကြယ်တံဆိပ်ကိုမျက်မှောင်ကုပ်၍သေချာကြည့်ရှုရင်း...

"ဒါကဘာလဲကွ"

ဟုမေးလိုက်သည်။

ကောက်ဝီက....

"အဲဒါ ရွှဝံကြွယ်"

ထုပင်းက သေသေချာချာကြည့်၍....

"ဟုတ်တယ်လေ... စာရေးထားတာ ငါတွေ့သားပဲ၊ သူကဘာလုပ်လို့ရသလဲ"

ကောက်ဝီက....

"မင်း ရွှဝံကြွယ်အကြောင်းကိုမသိသေးဘူး မဟုတ်လား"

ထုပင်းခေါင်းယမ်းလိုက်သည်။

"ဟင့်အင်း... မသိသေးဘူး"

"ဒါက မန်ချူးတွေကိုတော်လှန်နေတဲ့ဂိုဏ်းရဲ့ အမှတ်အသားပဲကွ"

ထုပင်း အံ့သြသွားလေသည်။



"အို... ဟုတ်လား"

ကောက်ဝီက ဆက်၍....

"ဒီဂိုဏ်းက နာမည်ထွက်လာတာ သိပ်မကြာသေးဘူး၊ ဒါပေမဲ့ မန်ချူးတွေကတော့ ဒီဂိုဏ်းကိုအသေအလဲမုန်းတီးပြီး ကြောက်နေကြတယ်"

ထုပင်းသည် စိတ်ဝင်စားလာဟန်ဖြင့်....

"ဂိုဏ်းခေါင်းဆောင်ကဘယ်သူလဲ"

ကောက်ဝီက ခေါင်းယမ်းလိုက်သည်။

"ဂိုဏ်းခေါင်းဆောင် ဘယ်သူဘယ်ဝါဆိုတာ မသိရသေးဘူး၊ ဒါပေမဲ့ ဂိုဏ်းသားတွေဟာ မန်ချူးတွေရဲ့ နှိပ်စက်မှုကိုခံရတဲ့ လူမှန်သမျှကိုအကူအညီပေးနေတယ်... သူတို့ကို လူမမှားဖို့ အရေးကြီးတယ်"

ထုပင်းကမျက်မှောင်ကြုတ်၍....

"မင်းက အဲဒီဂိုဏ်းထဲဝင်ထားလို့လား"

ကောက်ဝီကခေါင်းယမ်းလိုက်သည်။

"ငါမဝင်အားပါဘူး... မျက်နှာဖုံးစွပ်ထားတဲ့လူတစ်ယောက်ကပေးသွားတာ"

ထုပင်းသည် အနည်းငယ်စဉ်းစား၍ စုဟုန်လင်းအား....

"ကဲ... မင်း ကြားတယ်မဟုတ်လား၊ သူတို့နဲ့တွေ့ရင်လဲ တိတ်တဆိတ်တော့ ဆက်သွယ်ပေါ့"

စုဟုန်လင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ကျွန်တော်မှတ်ထားပါ့မယ်"

ထို့နောက်.... စုဟုန်လင်းသည် အားလုံးကိုနှုတ်ဆက်၍ ချန်ကျူးမြို့သို့ထွက်ခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်းသည် ချန်ကျူးမြို့ကြီးသို့ မိုးစုံးစုံးချုပ်မှရောက်ရှိလာလေသည်။

သူသည် ပထမတစ်ကြိမ်ကတည်းခဲ့သောတည်းခိုခန်းတွင် မတည်းတော့ပါ။

မြို့လယ်ရှိ 'ပန်းဂေဟာ'ဟူသောတည်းခိုခန်း၌ သွားရောက်တည်းခိုလေသည်။

ထိုတည်းခိုခန်းသည် ပထမတည်းခိုသော တည်းခိုခန်းထက်ပို၍အဆင့်မြင့်သည်။

သူသည် ချန်ကျူးမြို့၏သတင်းကို ထူးထူးခြားခြား မကြားရပေ။

သူ့ကိုလည်း မည်သူကမှ သက်သမကင်းမရှိကြပေ။

ပန်းဂေဟာတည်းခိုခန်းတွင် လူပေါင်းမြောက်မြားစွာတည်းခိုကြသည်ကိုလည်းတွေ့ရသည်။

ထို့ပြင်... ပန်းဂေဟာသည် ညဘက်တွင် အလွန်စည်ကားသည်ကိုလည်းတွေ့ရလေသည်။

စုဟုန်လင်းသည် သူ့အတွက် အခန်းတစ်ခန်းကိုငှားရမ်းပြီးသည်နှင့် စားသောက်ခန်းမထဲသို့ထွက်လာလေသည်။

သူသည် သတင်းအထူးအဆန်းများ ကြားရလို ကြားရငြားနားထောင်နေမိသည်။

သို့သော်....

ပျော်ဆုံးနေသောကလေးများနှင့်ပတ်သက်၍ မည်သည့်သတင်းမျိုးမှမကြားရပေ။

စုဟုန်လင်းသည် သိုင်းလောကအတွေ့အကြုံကိုရှာဖွေနေသူဖြစ်၏။



သူသည် အရာရာကို အထူးအဆန်းဖြစ်နေ၏။

အခန်းတစ်ခန်းမှ ဆူညံညံအသံများကြားနေရသဖြင့် သူသွား၍ကြည့်ရှုလိုက်သေးသည်။

ထိုအခါ ကစားဝိုင်း၌ ကစားနေကြသည့်လူမျိုးစုံကိုတွေ့ရှိရလေသည်။

အချို့သောကစားဝိုင်းများတွင် မန်ချူးတပ်မှူးဗိုလ်မှူးများပင် တွေ့ရှိရလေ၏။ စုဟုန်လင်းသည် သူ၏ကံကိုစမ်းသပ်ချင်သည့်စိတ်ပေါက်လာသည်။

ထို့ကြောင့် သူသည် အိတ်ထဲမှငွေတုံးအချို့ကို ထုတ်ယူလိုက်၏။ စုဟုန်လင်းသည် ဖားရုပ်ရေးထားသည့်အကွက်တွင် သူ၏ငွေတုံးနှစ်တုံးကိုပစ်ချ၍စောင့်ဆိုင်းနေ၏။

ဒိုင်လုပ်သူက သူ၏ပေါက်ကောက်ကိုဖွင့်လိုက်သည့်အခါတွင် ဖားသုံးကောင်ပေါ်လာသည်ကိုတွေ့ရသောအခါ စုဟုန်လင်းမှာအလွန်အမင်းဝမ်းသာသွားလေတော့သည်။

ဒိုင်က သူ၏ငွေတုံးနှစ်တုံးအတွက် သုံးဆပို၍လျော်လိုက်သောအခါ စုဟုန်လင်းမှာ ထခုန်ချင်လောက်အောင် ဝမ်းသာသွားတော့သည်။

ယခုအခါ...

သူသည် ငွေတုံးခြောက်တုံးတိတိ ရရှိခဲ့ပြီဖြစ်သည်။

ထိုငွေတုံးခြောက်တုံးသည် ဤတည်းခိုခန်း၌ ငါးရက်တိတိစားသောက်၍ရနိုင်သော ငွေကြေးပင်မဟုတ်ပါလား။

စုဟုန်လင်းသည် အမြတ်ရရှိသောငွေတုံးခြောက်တုံးကိုအိတ်ထဲသို့ထည့်ပြီး ပထမငွေတုံးနှစ်တုံးကို ထိုဖားကွက်မှာပင် ထပ်မံ၍ကံစမ်းလိုက်ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်က....

"ဖွင့်မယ်"

ဟုအော်ပြော၍ဖွင့်လိုက်ရာ....

"ဖားသုံးကောင်"

စုဟုန်လင်းမှာ သူ့ကံကိုပင် သူ မယုံကြည်နိုင်အောင်ဖြစ်သွားတော့၏။

စုဟုန်လင်းမှာ နောက်ထပ်ရသောငွေတုံးများကိုယူ၍ စားသောက်ခန်းသို့ပြန်လည်ကူးကာ အရက်အိုးမှာလိုက်၏။

အရက်အိုးရောက်မလာမီမှာပင် သူ့ရှေ့သို့ လူတစ်ယောက်လာရောက်ဝင်ထိုင်သည်ကိုတွေ့လိုက်ရသည်။

စုဟုန်လင်းက သေသေချာချာကြည့်လိုက်ရာ လှပသောအမျိုးသမီးတစ်ယောက်ဖြစ်နေသည်ကိုတွေ့လိုက်ရ၏။

သူမက တအံ့တသြအမူအရာဖြင့်ပြုံးကာ....

"ရှင်ကသိပ်တော်တာပဲ... ရှင်လောက်ကံကောင်းတဲ့လူတစ်ခါမှမတွေ့ဖူးဘူး"

စုဟုန်လင်းက ယခုမှအကဲခတ်မိလိုက်၏။

ဤမိန်းကလေးသည် စားသောက်ဆိုင်နှင့် တည်းခိုခန်းများတွင် မြင်တွေ့ရတတ်သောချယ်ရီဆိုသောမိန်းကလေးမျိုးဖြစ်သည်ကိုသတိပြုမိလိုက်သည်။

သို့သော်လည်း ထိုမိန်းကလေးမျိုးများထဲတွင် သတင်းအစုံအလင်ကြားရတတ်သောကြောင့် စုဟုန်လင်းက မိတ်ဆွေအဖြစ်စကားပြောရန် စိတ်ကူးလိုက်သည်။

"ကျုပ်က တော်လို့မဟုတ်ပါဘူးဗျာ၊ သူ့ကံနဲ့သူ ဖြစ်လာတာပါ"



သူမကပြုံး၍....

"ကျွန်မ ဒီကစားဝိုင်းမျိုးမှာ အမြဲတမ်းရှိနေတတ်ပါတယ်၊ ဒါပေမဲ့ ရှင့်လိုအကွက်တစ်ကွက်ကို နှစ်ခါထိုးတဲ့လူမျိုးလဲမတွေ့ဖူးဘူး၊ နောက်ပြီး မျိုးတူသုံးခု နှစ်ခါတိတိ ဆက်တိုက်ပေါ်လာတာလဲမကြုံဖူးဘူး"

စုဟုန်လင်း မျက်ခုံးပင့်လိုက်၏။

"ဟုတ်လား... ဒါဖြင့် ကျုပ်ရဲ့ကံကထူးတယ်လို့ ပြောရမှာပေါ့နော်"

သူမကခေါင်းညိတ်လိုက်၏။

"ဟုတ်တာပေါ့... ရှင်ထွက်လာမှ နောက်တစ်လှည့်မှာ ထိုးသားတွေက ဖားကိုထိုးကြသေးတယ်"

စုဟုန်လင်းက....

"ဆက်ပြီးပေါ်တုန်းပဲလား"

"လုံးဝကိုမပေါ်တော့ဘူး... တခြားအကောင်တွေပဲပေါ်လာတော့တယ်"

သူမ၏စကားဆုံးချိန်တွင် အရက်အိုးရောက်လာသည်။

သူမက ဆိုင်လုလင်ကိုကြည့်၍....

"ဟေ့... ဟေ့... နင် အရက်အိုးကိုပြန်ယူသွား၊ ဒီက အစ်ကိုက ဒါမျိုးသောက်မှာမဟုတ်ဘူး... သူ့ထက်ကောင်းတဲ့ရွှေကြာအရက်ကို ယူခဲ့ပါ"

ဆိုင်လုလင်က သူမပြောသည့်အတိုင်း အရက်အိုးကိုပြန်လဲရန် ယူသွားသည်။

"အစ်ကို အရက်မသောက်ဖူးဘူးနဲ့တူတယ်၊ ခုန အရက်က ညံ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်းကခေါင်းကုတ်လိုက်ပြီး....

"ခင်ဗျားပြောတာမှန်တယ်... ကျုပ်က ကံကောင်းချင်တော့ အရက်ကောင်းကောင်းသောက်ရဖို့ ခင်ဗျားနဲ့လာတွေ့ရတယ်"

"စိတ်ချပါအစ်ကို... ရေ့လျှောက်ကံကောင်းရပါစေမယ်"

စုဟုန်လင်းက ပြုံးနေလိုက်သည်။

ဤမိန်းကလေးများ၏လုပ်ငန်းမှာ သိပ်တော့လွယ်ကူလှမည်ဟုမထင်ပေ။

ရှေးဦးစွာ လှုကဲခတ်တတ်ရမည်။

စကားပြောတတ်ရမည်။

တစ်ဖက်သားနားဝင်ချိုစေမည့်စကားလုံးများကို ရွေးချယ်၍ပြောတတ်ရမည်။

ယောကျ်ားများနှစ်သက်စေသည့်အမူအရာမျိုး ရှိရမည်။ စုဟုန်လင်းမှာ သူမတို့၏ရှိရမည့်အရည်အချင်းများကို စဉ်းစားမိသောအခါ လွယ်ကူသောအလုပ်တစ်ခုမဟုတ်မှန်းသိလိုက်သည်။

ထိုစဉ် သူမမှာသည့် ရွှေကြာအရက်အိုးရောက်လာသည်။

"အစ်ကိုက ကံကောင်းထားတဲ့လူတစ်ယောက်ပဲ... ကျွန်မ စားသောက်စရာပါ မှာလိုက်မယ်"

စုဟုန်လင်းက ခေါင်းညိတ်ပြစဉ်မှာပင် သူမသည် စားစရာများကို ကျွမ်းကျင်စွာ မှာကြားနေပြီဖြစ်တော့သည်။

သူမထံမှ နောက်ထပ်အရည်အချင်းထပ်တွေ့ရသည်မှာ သူတကာထက် သူမကပို၍အရက်သောက်နိုင်ခြင်းပင်ဖြစ်သည်။

အရက်အိုး၏လေးပုံသုံးပုံကို သူမက သောက်ပြီးပြီဖြစ်သည်။ နောက်အရည်အချင်းတစ်ခုမှာ သူမမှာကြားထားသည့် အစားအသောက်များအားလုံးသည် စုဟုန်လင်းအဖို့ ခံတွင်းတွေ့စေသည့်



အစားအသောက်များပင် ဖြစ်ပေသည်။

စုဟုန်လင်းမှာ အရက်သောက်စမရှိ၍ အနည်းငယ်နှင့်ပင် အတော်ကလေးမူးဝေလာပြီဖြစ်သည်။

"ညီမက ခုထိနာမည်မပြောသေးဘူး"

စုဟုန်လင်းကစ၍ပြောတော့မှပင်....

"ဟုတ်ပါရဲ့... ကျွန်မ မေ့နေလိုက်တာ၊ ပန်းဂေဟာက စွမ်းရှိဆိုရင် ချန်ကျူးတစ်မြို့လုံးနီးပါးသိပါတယ်"

စုဟုန်လင်းက အံ့ဩသည့်အမူအရာဖြင့်....

"အို... နာမည်ကသိပ်လှတာပဲ"

သူမက မျက်စောင်းထိုးကာ....

"လူကကော"

စုဟုန်လင်းက....

"လူက ပိုပြီးလှတာပေါ့"

စွမ်းရှိသည် ပါးချိုင့်ကလေးပေါ်အောင်ပြုံးလိုက်သည်။

သူမ စုဟုန်လင်းကိုသေသေချာချာကြည့်၍....

"ဒါထက် အစ်ကို့ကို ကျွန်မသဘောမကျတာတစ်ခုရှိတယ်"

စုဟုန်လင်း မျက်မှောင်ကြုတ်၍....

"ဘာများလဲ"

"အစ်ကိုဟာ လူကလဲခန့်တယ်၊ ရုပ်ကလဲချောတယ်၊ ငွေကလဲပေါတယ်... ဒါပေမယ့် အစ်ကိုဝတ်စားထားတဲ့ပုံစံက တောင်ယာလုပ်စားတဲ့တောသားတစ်ယောက်ကျနေတာပဲ"

စွမ်းရှိ မလိမ်တမ်း မညာတမ်းဝေဖန်ပြောဆိုလိုက်မှန်း စုဟုန်လင်းသိလိုက်၏။ တကယ်ပင် သူ့ပုံစံမှာ တောင်ယာလုပ်ကိုင်သည့်တောသားတစ်ယောက်နှင့်တူနေသည်ဟုမဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောတာတစ်ခုမှမမှားဘူး... အားလုံးမှန်တယ်... ကျုပ်ဟာ တောင်ယာလုပ်စားတဲ့တောသားတစ်ယောက်ပဲ"

သူမက ခေါင်းညိတ်လိုက်သည်။

"အစ်ကိုက မပြောလဲ ကျွန်မကတော့ အကဲခတ်မိပါတယ်၊ ဒါပေမဲ့ အစ်ကိုသာ အခုနေအခါမှာအဖိုးတန်တဲ့ အဝတ်အစားတစ်စုံ လောက်ဝယ်ဝတ်မယ်ဆိုရင် ချန်ကျူးမြို့က မိန်းကလေးတွေ အနား မှာတစ်ပုံကြီးရောက်လာမှာပဲ"

စုဟုန်လင်းက....

"အခုလိုပြောတာကျေးဇူးတင်ပါတယ်"

သူမက....

"အစ်ကို လူလယ်မလုပ်နဲ့... အစ်ကို့နာမည်မသိရသေးဘူး"

စုဟုန်လင်းကရယ်လိုက်သည်။

"ဩော်... ဟုတ်သားပဲ၊ ကျုပ်နာမည်ကစုဟုန်လင်း"

"အို... အစ်ကိုနာမည်လဲ သိပ်လှတာပဲ"

"ဟဲ... ဟဲ ကျေးဇူးတင်ပါတယ်၊ ဩော်... ဒါထက် ချန်ကျူး မြို့ကြီးဟာ သိပ်စည်ကားတာပဲနော်"

စုဟုန်လင်း သူမထံမှသတင်းရလိုရငြား ထောက်လှမ်းချင်၍ စကားလမ်းကြောင်းပြောင်းလိုက်၏။

"ဟုတ်ကဲ့... အမြဲစည်ကားပါတယ်၊ အစ်ကိုက ဒီတစ်ခါပဲ ရောက်ဖူးသေးလို့လား"

"နှစ်ခေါက်သုံးခေါက်တော့ရောက်ဖူးပါတယ်၊ ဒါပေမဲ့ ပန်း ဂေဟာမှာ ဒီတစ်ခါပဲတည်းခိုဖူးသေးတယ်"

သူမက ပြုံး၍....

"ဒါဆို နောက်ကျရင် ဒီမှာပဲတည်းတော့မယ်ပေါ့"



စုဟုန်လင်း ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့ ဒီမှာတည်းခိုရတာ စိတ်ချမ်းသာတယ်၊ တခြား တည်းခိုခန်းတွေမှာ သူခိုးတွေ ဓားပြတွေရှိတယ်မဟုတ်လား"

သူမက မျက်မှောင်ကြုတ်၍....

"အစ်ကိုပြောတာမဖြစ်နိုင်ဘူး... ကျွန်မတို့ချန်ကျူးမြို့ဟာ မြို့စားကြီးကျိုကျူးကိုယ်တိုင်ရှိနေတဲ့မြို့ဆိုတော့ လူဆိုးဓားပြတွေ မရှိ တတ်ပါဘူး"

စုဟုန်လင်းက....

"ဟုတ်လား... ဒါဆိုရင်ကောင်းပါတယ်၊ ကျုပ် ကြားမိတာ ကတော့ ဟိုတလောက တရားခံတွေထွက်သွားလို့ဆိုလား မန်ချူး ရဲမက်တွေအလုပ်ရှုပ်နေကြတာမြင်တော့ ဒီမြို့ဟာ မငြိမ်မသက်ဘူး လို့ထင်မိတယ်"

"ဩော်... ဒါကိစ္စ တစ်ခါတစ်လေပါ ကျွန်မလဲ အဲ့ဒီသတင်း ကြားလိုက်မိပါတယ်... အခုတော့ အေးဆေးသွားပါပြီ"

စုဟုန်လင်းက....

"ဒါဖြင့် ဒီမြို့မှာ ဘာမှထူးထူးခြားခြားမရှိဘူးပေါ့ဟုတ်လား"

သူမက ခေါင်းညိတ်ပြသည်။

ပြီးမှ သူမသည် တစ်စုံတစ်ခုကိုသတိရသွားဟန်ဖြင့်....

"ဩော်... တစ်ခုတော့ရှိတယ်"

"ဘာများပါလိမ့်"

သူမက အနည်းငယ်စဉ်းစား၍....

"ရွှေဝံကြွယ်ဂိုဏ်းသားတစ်ယောက်ကို မိထားတယ်ဆိုလား ပဲ၊ အဲ့ဒီလူကို မနက်ဖြန်လူသတ်ကုန်းမှာကွပ်မျက်မယ်လို့ လမ်းဆုံ လမ်းခွမှာကြေညာထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းမှာ ထူးဆန်းသောသတင်းတစ်ခုပင်ဖြစ်သည်။

သို့သော်လည်း စုဟုန်လင်းက ကိုယ်နှင့်လုံးဝမသက်ဆိုင်သည့်ပုံစံမျိုးနှင့်ရယ်လိုက်ပြီး…

"အို… ဒါကတော့ ဘုရင်မင်းမြတ်ကိုတော်လှန်တဲ့လူတွေပဲ သူတို့ထိုက်နဲ့သူတို့ကံပေါ့ ဟုတ်လား"

စုဟုန်လင်းက ပေါ့ပေါ့ဆဆပင် ပြောလိုက်သည်။

အရက်နှင့်အစားအသောက်ကလည်း ကုန်ပြီဖြစ်သည်။

သူမသည် စုဟုန်လင်းအားစကားဖြတ်၍ နှုတ်ဆက်ကာ ထသွားလေသည်။

***



စုဟုန်လင်းအတွေးများဖြင့် ကျန်ရစ်ခဲ့လေသည်။

ရှုဝံကြွယ်၏အကြောင်းကို ကောက်ပီပြောပြ၍သိခဲ့ရသည်။

ရှုဝံကြွယ်ဂိုဏ်းသည် မျိုးချစ်တော်လှန်ရေးသမားများ စုစည်းထားသည့်ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။

ယခုလို မျိုးချစ်သိုင်းသမားများ အသတ်ခံရမည်ကို စုဟုန်လင်း မကျေနပ်ပေ။ ထိုသတင်းမျိုးကိုကြားရလေ စုဟုန်လင်း၏ ရင်ထဲ၌နာကြည်းလေဖြစ်သည်။

ယခု အသတ်ခံရသည့်သူမှာ မည်သူမည်ဝါဖြစ်သနည်း။

မနက်ဖြန် သတ်မည်ဟုသိရ၏။

သူသည် မနက်ဖြန် ထိုလူသတ်ကုန်းသို့သွားရောက်ကြည့်ရှုရန် စိတ်ထဲမှဆုံးဖြတ်ထားလိုက်လေသည်။

သူသည် စားပွဲတွင်ခေတ္တမျှထိုင်ပြီး ကျသင့်သည့်ငွေကြေးကို ရှင်းပေးလိုက်၏။

ထို့နောက်… သူက အိပ်ခန်းဆီသို့သွား၍အိပ်ရန် ထိုင်ရာမှ ထလိုက်စဉ်မှာပင် သူသည် လူတစ်ယောက်ကို တွေ့ရှိလိုက်ရလေတော့သည်။

ထိုလူကို သူက ကောင်းကောင်းမှတ်မိနေ၏။

သို့သော် ထိုလူသည် သူ၏ရုပ်ကို အနည်းငယ်ဖျက်ထားသောကြောင့် လူမသိစေချင်သည်မှာ ထင်ရှားနေပေသည်။

စုဟုန်လင်းက ထိုလူကိုစိုက်ကြည့်နေစဉ်မှာပင် ထိုလူကလည်း စုဟုန်လင်းကိုမြင်တွေ့သွားလေသည်။

ထိုလူသည် စုဟုန်လင်းကိုတွေ့မြင်လိုက်သော်လည်း မသိဟန်ပြု၍ အသာအယာခေါင်းညိတ်ပြကာ စားသောက်ခန်းမှဆင်း၍ အနောက်ဘက်ရှိ ပန်းဥယျာဉ်ထဲသို့လျှောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်လင်းက ပါးနပ်သည်။

ထိုသူဆင်းသွားပြီး တအောင့်ကြာမှ ပန်းဥယျာဉ်ထဲသို့လိုက်သွားလေသည်။

ပန်းဂေဟာတည်းခိုခန်း၏ဥယျာဉ်သည် အလွန်ကျယ်ဝန်းလှသည်။ တည်းခိုသူများ၊ စားသောက်သူများ အပန်းဖြေစကား ပြောနိုင်ရန် ပန်းဥယျာဉ်ထဲ၌ ခုံတန်းလျားများလည်း စီစဉ်ထားလေသည်။

ခုံတန်းလျားများအပေါ်တွင် အချို့က တစ်ယောက်တည်း စိတ်ကူးယဉ်နေသူများရှိသကဲ့သို့ အချို့ကနှစ်ယောက်တည်း လွတ်လွတ်လပ်လပ် စကားပြောနေကြသည်။

အချို့မိသားစုသုံးယောက် ဝိုင်းဖွဲ့၍စကားပြောနေ၏။

စုဟုန်လင်းသည် ပန်းခြံထဲသို့လျှောက်ကြည့်သည်။

စောစောကဆင်းလာသောသူ၏မိတ်ဆွေသည် မည်သည့်နေရာသို့ရောက်နေမှန်းမသိပါ။

သူက ပန်းခြံတစ်ခုလုံးသို့လိုက်လံကြည့်ရှုနေသည်။

ပန်းခြံထဲတွင် မီးပုံးများထွန်းညှိထား၏။

အချို့နေရာများတွင် အလင်းရောင်က အလွန်နည်းပါးလှပေသည်။ စုဟုန်လင်းက ပန်းချုံတစ်ချုံသို့ကွေ့၍လျှောက်လိုက်စဉ်....

"လာလေကွာ... ဒီကို"

ဟု လှမ်းခေါ်သံကိုကြားလိုက်ရတော့သည်။

စုဟုန်လင်းက ထိုသူ၏အနီးတွင်ဝင်ထိုင်ရင်း....

"အစ်ကိုကြီးကုမုထိ ဒီကို"

သူ့စကားမဆုံးမီ....

"ရှူး... တိုးတိုး... ငါ့နာမည်မခေါ်နဲ့လေ"

စုဟုန်လင်း သတိမေ့သွားခြင်းဖြစ်သည်။



လူမသိစေချင်၍ရုပ်ဖျက်ထားသည်ကို သူက သဘောပေါက်ဖို့ကောင်း၏။

စုဟုန်လင်းကလေသံတိုးတိုးဖြင့်....

"ကျွန်မ စိတ်လောသွားမိတာခွင့်လွှတ်ပါ"

ကုမုထိက ခပ်ယဲ့ယဲ့ပြုံးကာ....

"ကိစ္စမရှိပါဘူး... ဒါထက် မင်းရှာနေတဲ့ကောင်မလေးကော တွေ့ရဲ့လား"

စုဟုန်လင်းကခေါင်းခါ၍....

"မတွေ့သေးပါဘူးအစ်ကိုကြီးရာ"

ကုမုထိသက်ပြင်းတစ်ချက်ကို ခပ်တိုးတိုးချလိုက်သည်။

"အင်း... အဲ့ဒီကလေးမလေးရဲ့ဇာတ်လမ်းက မီးခိုးကြွက်လျှောက်ပါပဲကွာ"

စုဟုန်လင်းက....

"ကျွန်တော် အစ်ကိုကြီးတို့ဆီကိုရောက်သေးတယ်၊ ဒါပေမဲ့ မီးလောင်ကျွမ်းနေတာကိုပဲတွေ့လိုက်ရတယ်၊ အဲ့ဒါ ဘယ်လိုဖြစ်တာလဲအစ်ကိုကြီး"

ကုမုထိက လေသံမှန်မှန်ဖြင့် ပေါက်ခူးယုံ ချုပ်ခိုရွာသို့ လန်စီကျင်းအား သွားရှာရာမှပေါ်ပေါက်ခဲ့သောပြဿနာများကို ပြောပြလိုက်လေသည်။

စုဟုန်လင်းကစိတ်မကောင်းစွာဖြင့် နားထောင်နေသည်။

ကုမုထိက ပေါက်ခူးယုံတစ်ယောက် သေဆုံးသွားရပုံများကို ပြောပြသောအခါ စုဟုန်လင်းမှာ မျက်ရည်များပင်လည်လာတော့သည်။ စုဟုန်လင်းကလည်း သူ့အနေဖြင့်ကြုံတွေ့ရသမျှကို ပြန်လည်ပြောပြလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကုမုထိက တစ်လှည့်ပြန်၍နားထောင်နေ၏။

သူ၏စကားဆုံးသွားမှ ကုမုထိက....

"ဒါဖြင့် မင်းအခု ဒီကိုပြန်ရောက်လာတာက ထွက်ပြေးနေတဲ့ကောင်မလေးကိုလိုက်ရှာဖို့နဲ့ လန်စီကျင်းကိုဆက်ပြီးရှာဖို့ပဲ မဟုတ်လား"

စုဟုန်လင်းကခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ထိုအခါ ကုမုထိက....

"မင်းအနေနဲ့လန်စီကျင်းကိုပဲရှာပေတော့... ကောင်မလေးကိုတော့ မင်းရှာလို့ရမှာမဟုတ်တော့ဘူး"

စုဟုန်လင်းက အံ့သြစွာဖြင့် ကြည့်ကာ....

"ဟင်... ဘာဖြစ်လို့လဲ"

ကုမုထိက....

"မင်းသေသေချာချာနားထောင်"

"ဟုတ်ကဲ့"

ကုမုထိက ခပ်တိုးတိုးပြောပြသည်မှာ....

"တစ်နေ့က မြို့စားဂေဟာကထွက်ပြေးလာတဲ့မိန်းကလေးကို ကွေ့စူးကတွေ့ရှိသွားတယ်၊ အဲဒီကလေးကပြောပြလို့ ကွေ့စူးဟာ ကလေးကို တစ်နေ့လုံး ဝှက်ထားလိုက်တယ်၊ နောက်တစ်နေ့မနက်မှာ ကွေ့စူးရဲ့မိတ်ဆွေ သူဌေးကြီးလင်မယားကိုတွေ့တာနဲ့ ကွေ့စူးက တိတ်တဆိတ် မွေးစားဖို့ထည့်ပေးလိုက်တယ်"

စုဟုန်လင်းက....

"ဩော်... ဒါဖြင့်လဲ ရင်အေးသွားရတာပေါ့"

ကုမုထိက....



"အင်း... ကလေးအတွက်ရင်အေးသွားရပေမဲ့ ကွေ့စူးကို မနက်ဖြန် လူသတ်ကုန်းမှာသတ်တော့မှာကွ"

"ဟာ...."

စုဟုန်လင်းမှာ မျက်လုံးပြူးကျယ်၍ ထိတ်လန့်သွားတော့သည်။

"ဟင်... ဘယ်လိုဖြစ်ရတာလဲအစ်ကိုကြီး"

"ဘယ်လိုဖြစ်သလဲဆိုတာ မြို့စားကြီးဂေဟာက ထောက်လှမ်းရေးသမားတွေက ဘယ်လိုသတင်းရသွားသလဲမသိဘူး၊ ကွေ့စူးဆီမှာ ကလေးကိုပြန်တောင်းတယ်၊ ကွေ့စူးက ပြန်ထွက်ပြေးသွားပြီလို့ ပြောတယ်၊ သူတို့က ကွေ့စူးကိုရိုက်နှက်ပြီး အိမ်ထဲမှာလိုက်ရှာတော့ ရှုပ်ကြွယ်တံဆိပ်တစ်ခုကိုတွေ့ရတာနဲ့ ရှုပ်ကြွယ်ဂိုဏ်းသားဖြစ်ရမယ်ဆိုပြီး မနက်ဖြန် လူသတ်ကုန်းမှာသတ်ဖို့ ကြေညာထားတယ်"

ကုမုထိ စကားဆုံးသွားသည်။

နှစ်ယောက်စလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်နေပြီးမှ စုဟုန်လင်းက....

"အစ်ကိုကြီး ဘယ်လိုလုပ်မယ်လို့ကြံစည်ထားသလဲ"

ဟုမေးလိုက်၏။

ကုမုထိက....

"ငါ အခုအချိန်အထိစဉ်းစားတုန်းပဲ... အဲဒီအချိန်မှာ မင်းကိုတွေ့လိုက်ရလို့ ဒီကိုထွက်လာတာ"

စုဟုန်လင်းကစိတ်အားတက်ကြွစွာဖြင့်....

"ကျွန်တော် ကွေ့စူးကိုရအောင်ဝင်လုမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



ကုမုဒ်ထိက သူ့ကိုကျေနပ်စွာကြည့်လိုက်သည်။

လူငယ်လေးပင် ဖြစ်သော်လည်း မျိုးချစ်စိတ်ထက်သန်နေသည်ကိုတွေ့ရသောအခါ ကုမုဒ်ထိ စိတ်ထဲမှချီးကျူးမိသည်။

ထို့ပြင် သူ၏ကျေးဇူးရှင်ဖြစ်သောစုဟုန်လင်း၏မိဘနှစ်ပါးကိုလည်းမြင်ယောင်မိလိုက်သည်။

"ငါ့အတွက်နဲ့တော့ ဒီတစ်ခါ မင်းဒုက္ခမရောက်စေချင်ဘူး"

စုဟုန်လင်းကခေါင်းခါ၍....

"ဘယ်ဟုတ်ပါ့မလဲ... ကျွန်ုပ်းကို ဒီအတိုင်းလက်ပိုက်ကြည့်နေလို့ ဖြစ်ကိုမဖြစ်ဘူး၊ ကျွန်တော်တော့ဝင်လုမှာပဲ"

"ဒါဖြင့်လဲ မင်းနဲ့ငါ ဒီညသေသေရှာရှာဘိုင်ပင်ကြတာပေါ့"

သူတို့နှစ်ယောက် ပန်းခြံထဲမှထွက်လာခဲ့ကြလေသည်။

*(ပထမပိုင်း) ပြီး၏။*

*(ဒုတိယပိုင်း–ဓာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။*

BURMESE CLASSIC .com

www.burmeseclassic.com